

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃
ကြီးတော်
နတ်သမီးလေးနဲ့မြွေ/ကြီးတော်။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄၊
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးတော်

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။

# ဓမသနုလေကျော်အောင်

❖ အမျိုးသမီးတစ်ယောက်၏ အလှသည်
တဒင်္ဂပျော်ရွှင်မှုကို
ပြည့်ဝအောင် ရရှိစေသော်လည်း
တစ်ဘဝလုံးစာအတွက်တော့ မလုံလောက်ပါချေ
ဘဝတစ်သက်လုံး လက်တွဲသွားလျှင်တော့
ချစ်ခြင်းမေတ္တာပါမှ လုံလောက်ပါလိမ့်မည်။

❖ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းတို့သည်
ရည်ရွယ်ချက်တစ်ခုကို
ပေါက်မြောက်အောင်မြင်သည်အထိ
ဆောင်ရွက်နိုင်မှ
ရရှိနိုင်သော အရာများဖြစ်သည်။

❖ အတားအဆီးပြုနေတဲ့ အခက်အခဲဆိုတာ
အရည်အသွေးနဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုကို
စာမေးပွဲစစ်ဖို့ အဆင်သင့်စောင့်နေတဲ့
လှေကားထစ်တွေပါပဲ...။

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာလက်ဆောင်

- ကြောက်ရွံ့ခြင်းတွေကတော့
အများကြီးရှိကြပါတယ်
အဲဒီအထဲမှာ ချစ်သူကိုချစ်ရေးဆိုဖို့
ကြောက်ရွံ့နေရတာတောင် ပါပါတယ်
အကြောက်တရားတွေကို မကျော်နိုင်ခဲ့ရင်
ဘာမှရမှာ မဟုတ်ပါဘူး။

- လက်ထပ်လက်စွပ်ဆိုတာ သေးငယ်ပေမယ့်
ကွင်းတစ်ကွင်းပဲဖြစ်ပါတယ်၊
လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်အားလုံးကို
လက်စွပ်ကွင်းကလေးက ချုပ်ကိုင်ထားနိုင်ပါတယ်၊

- ပူလောင်သောအချစ်က လူတစ်ယောက်ရဲ့ဘဝနှင့်
အသက်အရွယ်ကို တိုတောင်းစေပေမယ့်
အေးမြတဲ့ မေတ္တာတရားကတော့
သာမန်ထက်ပိုပြီး အခွင့်အရေးရစေရန်
အကူအညီ ပေးနိုင်ပါတယ်၊

BURMESE CLASSIC .com

# မေတ္တာလက်ဆောင်

- ပညာရှိတစ်ယောက်သည်
ဆုံးရှုံးမှုနှင့် တွေ့သောအခါ
တတ်နိုင်သမျှ လူသိမခံပဲ အဖြေရှာသည်၊
လူမိုက်များကတော့ ထိုဆုံးရှုံးမှုကို
လူတိုင်းကို ပြောပြချင်နေသည်၊

- မေတ္တာတရားသည် နေနှင့်ပုံသဏ္ဌာန်တူ၏
ဘယ်တော့မှ လျော့ကျခြင်းမရှိပေ၊
အချစ်သည် လနှင့်ပုံသဏ္ဌာန်တူသည်၊
ပြည့်သည့်အခါ ပြည့်နေပြီး
လျော့သည့်အခါ လျော့နေတတ်သည်၊

- အောင်မြင်မှုနဲ့ အမြင့်ဆုံးရောက်ချင်ရင်တော့
သူများအရက်ဝိုင်း ထိုင်တဲ့အချိန်
သူများအိပ်မောကျနေတဲ့အချိန်မှာ
ဘဝအတွက် အကျိုးရှိမှာကို
ကျားကုတ်ကျားခဲ လုပ်နေဖို့ပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com

# စေတနာလေးကြိုဆောင်

❖ မစီးပဲငြိမ်နေတဲ့ရေဟာ
တစ်ချိန်ကျရင် ပုပ်သိုးတတ်ပါတယ်
အသုံးမချနိုင်တဲ့ အရည်အချင်းဆိုတာလည်း
မသုံးပဲထားတဲ့ ဓားသွားလိုပဲ တုံးနေတတ်ပါတယ်။

❖ အဖြေရှာမရတော့ဘူးဆိုရင် မျက်စိမှိတ်ထားပေးပါ
နားကိုတစ်လှည့် အလုပ်ပေးတဲ့အခါ တစ်ခါတစ်ရံ
အခြားသူတွေပြောတဲ့ အယူအဆကလည်း
သင်အလိုရှိတဲ့အဖြေကို ရစေနိုင်ပါတယ်။

❖ ပင်လယ်ပြင်ကတက်လာတဲ့
ဒီလှိုင်းတစ်လုံးဆိုတာ
ပင်လယ်ပြင်ကနေ ကမ်းပေါ်ကို
တွန်းတင်ပေးနိုင်သလို
ကမ်းပေါ်ရောက်နေသူကိုလည်း
ပင်လယ်ထဲရောက်အောင်
ပြန်ဆွဲယူသွားတတ်ပါတယ်။

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ကာဝေမြောင်မှနဂါးပျံဆရာကျော်၊ |
| အခန်း(၂) | နဂါးပျံဆရာကျော်နှင့်ပဟေဠိပုစ္ဆာ၊ |
| အခန်း(၃) | သောကမြစ်ပင်လယ်ထဲကလှူ၊ |
| အခန်း(၄) | နှစ်ပေါင်းတစ်ရာကျော်ကဘုရားဖူးခရီး၊ |
| အခန်း(၅) | ဘဝဖြင့်ရင်းရသောအပေးအယူ၊ |
| အခန်း(၆) | နှင်းမှုန်များကြားမှမအေးမြသောဘဝများ၊ |
| အခန်း(၇) | ဂန္ဓာရီလမ်းမှပုဝ္ဂိုလ်ထူး၊ |
| အခန်း(၈) | ကျီးကန်းပါးစပ်ဝမှဆန်းကြယ်မှုများ၊ |
| အခန်း(၉) | နီမောင်နှင့်ဆန်းကြယ်သောအတွေ့အကြုံများ |
| အခန်း(၁၀) | ကျိုက်ထီးရိုးတောင်ပေါ်မှခရီးဖော်သုံးဦး၊ |
| အခန်း(၁၁) | နဂါးပျံဆရာကျော်နှင့်ပညာပြိုင်ပွဲ၊ |
| အခန်း(၁၂) | တန်ခိုးကြီးသောနတ်နဂါးမျိုးနွယ်များ၊ |
| အခန်း(၁၃) | နဂါးတစ်ပိုင်းလူတစ်ပိုင်းမျက်နှာ၊ |
| အခန်း(၁၄) | ဆေးဂဠုန်နှင့်နဂါးအမြုတေရရှိခြင်း၊ |
| အခန်း(၁၅) | တောင်ဟုန်ပြင်းလျက်ဆေးဂဠုန်စက်၊ |
| အခန်း(၁၆) | သတို့သားပြောင်းလိုက်ရသောမင်္ဂလာပွဲ၊ |


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁]

# ဂဝေမြောင်းမှ နဂါးပျံဆရာကျော်

တစ်နေ့သ၌ ကျိုက်ထီးရိုးတောင်ခြေ၌ရှိသော တောအတွင်း၌ လူတစ်စု ရေးကြီးသုတ်ပျာ အမူအရာဖြင့် တောင်ခြေဘက်သို့ ဆင်းလာနေကြသည်။

စုစုပေါင်းငါးယောက်ဖြစ်ပြီး လူတစ်ယောက်ကို စောင်ကြမ်းတစ်ထည် ပုခက်လုပ်ထားသော အတွင်းသို့ထည့်ပြီး ထမ်းသူလာကြခြင်းဖြစ်သည်။

စောင်ပုခက်ထဲမှာ သတိမေ့နေသော လူတစ်ယောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မြွေကိုက်ခံထားသော လူနာတစ်ယောက်ပင်ဖြစ်သည်။ မြွေကိုက်ခံရသော ခြေထောက်တစ်ဝိုက်မှာ ညိုမည်းနေချေပြီ။

"မြန်မြန်လုပ်ကြဟေ့၊ အချိန်မီ ဆရာနဲ့တွေ့မှပဲ အသက်ချမ်းသာရာရမယ်"

ထိုသို့ပြောသော်လည်း ကျန်သုံးယောက်ကတော့ စိတ်ထဲမှာ အားမရှိလှပေ။

၎င်းတို့သည် ညောင်ပင်သာရွာသားများဖြစ်ပြီး တောင်ပေါ်သို့ အထမ်းလိုက်ခြင်း၊ တောပေါ်တက်ပြီး ဝါးခုတ်ခြင်း၊ အခြားအသီးအနှံ ရှာဖွေခြင်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်သည်။

ယခုလည်း တောထဲဝင်ကာ ဝါးခုတ်နေရင်းနှင့် လူတစ်ယောက်ကို မြွေကိုက်ခံရသောကြောင့် ချက်ချင်းပြန်ဆင်းလာကြခြင်းဖြစ်သည်။

အချိန်မှာ (၁၉၁၈)ပြည့်နှစ် (၁၂၆၀)ခုနှစ် ဝန်းကျင်ဖြစ်ရာ ယခုကာလနှင့်ဆိုပါက နှစ်ပေါင်းတစ်ရာကျော်အချိန်လောက်ကပင်ဖြစ်သည်။

ထိုအချိန်က ယခုမြင်တွေ့နေသော အခြေအနေမျိုးမဟုတ်ပဲ ကျိုက်ထိုမြို့ တစ်ဝိုက်သာ လူနေအိမ်ခြေများပြီး အခြားနေရာများမှာတော့ ရွာငယ်ကလေးအချို့သာရှိပြီး နေရာအနှံ့ သစ်တောများသာ ဖုံးလွှမ်းနေကြလေသည်။

ထိုအချိန်က ကျိုက်ထီးရိုးစေတီတော်ရှိသော တောင်





တန်းကြီးအပါအဝင် တောင်တန်းများပေါ်မှာတော့ နေသူမရှိကြပေ။

အချို့တောင်တန်းများပေါ်မှာတော့ တရားအားထုတ်နေကြသော ပုဂ္ဂိုလ်အချို့တော့ရှိကြသည်။

အတော်များများမှာတော့ ဘုန်းကြီးနှင့် ရသေ့တို့ဖြစ်ကြသည်။

ကျိုက်ထီးရိုးတောင်နှင့် အခြားတောင်တန်းများပေါ်မှာလည်း သီလရှိသူမဟုတ်ပါပဲနှင့် အခြားသူများ မနေနိုင်ကြပေ။

နေလျှင်လည်း သိုက်စောင့်များ၊ ဘုမ္မိယပုဂ္ဂိုလ်များ၊ ပရလောကသားများ နှောင့်ယှက်သဖြင့် ချက်ချင်း ပြန်ဆင်းကြရသည်က များလေသည်။

အချို့ဆိုလျှင် အသက်ဘေးအန္တရာယ်နှင့်တွေ့ပြီး သေကြေပျက်စီးကြရလေသည်။

သီလစောင့်ထိန်းကြသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များကတော့ ထိုတောင်တန်းများပေါ်၌နေပြီး တရားအားထုတ်ကြရသည်မှာ များစွာအဆင်ပြေကြသည်။

အချို့လည်း ဂူပေါက်များအတွင်း၌ ဝင်နေကြသည်။

အချို့လည်း ယာယီတဲများ ဆောက်နေကြသည်။

အချို့ပုဂ္ဂိုလ်တို့နေသော ကျောက်ဂူများမှာ အပေါ်မှာ ခေါ်ဝဲ အောက်ဖက်ကျောက်တောင်နံရံများမှာရှိသဖြင့် အပေါ်မှ နွယ်ကြိုးများကို အသုံးပြုကာ ဆင်းကြတက်ကြရသည်။

ထိုနေရာတစ်ဝိုက်မှာရှိသော တောင်တန်းများပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရေထွက်သောနေရာများ ပေါ်သကဲ့သို့ သီးပင်စားပင်တို့ ပေါ်များလှသည်။

အများအားဖြင့်တော့ ပိန္နဲပင်၊ သရက်ပင်၊ မရမ်းပင်၊ ဒညင်းပင်၊ ဒူးရင်းပင်နှင့် ငှက်ပျောပင်တို့ နေရာအနှံ့အပြား၌ ရှိကြလေရာ တရားအားထုတ်သူတို့အတွက် ရေနှင့်ရိက္ခာအတွက် မပူပန်ကြရပေ။

ကျိုက်ထီးရိုးတောင်ကြီး၏ အနောက်ဘက်ယွန်းယွန်းမှာ ရသေ့ခိုတောင် ရှိပါသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာလောက် ထိုတောင်ထိပ်ပေါ်မှာ သတင်းသုံးသွားသော ဆရာတော်ကြီးတစ်ပါး ရှိခဲ့ဘူးသည်။ ပထမတော့ ထိုတောင်ထိပ်ပေါ်မှာ ဆရာတော်ကြီးတစ်ပါးရှိနေသည်ကို မသိကြပေ။

နောက်တော့ မုဆိုးတစ်ယောက်က တွေ့မြင်သွားရာမှ ဆရာတော်ကြီးတစ်ပါး ရှိနေကြောင်း သိကြရသည်။

နောက်ပိုင်းတွင် တောင်ခြေမှရွာသူရွာသားများ တက်ရောက်ဖူးမြော်ကြသဖြင့် လမ်းပေါက်သွားခဲ့သည်။

တောင်ခြေမှတက်လျှင် ခုနစ်နာရီ၊ ရှစ်နာရီကြာအောင် တက်မှရောက်သည်။

တောင်ထိပ်မှာ သိပ်မကျယ်လှပေ။

သို့သော် ထိုတောင်ထိပ်ပေါ်မှာ၊ ပိန္နဲပင်၊ သရက်ပင်၊ ဒညင်းပင်၊ မရမ်းပင်၊ ကဲ့ကော်ပင်၊ ခရေပင်တို့များစွာရှိပြီး သာယာသောနေရာဖြစ်သည်။





ရေကလည်း ထိုတောင်ထိပ်ပေါ်မှာပင် ရလေသည်။

ဆရာတော်ကြီး ထိုတောင်ထိပ်ပေါ်ရောက်စက သိုက်စောင့်များ၊ ပရလောကသားများ၏ အနှောင့်အယှက်ပေးခြင်းကို အတော်ကလေး ခံရလေသည်။

နောက်ပိုင်းမှာတော့ တစ်ဦးနှင့်တစ်ဦး အပေးအယူပြုလုပ်ပြီးမှ နေထိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

နောက်တော့ တောင်ထိပ်ပေါ်မှာ ဂူငယ်ကလေးများပြုလုပ်ပြီး တစ်ပါးတည်း သီတင်းသုံးနေထိုင်ကာ တရားအားထုတ်ခဲ့သည်။ ထိုသို့ တရားအားထုတ်နေသော ကာလများမှာ ကျိုက်ထီးရိုးဘိုးဘိုးကြီးက မကြာခဏရောက်လာကာ အကူအညီပေးခဲ့သည်ဟု သိရသည်။

ရသေ့ခိုတောင်ထိပ်မှ မျှော်ကြည့်ပါက အရှေ့မြောက်ဘက်ယွန်းယွန်းမှာ ကျိုက်ထီးရိုးစေတီတော်ကို ဖူးမြင်နိုင်သည်။ ညအချိန်ရောက်ပါက စေတီတော်ကို မီးပူဇော်ထားသည်ကိုပင် ဖူးမြင်ရလေလည်း။

(၁၉၉၀)ပြည့်နောက်ပိုင်း ရသေ့ခိုတောင်ထိပ်ပေါ်မှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအဖွဲ့ သာသနာပြုလုပ်ငန်းများဆောင်ရွက်ခဲ့သည့်အချိန်မှာ ထိုအကြောင်းများကို သိခဲ့ရသဖြင့် ပြန်လည်ဖော်ပြပေးပါဦးမည်။

တစ်နေ့သ၌ ရသေ့ခိုတောင်ဆရာတော်ကြီးတစ်ပါးတည်း ပုတီးစိပ်နေသောနေရာသို့ အဖိုးကြီးတစ်ယောက်ရောက်လာပြီး ဆရာတော်ကြီးရှေ့မှာ ထိုင်ကာ ကန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီးက ဘယ်ကလာတာလဲ"

"ကျိုက်ထီးတောင်ကလာတာပါ ဘုရား"

"ဒကာကြီးက ဘယ်သူလဲ"

"ကျိုက်ထီးရိုးတောင်ကို စောင့်ရှောက်နေတဲ့ ဘိုးဘိုးကြီး ပါဘုရား"

"ဘာအတွက်လာတာလဲ"

"ဆရာတော်ကြီးကို အကူအညီပေးဖို့ပါဘုရား . . ဒီတောင်မှာ သီတင်းသုံးရတာ အဆင်ပြေပါရဲ့လား ဘုရား"

"အနှောင့်အယှက်ပေးတာလေးတွေတော့ ရှိပါတယ်"

"တပည့်တော်လည်းသိပါတယ်ဘုရား၊ ဒါကြောင့် သူတို့ကိုမေတ္တာရပ်ခံပေးထားပါတယ်"

"သာဓု . . သာဓု . . သာဓု . ."

"နောက်ထပ်လျှောက်ထားစရာလည်း ရှိပါသေးတယ် ဘုရား"

"ပြောပါဒကာကြီး"

"တခြားတော့မဟုတ်ပါဘူး၊ အရှင်ဘုရား ဒီတောင်ပေါ်မှာပဲ အမြဲသတင်းသုံးပေးပါဘုရား၊ တပည့်တော်ကလည်း အကူအညီပေးပါ့မယ်"

ဆရာတော်ကြီးက ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် ကျိုက်ထီးရိုးဘိုးဘိုးကြီးက ကန်တော့ပြီး ပြန်သွားလေသည်။

နောက်ပိုင်းမှာတော့ ဆရာတော်ကြီး တရားအားထုတ်





နေသော အချိန်တွင် အနှောင့်အယှက်များ မတွေ့ရတော့ပေ။

ထို့ပြင် အမျိုးသမီးအချို့ရောက်လာပြီး ဆေးဝါးနှင့် အစားအသောက်အတွက် အသီးအနှံများလာရောက် ကပ်လှူကြလေသည်။

"ဒါက ကျိုက်ထီးရိုးတောင်နဲ့ ပုပ္ပားတောင်မှာပဲရှိတဲ့ ကင်ပလင်းနက်၊ အပင်နဲ့ ဥပါဘုရား၊ ဆေးဝါးအဖြစ် သုံးစွဲပါက မည်သည့် ရောဂါမျိုးမှ မကပ်ရောက်နိုင်ပါဘုရား"

ထိုကဲ့သို့ လာရောက်ကပ်လှူကြသဖြင့် ဆရာတော်ကြီးလည်း ယခင်ကလို သစ်သီးရှာထွက်စရာမလိုတော့ပဲ တရားအားထုတ်မှုကို ဖြောင့်ဖြောင့်လုပ်နိုင်တော့သည်။

နောက်ပိုင်းမှာ တရားအားထုတ်ရန်အတွက် ဂူပေါက်ငယ်များပြုလုပ်ထားရာ ညအချိန်တွင် ကျား၊ ကျားသစ်နှင့် မြွေကြီးများ လာရောက်နေကြသည်။

ဆရာတော်ကြီး ဂူပေါက်တစ်ခုအတွင်းမှာနေလျှင် အခြားသော တိရစ္ဆာန်များက အခြားဂူပေါက်များအတွင်း၌ ဝင်နေသည်မျိုးရှိလေသည်။

နောက်ပိုင်း တောင်ခြေရွာဖျားမှ လူအချို့မကြာခဏ ရောက်လာကြပြီး ဆရာတော်ကြီးအတွက် ဆန်၊ ဆီ၊ ဆေး၊ ဆားစသည့်အသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းကြသည်။

တောင်ခြေမှ လူများရောက်လာတော့မည်ဆိုလျှင် ဂူပေါက်များအတွင်း၌ တိရစ္ဆာန်များဝင်ရောက် အိပ်နေပါက ဆရာတော်ကြီးက မေတ္တာရပ်ခံပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြာခင် တောင်ခြေကလူတွေ ရောက်လာတော့မယ် မင်းတို့က တောထဲမှာ သွားနေကြဦး၊ တောင်ပေါ်လာတဲ့လူတွေကိုလည်း အန္တရာယ်မပေးကြနဲ့"

ဟု မိန့်ကြားလျှင် စကားကိုနားလည်ကြသကဲ့သို့ တောထဲဝင်သွားကြလေသည်။

တောင်ပေါ်တက်လာသူများကိုလည်း အန္တရာယ်မပေးကြပေ။ ထိုအချိန်က တောင်ပေါ်တက်လာသူများအား တောင်ပေါ်မှာ ညအိပ်ခွင့်မပြုပေ။

ဆရာတော်ကြီးက ခွင့်မပြုခြင်းမဟုတ်ပဲ တောင်ပေါ်မှာရှိကြသော သိုက်စောင့်နှင့် ပရလောကသားများက နေခွင့်မပေးကြခြင်းဖြစ်၏။

လူများက ဆရာတော်ကြီးကို ဖူးချင်လျှင် နံနက်စောစောတောင်ပေါ်တက်ပြီး ဖူးကြသည်။

ညနေပိုင်းအချိန်ရောက်ပါက ပြန်ဆင်းသွားကြသည်။ ညအချိန်ရောက်၍ လူများမရှိတော့ပါက တောတိရစ္ဆာန်များက ဂူပေါက်များအတွင်း ဝင်ရောက်ပြီး နေမြဲနေကြသည်။

နောက်ပိုင်းမှာတော့ ရသေ့ခိုတောင်ကိုအကြောင်းပြုပြီး ဆရာတော်ကြီးကို ရသေ့ခိုဆရာတော်ကြီးဟု ခေါ်ကြသည်။

ကျိုက်ထီးရိုးတောင်နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ရှိကြသည့် တောင်တန်းများပေါ်မှာ ရသေ့ခိုဆရာတော်ကြီးကဲ့သို့ လူမသိသူမသိအောင်နေပြီး တရားအားထုတ်နေကြသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ များစွာရှိကြပေသည်။





ထိုပုဂ္ဂိုလ်တို့ကိုတော့ ဥစ္စာစောင့်များ၊ ပရလောကသားများက ရောက်စတွင် အနှောင့်အယှက်ပေးကြသည်ဆိုသော်လည်း ၎င်းတို့နှင့်သင့်မြတ်ပါက အနှောင့်အယှက်မပေးကြတော့သည့်အပြင် အကူအညီများပင် ရကြလေသည်။

၎င်းတို့ပေးသော အကူအညီများမှာ သာမန်လူသားတို့ မပေးနိုင်ကြသည့် အကူအညီများပင်ဖြစ်ပေသည်။

ရှေးအခါက ကျိုက်ထီးရိုးတောင်တစ်ကြောနှင့် အခြားတောင်ကြောများပေါ်တွင် တရားအားထုတ်သူအချို့သာ နေကြပြီး အခြားသူများကတော့ မနေကြပေ။

တောတောင်ထူထပ်သည့်အပြင် သားရဲတိရစ္ဆာန်တို့လည်း ပေါများသောကြောင့် ဖြစ်သည်။

ကျား၊ ကျားသစ်၊ မြွေဆိုးများနှင့် ဝက်ဝံများပေါလှသောကြောင့် တောင်ပေါ်သို့ တက်ကြသူတို့မှာ ထိုတောတိရစ္ဆာန်တို့နှင့်ဆုံပြီး တိုက်ခိုက်ခြင်းခံကြရသည်။

ယခုလည်းတောင်ခြေမှာရှိသော ညောင်ပင်သာရွာသား ငါးယောက်တို့မှာ တောင်ပေါ်တက်ပြီး ဝါးခုတ်ကြရာမှ တစ်ယောက်မှာ မြွေကိုက်ခံရသဖြင့် စောင်ကို ပုခက်ပြုလုပ်ပြီး ပြန်ဆင်းလာကြခြင်းဖြစ်သည်။

အချိန်ကလည်း ညနေပိုင်းအချိန်သို့ ရောက်နေချေပြီ၊ နေလုံးက အနောက်ဘက်တောင်တန်းများပေါ်မှာ မေးတင်စပြုနေပြီဖြစ်သောကြောင့် တောထဲမှာ နေရောင်ခြည်မရှိတော့ဘဲ အမှောင်ရိပ်များ ကျစပြုလာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မျိုးတွင် တောထဲ၌ သွားလာကြရသည်မှာ အန္တရာယ်များလှသည်။

တောကောင်ကြီးများနှင့် တွေ့နိုင်သလို ပရလောကသားများနှင့်လည်း တွေ့နိုင်ကြပေသည်။

မတတ်နိုင်တော့ပေ။

ပိုးထိထားသူကို အသက်မီလိုမီငြား ဇောတင်ကာခပ်သုတ်သုတ်ဆင်းလာကြခြင်းဖြစ်၏။

လူနာကို နှစ်ယောက်တစ်လှည့်စီ ထမ်းလာကြခြင်းဖြစ်သည်။

"နီမောင် အခြေအနေဘယ်လိုလဲ"

ရှေ့မှထမ်းနေသော ငတုတ်ကမေးလိုက်သည်။

"အသက်ရှိသေးတယ်တော့ ထင်တာပဲ"

"ရွာရောက်တဲ့အထိ ခံပါ့မလား"

"ဒါကတော့ ကံတရားပဲပေါ့၊ ငါတို့က ဘာတတ်နိုင်ပါ့မလဲ"

"ရွာမှာကော ဆေးဆရာရှိပါ့မလား"

"တခြားထွက်ပြီး ဆေးကုမနေရင်တော့ တွေ့ရမှာပါ"

"အေးကွာ သနားဖေအသက်ကို ကယ်နိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

ဟုပြောရင်းနှင့် ဆင်းလာကြသည်။

တောထဲမှာလည်း ဖြစ်ပြန်၊ တောင်ဆင်းတောင်တက်နေရာများကလည်း ရှိနေသဖြင့် လူလွတ်ပင်လျှင် ခက်ခက်ခဲခဲ





ဆင်းတက်သွားလာနေကြရာ အထမ်းနှင့်ဆိုတော့ ခရီးမတွင်လှပေ။

အချို့တောင်ဆင်းများမှာ မတ်စောက်လှသောကြောင့် ခက်ခက်ခဲခဲနှင့် ဆင်းကြတက်ကြရသည်။

တစ်နေရာအရောက်တော့ တောထဲမှ စကားပြောသံအချို့ကြားရပြီးနောက် ခဏကြာသောအခါ တောထဲမှာ မိန်းမနှစ်ယောက်ထွက်လာကြသည်။

တစ်ယောက်က အသက်လေးဆယ်ကျော်ခန့်ရှိပြီး ကျန်တစ်ယောက်ကတော့ အသက်နှစ်ဆယ်ဝန်းကျင်လောက်သာရှိသေးသည်။ နှစ်ယောက်စလုံး ကရင်တိုင်းရင်းသားများ ဝတ်ဆင်လေ့ရှိသော အင်္ကျီလုံချည်တို့ကို ဝတ်ဆင်ထားကြသည်။

"ဘာဖြစ်လာကြတာလဲရှင်"

အမျိုးသမီးငယ်က သွက်လက်စွာမေးလိုက်သည်။

"ပိုး. . ပိုးထိလာလို့ဗျ"

"ဟာ. . ဟော့ကောင်"

သာလှက အမှန်အတိုင်းပြောလိုက်သဖြင့် နီမောင်က သမ်းဟန့်လိုက်သေးသည်။

တောထဲမှာ တစ်စုံတစ်ခုဖြစ်လာလျှင် လမ်းမှာ ကိုယ်နှင့်မသိသောသူကမေးပါက ဘာမှပြန်မပြောရပေ။

ပြောမိပါက အပမီတတ်သည်ဟု တောတက်သူများက အယူအစွဲရှိကြသည်။

"ပိုးထိတဲ့လူနာကို တောင်ခြေအထိ သယ်သွားရင်မီမှာ



www.burmeseclassic.com

www.burmeseclassic.com



မတော်တော့ဘူး၊ ဟိုဘက်နားမှာ ကျွန်မတို့နေတဲ့ တဲရှိတယ်. . ကျွန်မတို့အဘိုးက မြွေဆိပ်နိုင်တယ်၊ သူကုပေးရင် မပျောက်တာ သိပ်မရှိဘူး"

ထိုစကားကြားသောအခါ နီမောင်မှလွဲပြီး ကျန်သုံးယောက်က စိတ်ဝင်စားသွားကြသည်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်းနှင့် နီမောင်ကိုမေးလိုက်သည်။

"ဘယ်လိုလုပ်မလဲ နီမောင်"

"လမ်းမှာ အချိန်သိပ်ကြာနေလို့မဖြစ်ဘူး တောင်ခြေပဲဆင်းကြရအောင်"

ဟု ပြောသဖြင့် ကျန်သုံးယောက်မှာ ချီတုံချတုံဖြစ်သွားကြသည်။

"ဒီ. . . ဒီမှာ အချိန်ရှိတုန်း"

"မဖြစ်ဘူးသာလှ ငါတို့သွားကြရအောင်"

နီမောင်က ပြောသောအခါ ထိုအမျိုးသမီးက တားပြန်သည်။

"ရှင်တို့ကို စေတနာနဲ့ပြောတာ ရှင်တို့လူနာက အသက်ဝင်နေပြီ တောင်ခြေရောက်တဲ့အထိခံမှာ မဟုတ်တော့ဘူး၊

ဒီကစေတနာနဲ့ပြောနေတာ၊ ဒီမှာတင်ကုသွားတာကမှ ကံကောင်းရင်အသက်ပြန်ရှင်လာဦးမယ်"

ဟုပြောနေရာ နီမောင်ပင် စိတ်ထဲမှ ဇဝေဇဝါဖြစ်သွားမိသေးသည်။





နောက်မှစိတ်ကို ယတိပြတ်ဆုံးဖြတ်ပြီး ရှေ့သို့ဆက်သွားရန် ပြင်လေသည်။

ကျန်သုံးယောက်ကလဲဘာမှ ထွေထွေထူးထူးထပ်မပြောတော့ပဲ လူနာကို ထမ်းပြီးလိုက်လာကြသည်။

ထိုမိန်းမနှစ်ယောက်ကတော့ ဘာမှထပ်မပြောတော့ပဲ အနောက်ဘက်မှ မကျေမနပ် အမူအရာမျိုးဖြင့် ခါးထောက်ပြီး ကြည့်နေကြလေတော့သည်။

"မင်းဘာဖြစ်လို့ ဟိုမှာဆေးမကုရတာလဲ နီမောင်"

"ငါစိတ်ထဲမှာ သူတို့ကို သိပ်ပြီးမသင်္ကာဘူး၊ သူတို့ခေါ်တဲ့နေရာလိုက်သွားရင် လူနာသေမယ်လို့ချည်း ထင်နေတယ်"

ထိုအခါဘာမှ မပြောကြတော့ပဲ တောင်ခြေရောက်အောင်ဆင်းလာရာ ညနေပိုင်းအချိန်တွင် ညောင်ပင်သာရွာသို့ ပြန်ရောက်ကြသည်။

သို့သော် မြွေဆရာဦးမိုးညိုက ရွာ၌မရှိပေ။

ထို့ကြောင့် အခက်ကြုံနေကြစဉ်. . ဘောင်းဘီ၊ အင်္ကျီအနက်ရောင်များဝတ်ထားပြီး သျှောင်တစောင်းထုံးကာ ပဝါအနက်ဖြင့်ခေါင်းပေါင်းထားသော လူတစ်ယောက်ရောက်လာလေသည်။

အသက် (၃၀)ဝန်းကျင်အရွယ်ခန့်ပင် ရှိသေးပြီး ပခုံးဆက်မှာ လွယ်အိတ်တစ်လုံးလည်း ပါလာသည်။

မျက်နှာပေါ်မှာ နှုတ်ခမ်းမွေးရေးရေးရှိပြီး ဥပဓိရုပ်ဆောင်းသူတစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပိုးထိတဲ့လူနာရှိတယ် သတင်းကြားလို့ ဝင်ကြည့်တာပါ"

"ဟုတ်ပါတယ် ဒီမှာပါ. . ကြည့်ပါဆရာ. ."

"နံဘေးမှာဝိုင်းနေတဲ့လူတွေ ဘေးဖယ်ပေးပါ. . အိမ်ပေါက်ကိုလည်းပိတ်မထားကြပါနဲ့ ဖွင့်ထားပေးပါ"

ဟုပြောသဖြင့် ဝိုင်းကြည့်နေသူများက ဖယ်ပေးကြသည် တံခါးပေါက်ဝကိုလည်း ဖယ်ပေးထားကြသည်။

ထိုအခါ ဆရာဆိုသူက လူနာခေါင်းရင်းမှာ ထိုင်ကာ အခြေအနေကိုကြည့်သည်။

ပြီးမှ ကိုယ်ပေါ်သို့ လက်ဖြင့်သပ်ချပေးသည်။

"လမ်းမှာ ဘာထူးခြားမှု တွေ့ခဲ့ကြသလဲ"

နီမောင်က အနည်းငယ် စဉ်းစားပြီးမှ. . . .။

"မိန်းမနှစ်ယောက်က ဆေးကုပေးမယ်ဆိုပြီး ထွက်ခေါ်တယ်"

ဟုပြောလိုက်သည်။

"မဝင်ခဲ့ဘူး မဟုတ်လား"

"မဝင်ခဲ့ပါဘူး ဆရာ. ."

"ဒါကြောင့်ကံကောင်းတာ. . တကယ်လို့ဝင်မိရင် အသက်မပါလာနိုင်တော့ဘူး၊ ကိုင်း. . ဖလားတစ်လုံး ယူခဲ့ပါ၊ ရေနည်းနည်းလည်းထည့်ခဲ့ပါ. ."

ဟုပြောသဖြင့် တစ်ယောက်က ရေခွက်ထဲမှာ ရေနည်းနည်းထည့်ကာ ယူလာပေးလေသည်။





ဆရာက ထိုရေခွက်ကို မြွေကိုက်ဒဏ်ရရှိသော နေရာအနီးမှာချကာ လွယ်အိတ်ထဲမှ သက်ရွက်တစ်ရွက်ကို ထုတ်ပြီး ဒဏ်ရာပေါ်သို့ ကပ်ပေးထားလိုက်သည်။

ထိုအချိန်မှာ သူကမျက်စိမှိတ်ထားပြီး တစ်စုံတစ်ခုကို မန်းမှုတ်ရွတ်ဆိုနေသည်။

ခဏကြာတော့ သက်ရွက်ကပ်ထားသော ဒဏ်ရာ နေရာမှ နီညိုရောင်နှင့် အမည်းရောင်များ ရောနှောလျက်ရှိသော အဆိပ်ရည်များ စိမ့်ထွက်လာပြီး ရေခံထားသော ဖလားအတွင်းသို့ ကျလေသည်။

ရေက ချက်ချင်း အမည်းရောင် ဖြစ်သွားလေသည်။

ဒဏ်ရာမှ အညိုရောင် အမည်းရောင် အရည်များ စိမ့်ထွက်နေစဉ် ကပ်ထားသော သစ်ရွက်က ကော်ဖြင့်ကပ်ထားသကဲ့သို့ ကွာကျမသွားပေ. .။

ကြည့်နေရင်းမှာပင် လူနာ၏ ပါးစပ်ထဲမှာ နှာခေါင်းထဲမှ အမြှုပ်များ အန်ထွက်လာသည်။

ထိုအမြှုပ်များ ထွက်သွားပြီးနောက် လူနာက အသက်ပြန်ရှူလာသည်။

ခြေထောက်ဒဏ်ရာမှာ ကပ်ထားသော သစ်ရွက်မှာလည်း သွေးဝသွားသော မျှော့တစ်ကောင်ကဲ့သို့ ဖပ်ခနဲ ကွာကျသွားသည်။ ဒဏ်ရာမှ အဆိပ်ရည်များ မထွက်တော့ပေ။

ခဏကြာ. . တအင်းအင်း တအဲအဲနှင့် သတိပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . သန်းဖေ မသေတော့ဘူး၊ သတိရလာပြီ. ."

ဟုဝမ်းသာအားရ ဝိုင်းပြောကြသည်။

ဆေးကုပေးသော ဆရာလည်း သူ့ကိစ္စပြီးပြီဖြစ်သော ကြောင့်. . မြွေဆိပ်ကုသော သစ်ရွက်ကလေးကို လွယ်အိတ်ထဲ ပြန်ထည့်ပြီး နေရာမှထလေသည်။

"သူမသေတော့ပါဘူး"

ဟု တစ်ခွန်းသာပြောပြီး အိမ်အပြင်သို့ထွက်သွားရာ နီမောင်က နောက်မှ လိုက်သွားလေတော့သည်။

"ဆရာ. . ခဏနေပါဦး အခုလိုအသက်ချမ်းသာရာ အောင်ကုသပေးတာ ကျေးဇူးတင်ပါတယ် ဆရာရယ်၊ သူ့မှာ ဆရာပေးထားတဲ့အသက်ပဲ ရှိပါတော့တယ်၊ ဆေးဖိုးဝါးခ ပေး ရစေ. . ."

"မလိုပါဘူးကွာ၊ ငါက မင်းတို့ပင့်တဲ့ ဆရာတစ်ယောက် မှမဟုတ်တာ၊ နောက်ပြီး ကြုံကြိုက်လို့ ဝင်ပြီးအကူအညီပေး တာပဲ ဆေးဖိုးဝါးခ ပေးစရာမလိုပါဘူး"

ဟုပြုံး၍ပြောသည်။

"ဒါဖြင့် ဆရာနာမည်နဲ့ ဘယ်မှာနေတယ် ဆိုတာကို လည်း တစ်ဆိတ်လောက် ပြောပြခဲ့ပါဦး"

"ငါနာမည်က နဂါးပျံဆရာကျော်လို့ခေါ်တယ် နေတာ ကတော့ ကဝေမြောင်ရွာမှာနေတယ်"

ဟုပြောသည်။

နီမောင်တို့နေသော တောင်ခြေတစ်ဝိုက်မှာ ပိန္နဲမြောင်





အင်းကြင်းမြောင်၊ စသောနေရာများရှိသော်လည်း သူပြောသော ကဝေမြောင်ဆိုတာတော့ မကြားဖူးသေးပေ။

"ကဝေမြောင်ရွာက ဘယ်နေရာမှာရှိတာလဲဆရာ. . နောက်လည်းအကြောင်းရှိရင် ဆရာ့ဆီကိုလာချင်လို့ပါ"


"မင်းတို့နေတဲ့နေရာနဲ့ မဝေးလှပါဘူး၊ နောက်တော့ သိရမှာပေါ့ကွာ. ."

ဟုပြောဆို နှုတ်ဆက်ကာ ထိုနေရာမှ ထွက်သွားလေ တော့သည်။ နီမောင်လည်း အမှောင်ရိပ်သမ်းနေပြီးဖြစ်သော လမ်းအတိုင်း လွယ်အိတ်တစ်လုံးလွယ်ကာ လျှောက်သွားသော နဂါးပျံဆရာကျော်ဆိုသူ၏ ကျောပြင်ကို လှမ်းကြည့်ရင်း သူ့ထံ မှာ အတွေးများစွာတို့ ကျန်နေခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၂]

# နဂါးပျံ ဆရာကျော်နှင့် ပဟေဠိပုစ္ဆာ

နီမောင်တို့ မိသားစုနေသောရွာမှာ ကင်ပွန်းစခန်း တောင်ခြေရွာလေး၌ ဖြစ်သည်။

ယခုအခါ မြို့လေးတစ်မြို့တမျှ စည်ကားနေပြီဖြစ်သည့် ကင်ပွန်းစခန်းမှာ ရှေးအခါကတော့ ဈေးသည်များ အထမ်းသည်များ စုဝေးနေထိုင်ကြသည့် ရွာငယ်လေးတစ်ရွာမျှသာ ဖြစ်သည်။ အများစုမှာတော့ ကရင်တိုင်းရင်းသားတို့များသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က တောင်ခြေ တောင်တက်လမ်းနှင့်နီးသော နေရာ၌နေကြပြီး၊ အချို့ကတော့ ချောင်းနှင့် မနီးမဝေးမှာ တဲအိမ်များဆောက်နေကြသည်။

ရှေးယခင်က နေထိုင်သူ မရှိလှသော်လည်း နောက်ပိုင်းတော့ ရွာတန်းရှည် ဖြစ်လာသည်။

ထိုနေရာတစ်ဝိုက်မှာ နေထိုင်ကြသူ အများစုကတော့ လက်လုပ်လက်စား ဆင်းရဲသားများကြသည်။

တောင်တန်းများပေါ်တက်ပြီး အမဲလိုက်သူ၊ ဆေးမြစ်ဆေးဥရှာဖွေသူ၊ အခြားသယံဇာတ ပစ္စည်းများကို ရှာဖွေရောင်းချသူ၊ ဘုရားဖူးလာသော ခရီးသည်တို့၏ အထုပ်အပိုး ပစ္စည်းများကို ဘုရားရင်ပြင်တော်ပေါ်ရောက်အောင် ထမ်းပိုးပေးသူ အများစုလည်း ရှိကြသည်။

အချို့လည်း ခြံစိုက်ပျိုးပြီး အသက်မွေးကြသည်။

ထိုဒေသတစ်ဝိုက်မှာ ရာသီဥတုနှင့် ရေမြေသဘာဝကောင်းသောကြောင့် သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်လေသည်။ ဒူးရင်းပင်၊ ပိန္နဲပင်၊ သရက်၊ မရမ်းပင်၊ ဒညင်းပင်ကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြသည်။

တောင်ခြေတစ်ဝိုက်မှာ နေထိုင်သူအများစုမှာ အထမ်းလိုက်သောအလုပ်ဖြင့် အသက်မွေးကြလေသည်။

တောင်ပေါ်တက်ပြီး သစ်ခုတ်၊ ဝါးခုတ်သူ၊ အမဲလိုက်သူတို့ကတော့ အနည်းငယ်သာ ရှိကြသည်။

အသီးအနှံစိုက်ပျိုးသော ခြံသမားများကတော့ အခြားအလုပ်မလုပ်ကြပဲ ခြံထွက်သီးနှံများကို ရောင်းချကာ တစ်နှစ်ပတ်လုံးစားသောက်ကြသည်။





မိမိတို့ခြံမှထွက်သော ရာသီပေါ် အသီးအနှံများကို ရည်းလျှင်တောင်ခြေမှာပင် ဘုရားဖူးလာသော ဧည့်သည်တို့ကို ရောင်းသည်။ များလျှင်တော့ လှည်းများဖြင့် ကျိုက်ထိုသို့ ပို့ရောင်းကြသည်။

ခြံစိုက်ပျိုးသူတို့မှာ လူနေတာက ရွာထဲမှာဖြစ်ပြီး၊ ၎င်းတို့ခြံများက ဝေးလှသော တောထဲ၌သော်လည်းကောင်း၊ တောင်စောင်းများပေါ်မှာသော်လည်းကောင်း ရှိသည်။

ထိုနေရာမှာ လူစောင့်မထားပေ။

အများအားဖြင့်တော့ ကရင်တိုင်းရင်းသားတို့ ပိုင်သော ခြံများပင်ဖြစ်သည်။

မိုးဦးကျရာသီတွင် အသီးအနှံလှိုင်လှိုင်ထွက်သော အ[illegible]ဖြစ်သည်။

ဒူးရင်း၊ မရမ်း၊ ပိန္နဲ၊ သရက်၊ စသောလူကြိုက်များလှသော အသီးအနှံတို့မှာ မိုးဦးကျရာသီရောက်မှ အထွက်များကြသည်။

ထိုရာသီရောက်တော့ ဘုရားဖူးများက မလာကြတော့ပေ။ ထိုအခါ ခြံထွက်အသီးအနှံများကို ကျိုက်ထို၊ ဘီးလင်း၊ အထိ[illegible] ရောင်းကြရသည်။

မိုးဦးကျရာသီမှာ ခြံစိုက်ပျိုးသူတို့ ဝင်ငွေများသော အ[illegible]လည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒူးရင်းသီးပေါ်ချိန်ရောက်လျှင် ဒူးရင်းခြံများထဲမှာ မှည့်ပြီးကြွေကျနေသော ဒူးရင်းသီးများရှိနေကြသည်။ ထိုအသီးအနံ့များကို ပိုင်ရှင်မှလွဲပြီး မည်သူမှ ဝင်မကောက်ဝံ့ကြပေ။

အချို့ပိန္နဲပင်များမှာ မှည့်ပြီး ရနံ့သင်းလှသော ပိန္နဲသီးများ အပြွတ်လိုက်ရှိနေသော်လည်း မည်သူမှ ဝင်မခူးဝံ့ကြပေ။

အဘယ်ကြောင့်ဆိုသော်. . .

ပိုင်ရှင်မရှိသော ခြံများအတွင်းမှ အသီးအနံ့တို့ကို ဝင်ရောက်ခိုးယူမိပါက အန္တရာယ်နှင့်တွေ့ပြီး သေကြရသည်။

အချို့က ထောင်ချောက်များ တပ်ဆင်ထားသည်။

အချို့က သရဲမွေးပြီး အစောင့်ထားသည်။

ထို့ကြောင့် လူနှင့်ဝေးသော ခြံများမှာ မှည့်ဝင်းနေသော အသီးအနံ့များကို အလွယ်တကူ တွေ့သော်လည်း မည်သူမှ ဝင်မယူဝံ့ကြပေ။

တစ်ခါက တောလိုက်မုဆိုး နှစ်ယောက်တို့မှာ တောလိုက်ရင်းနှင့် ဒူးရင်းခြံတစ်ခြံအနီးသို့ ရောက်သွားကြသည်။

ဒူးရင်းသီးပေါ်ချိန်ဖြစ်သောကြောင့် ဒူးရင်းသီးအနံ့များက ပတ်ဝန်းကျင်တစ်ဝိုက်သို့ မွှေးပြန့်လျက်ရှိသည်။

"ဟိုခြံထဲမှာ ဒူးရင်းသီးမှည့်တွေ ကြွေကျနေတယ် ဝင်ကောက်ရအောင်"

"မလုပ်နဲ့ ဒီခြံတွေမှာ အစောင့်ရှိတယ်"

"တောထဲမှာ ဘယ်သူမှမရှိပါဘူး"

"ငါပြောတာက မမြင်ရတဲ့ သရဲအစောင့်တွေ ရှိတယ်လို့





ပြောတာ"

"ဒါတွေသိပ်ယုံမနေစမ်းပါနဲ့ကွာ၊ အပင်ပေါ်တက်ခိုးတာမှမဟုတ်တာ ကြွေကျနေတဲ့ အသီးကောက်စားတာပဲ ဘာမှမဖြစ်ပါဘူး"

ဟုပြောပြီး တစ်ယောက်က ဒူးရင်းပင်များရှိသော ခြံထဲသို့ဝင်သွားလေသည်။

သူကဟိုဟို ဒီဒီကြည့်ပြီး ဘယ်သူမှ မတွေ့သောအခါ ကြွေကျနေသော ဒူးရင်းသီးကို ကောက်ယူလာသည်။

ထိုအခိုက်မှာပင် အပင်ပေါ်မှ နောက်ထပ်တစ်လုံးက ကြွေကျလာရာ သူရှိနေသောဘက်သို့ စင်ထွက်လာသည်။

ထိုသူက လှည့်ကြည့်သောအခါ အရှိန်ဖြင့် လွင့်စင်လာသောဒူးရင်းသီးက မျက်နှာကို တည့်တည့်ထိမှန်လေတော့သည်။

"ဘုန်း"

"အောင်မယ်လေးဗျ. . သေပါပြီ"

တစ်ချက်သာအော်ပြီး ပက်လက်လန်ကျသွားလေတော့သည်။ အဖော်ဖြစ်သူက ကပျာကယာပြေးသွားပြီး ပွေ့ယူလိုက်သောအခါ မျက်နှာပြင်တစ်ခုလုံး ဆူးရာများဖြင့် သွေးချင်းချင်းနီနေပြီ သတိမရတော့ပေ။

အချို့ကတော့ ထိုအကြောင်းများကို ကောင်းစွာသိထားကြသဖြင့် ဘယ်တော့မှ ခြံထဲမဝင်ကြပေ။

မသိပဲနှင့် ခြံထဲဝင်သွားသောကြောင့် သရဲသတ်၍သေသောသူများလည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ခြံရှင်များက ခြံတောင့်လေးနေရာတွင် စပါးလင်ကို သွေးလောင်းစိုက်ကာ သရဲမွေးပြီး အစောင့်ထားကြသည်။

ထိုကဲ့သို့ပြုလုပ်ထားသည်ကို. . .

"စပါးလင်သွေးလောင်း သရဲအောင်း"ဟု ခေါ်ကြလေသည်။ အချို့ခရီးသွားများကတော့ ထိုအကြောင်းများကိုသိသဖြင့် အန္တရာယ်ကင်းစွာဖြင့် ဒူးရင်းသီး၊ ပိန္နဲသီး စားရအောင် လုပ်တတ်ကြသည်။ ဒူးရင်းသီး မှည့်နေသည့်ခြံရှေ့သို့ ရောက်ပါက ခြံဝန်းထဲသို့ ဘယ်တော့မှမဝင်ပေ။

"ဗျို့. . ဒီခြံမှာ ခြံစောင့်လေးများရှိကြပါသလားခင်ဗျာ၊ ကျုပ်တို့က ခရီးသွားတွေပါ။ မောပန်းလာလို့ အမောပြေ ဒူးရင်းသီးမှည့်လေးစားချင်ပါတယ်၊ ပိန္နဲသီးမှည့်လေး စားချင်ပါတယ်၊ တစ်လုံးလောက်ပေးပါ။ ကျုပ်တို့လည်း ခင်ဗျားတို့ကို ကွမ်းယာနဲ့ ဆေးလိပ် ပြန်ပေးပါတယ်"

ဟု ပြောဆိုပြီး ပါလာသော ကွမ်းယာတစ်ယာ၊ မီးညှိထားသောဆေးလိပ်ကို ခြံစည်းရိုးအပေါ်သို့ တင်ပေးလိုက်ရလေသည်။

အတန်ကြာလျှင် ခြံအတွင်းမှ ဒူးရင်းသီးဖြစ်စေ ပိန္နဲသီးဖြစ်စေအမှည့်တစ်လုံး ခြံအပြင်သို့ လိမ့်ထွက်လာသည်ကို တွေ့ကြရသည်။ အပြင်ဘက်ရောက်လာသော အသီးကိုစားလျှင် ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့ရပေ။

တောင်ခြေဒေသမှာ နေထိုင်ကြသူတို့မှာ ထိုနေရာဒေသများအကြောင်းကို ကောင်းစွာနားလည်ထားရသည်။





ကိုယ်မသိသော ကိစ္စများကို ဇွတ်တိုးပြီး မလုပ်ရပေ။ အကယ်၍ အမှားအယွင်းတစ်ခုခုလုပ်ပါက အသက်အန္တရာယ် ...နှင့်တွေ့ကာ သေဆုံးကြရသည်။

နီမောင်တို့နေသော ကင်ပွန်းစခန်းတောင်ခြေ တစ်ပိုက် ...တော့ လက်လုပ်လက်စား ဆင်းရဲသားများက နေကြလေသည်။

နီမောင်မှာလည်း တောင်ပေါ်တက်ပြီး ဝါးခုတ်ခြင်း၊ ...ပင်ဆေးဥများ ရှာဖွေရောင်းချခြင်းနှင့် ဘုရားဖူးခရီးသည် ...သော နွေရာသီ၊ ဆောင်းရာသီအချိန်များမှာတော့ တောင်ပေါ်သို့ အထမ်းလိုက်လေသည်။

သူနှင့်အတူ လက်တွဲလုပ်ကိုင်နေသူ နှစ်ယောက်လည်း ...သေးသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ဖြစ်ကြသည်။

အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိကြပြီး စိတ်တူကိုယ် ... အလုပ်လုပ်နိုင်သူများ ဖြစ်ကြသည်။

စောထီးက ကရင်ဖြစ်ပြီး၊ ငမဲအောင်က ရခိုင်တိုင်းရင်း ...ဖြစ်သည်။

တောင်ပေါ်သို့ ကုန်ထမ်းလိုက်လျှင်လည်း သုံးယောက် ...တူ၊ တောထဲဝင်လျှင်လည်း သုံးယောက်အတူတူဖြစ်သည်။

တစ်ခါတစ်ရံမှသာ အခြားသူများနှင့် သွားလာကြသည်။ ရှေးအခါက ယခုလောက် ဘုရားဖူးခရီးသည် ကြိတ်ကြိတ် ...များသော်လည်း ခြေခင်းလက်ခင်းသာယာသော နွေရာသီ၊



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီရောက်လာလျှင်တော့ တစ်သုတ်ပြီးတစ်သုတ်
သလို လှည်းများဖြင့် အုပ်စုဖွဲ့ပြီး ရောက်လာကြသည်။

ထိုအခါ တောင်ခြေတစ်ဝိုက်မှာ နေထိုင်ကြသူများက
အထုပ်များကို ထမ်းပို့ပေးကြသည်။

အသက်အရွယ်ကြီးသော ပုဂ္ဂိုလ်တို့ကို ထမ်းစင်ဖြင့်
ထမ်းပိုးပေးကြသည်။

လူတစ်ယောက်ကို လူလေးယောက်ထမ်းတင်မှ အဆင်
ပြေလေသည်။

လူတစ်ယောက်ကို ကင်ပွန်းစခန်းမှရင်ပြင်တော်အထိ
ထမ်းပို့ပေးရလျှင် အတက်ငါးကျပ် အဆင်းငါးကျပ်ရသည်။

ဆန်တစ်တင်းထမ်းပို့ပေးလျှင် နှစ်ကျပ်ခွဲ၊ သုံးကျပ်
သည်။

စားသောက်ဖွယ်ရာများ၊ အိပ်ရာလိပ်စတောအသုံး
အဆောင် ပစ္စည်းများထမ်းရန် ယောက်ျားတစ်ယောက်ငှါးပါက
လေးငါးကျပ်ပေးကြရသည်။

ထိုအချိန်ကာလက ဆန်တစ်ပြည်တစ်မတ်၊ ဆီတစ်
ဆယ်သား (၁၅)ပြား၊ ရေနံဆီတစ်ပုလင်း (၁၀)ပြားပေးလျှင်
သောခေတ်ကာလဖြစ်သဖြင့် ငွေလေးငါးကျပ် တန်ဖိုးမှာ မနည်း
ပေ။ လူတစ်ယောက် မြိုးမြိုးမြဲမြဲ စားသောက်ပါက တစ်
လောက်စား၍ရသော ငွေပမာဏဖြစ်သည်။

ထို့ကြောင့် တောင်ခြေရွာများမှာနေကြသူတို့မှာ နွေ
သီ ဘုရားဖူးအလာများသော အချိန်ကာလတွင် ငွေရအောင်





ရှာဖွေစုဆောင်းထားပြီး၊ မိုးရာသီ ရာသီဥတုဆိုးဝါးသောအချိန်
တွင် ဘုရားဖူး မလာသောအခါ နွေကရှာထားသော ငွေဖြင့်
စားသောက်ကြသည်။

တစ်နွေလုံး ရှာဖွေထားသောငွေမှာ အလုပ်မရှိပဲ တစ်မိုး
တွင်းထိုင်စားပါက ကုန်သွားပြန်သည်။

မိုးကုန်တော့ အလုပ်ပြန်စကြပြီး သူတို့ဘဝက ဆင်းရဲ
တွင်းသံသရာ လည်နေကြရသည်။

နီမောင်တို့မိသားစုမှာ သုံးယောက်သာရှိသည်။

ဖခင်ဖြစ်သူ ဦးဘရှိန်၊ မိခင်ဒေါ်ကျင်မေနှင့် နီမောင်တို့
ဖြစ်သည်။

ဖခင်ဖြစ်သူမှ နီမောင်ငယ်စဉ်ကတည်းက အထမ်းသ
မားအလုပ်ဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့သည်။

နီမောင် (၁၅)နှစ်သား အရွယ်လောက်ရောက်တော့
ဦးဘရှိန်မှာ အထမ်းလိုက်သွားရာမှ ခြေချော်ကျခဲ့သဖြင့် ခြေ
ထောက်တစ်ဖက် ကျိုးသွားခဲ့သဖြင့် အလုပ်ဆက်မလုပ်နိုင်တော့
ပေ။ ထိုအချိန်ကတည်းက နီမောင်မှာ မိသားစုတာဝန်ကို ဖခင်
ထံမှ ပခုံးပြောင်းတာဝန်ယူကာ လုပ်ကိုင်ကျွေးမွေးခဲ့ရလေသည်။

ဦးဘရှိန်မှာ ထိုအချိန်ကတည်းက နာလန်မထူတော့
ပေ။ ကံအားလျော်စွာ ခြေထောက်ကျိုးသောဒဏ်ရာ ပျောက်
သွားသော်လည်း ခြေထောက်တစ်ဖက်ကတော့ မသန်တော့ပဲ
ထော့ဆွဲနေတော့သည်။

နောက်တော့ နာတာရှည်ရောဂါတစ်ခု ရပြန်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှထ မထနိုင်တော့ပဲ သေမည့်အချိန်ကို အိပ်ရာပေါ် စောင့်နေရသကဲ့သို့ ရှိလေသည်။

တကယ်ဆိုမူ ဦးဘရှိန်မှာ အသက် (၆၀)ဝန်းကျင်ရှိသေ သဖြင့် ကျန်းမာရေးသာ ကောင်းဦးမည်ဆိုပါက တော်ရုံအလု များလောက်တော့ လုပ်နိုင်ဦးမည်ဖြစ်သည်။

ယခုတော့ ခြေထောက်ကျိုးနေသည့်အပြင် နာတာရှ ရောဂါရနေသောကြောင့် လုံးဝမထနိုင်တော့ခြင်းဖြစ်သည်။

နီမောင်ကတော့ ဖခင်ဖြစ်သူအတွက် စိတ်မကော ဖြစ်မိသော်လည်း မိဘနှစ်ပါးကို လုပ်ကျွေးခွင့်ရသောကြေ တော့ ကျေနပ်နေလေသည်။

၎င်းတို့ရွာမှာ ဆေးဆရာတစ်ယောက် ရှိသည်။

၎င်း၏ အမည်မှာ ဦးဖန်ကောင်းဖြစ်ပြီး အသက်( ကျော်အရွယ်ခန့်သာ ရှိသေးသည်။

ကတုံးပြောင်အောင်တုံးထားပြီး သစ်ခေါက်ဆိုးအ လုံချည်တို့ကိုသာ အမြဲဝတ်သည်။

တောင်ဝှေးတစ်ချောင်း၊ လွယ်အိတ်တလုံး အဖော် က နေရာအနှံ့ ခရီးထွက်လေ့ရှိသည်။

ရွာမှာရှိနေလျှင်လည်း ဆေးကြိတ်ခြင်း၊ ဖိုထိုးခြင်းမျ ပြုလုပ်နေလေ့ရှိပြီး၊ ရွာထဲမှသော်လည်းကောင်း၊ အနီးပတ် ကျင်ရွာများမှသော်လည်းကောင်း ရောဂါဖြစ်သူများရှိလျှ လိုက်လံကုသပေးသည်။

သူ့ကိုလာခေါ်လျှင် ပိုက်ဆံရသည်ဖြစ်စေ မရသည်





လိုက်ကုသပေးလေ့ရှိသည်။

နီမောင်ဖခင် ဦးဘရှိန်ခြေထောက်ကျိုးသွားစဉ်က ဦး ကောင်းရောက်လာပြီး ဆေးများဖြင့် ကျပ်စည်းပေးသော ကြောင့် ခြေထောက်မသန်တော့သော်လည်း ဒဏ်ရာပျောက် ခြင်း ဖြစ်ပေသည်။

၎င်းက နီမောင်အား တူတစ်ယောက်လို ခင်မင်နေ ဖြင့် ရွာမှာရှိနေလျှင် နီမောင်တို့အိမ်သို့ ရောက်လာတတ်ပြီး၊ ရှိန်၏ ရောဂါအခြေအနေကို ကြည့်ရှုပေးလေ့ရှိသည်။

ယခုလည်း နီမောင်အိမ်မှာ ရှိနေသောအချိန်တွင် ဦးဖန် ကောင်းတစ်ယောက် ရောက်လာလေသည်။

"ကောင်လေး အလုပ်မသွားဘူးလား"

"မနေ့ကမှ တောင်ပေါ်က ပြန်ဆင်းလာတာအဘ"

"မင်းအဖေအခြေအနေရော သက်သာမှုရရဲ့လား"

"ဆိုးဆိုးဝါးဝါး မဖြစ်ပေမယ့်၊ အခြေအနေကတော့ ဒီအ ပဲ အဘရယ်"

"အင်း . . ဒါကတော့ ဝဋ်ကြွေးမကုန်မချင်းတော့ ဒီလိုပဲ ဦးမှာပဲ၊ ဝဋ်ကြွေးကုန်သွားရင်တော့ သူ့အတွက် ပြီးသွား ပေါ့"

"ဘယ်လိုပြီးတာလည်းအဘ"

"သူ့အတွက် လွတ်မြောက်ဖို့နှစ်လမ်းပဲရှိတယ်လေ တစ် က ရောဂါပျောက်သွားပြီးတော့ လွတ်မြောက်တာ နောက် ကတော့ အသက်သေပြီး လွတ်မြောက်ခွင့်ရသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါကွာ"

ဟု ပြောပြီး အိမ်ရှေ့မှာ ဝင်ထိုင်လေသည်။

နီမောင်က ကွမ်းအစ်၊ လက်ဖက်ရည်ဗန်းတို့ကို ချပြီး ဧည့်ခံသည်။

"မင်း တစ်နေ့က ညောင်ပင်သာရွာသားတွေနဲ့ ဝါးခုတ်လိုက်သွားတာ ဘာတွေထူးခြားမှုတွေ့ခဲ့သလဲ"

ကွမ်းတစ်ယာ ယာနေရင်းမှ မေးသည်။

စိတ်ထားသောကွမ်းသီးစိတ်ကို ပါးစပ်ထဲအရင်ထည့်၊ ကွမ်းရွက်ကို ထုံး၊ ရှားစေး၊ ဆေး၊စသည်တို့ထည့်ပြီး ပါးစပ်ထဲ ထပ်ထည့်သည်။

လက်ညှိုးမှာကျန်နေသော ထုံးအစအနများကို အိမ်တိုင်မှာ သုတ်လိုက်သည်။

"သန်းဖေ ပိုးထိခံရလို့အဘ၊ ရွာရောက်တဲ့အထိ အဆိပ်ကမကျဘူး"

"ညောင်ပင်သာမှာ မြွေဆရာဦးမိုးညို ရှိတယ်မဟုတ်လား၊ သူကုပေးသလား"

"ကျွန်တော်တို့ရောက်တော့ သူက တခြားရွာသွားနေတာနဲ့ မရှိဘူး"

"ဒါဖြင့် ဘယ်သူရှိသေးလို့လဲ၊ ဘယ်သူကုပေးသလဲ"

"မြွေဆရာတစ်ယောက် ရောက်လာပြီးကုပေးလို့ သန်းဖေ အသက်ရှင်သွားခဲ့တာ"

"ဘယ်သူများလဲ ဘယ်ရွာကလဲ"





ဦးဗန်ကောင်းက စိတ်ဝင်စားစွာမေးသည်။

"ကဝေမြောင်ရွာမှာ နေတယ်လို့ ပြောသွားတယ်၊ သူ့ ညီက နဂါးပျံဆရာကျော်တဲ့"

"ဟေ"

ဦးဗန်ကောင်းမှ ပါးစပ်ထဲမှ ကွမ်းတံတွေးများထွက်ကျ တတ် ပါးစပ်အဟောင်းသားဖြစ်ကာ အံ့သြသွားလေသည်။

"အဘသိသလား"

"မင်းပြောတဲ့နာမည်တော့ တစ်ခါမှ မကြားမိသေးဘူး"

"ဒါထက် ကဝေမြောင်ရွာဆိုတာရော ကြားဖူးသလား၊ ယ်မှာရှိတာလဲ"

"နာမည်တော့ ကြားဖူးသလိုပဲ. . ငါ့အထင်ပြောရရင် တောင်ခြေတစ်ဝိုက်မှာတော့ ဒီနာမည်မျိုးမကြားမိဘူး. . င်ပေါ်တွေကများ ဖြစ်မလား မသိဘူး"

"ဒါပေမယ့် သူကြည့်ရတာ မြွေဆိပ်တော့ အတော်နိုင် ယ် ဒဏ်ရာကိုသစ်ရွက်ကလေး တစ်ရွက်အုပ်ပေးတာနဲ့ မြွေဆိပ်တွေကျလာပြီး သတိပြန်ရလာတာ"

"အစွမ်းထက်တာ တစ်ခုခုတော့ရှိမှာပေါ့ကွာ၊ အဲဒီလို မျိုးတွေ့ရရင် သူ့ဆီက နည်းကောင်းလေးဘာလေး ရချင် တာပေါ့"

ဟု ပြောလေသည်။

"ကဝေမြောင်ရွာကို ဘယ်လိုကြားဖူးတာလဲအဘ"

"ကြာတော့ကြာပါပြီ၊ ဆေးမြစ်ရှာတဲ့လူတွေ တောင်



www.burmeseclassic.com

www.burmeseclassic.com



"ကြာတော့ကြာပါပြီ၊ ဆေးမြစ်ရှာတဲ့လူတွေ တောင်ပေါ်က ဂူပေါက်တစ်ခုထဲမှာ ဝင်နားနေတုန်းလူတစ်ယောက် ထွက်လာပြီး သူတို့ပြောတယ်"

"ဘယ်လိုပြောသလဲ အဘ"

ထိုသို့မေးသဖြင့်. . . ဦးဗန်ကောင်းက အတိုချုပ်ပြီး အောက်ပါအတိုင်း ပြောပြလေသည်။

ထိုနေ့က မမျှော်လင့်ပဲ တောင်ပေါ်မှာ မိုးရွာချသဖြင့် ဆေးမြစ်ဆေးဥရှာသော လူသုံးယောက်တို့မှာ ဂူပေါက်ဝတစ်ခု တစ်သို့ ဝင်နေကြရသည်။

ထိုဂူပေါက်မှာ တစ်ကြိမ်တစ်ခါက်မှ မရောက်ဖူးသော ဂူပေါက်ဖြစ်သည်။

သူတို့ရောက်ပြီး မကြာခင်မှာ လူတစ်ယောက်ထွက်လာပြီး ပြောလေသည်။

"ဒီဂူထဲမှာ ကြာကြာမနေနဲ့ အန္တရာယ်ဖြစ်ရလိမ့်မယ်"

"ဘယ်လိုအန္တရာယ်မျိုးလဲဗျ. . ."

ဒီဂူထဲမှာရှိနေသူတွေက လူတွေရဲ့အနံ့ကို မခံနိုင်ကြဘူး၊ ခင်ဗျားတို့ ကြာကြာနေရင် အန္တရာယ်တွေ့ရလိမ့်မယ်"

"ဒါထက် ဒီဂူနာမည်က ဘာလဲဗျ"

"ကဝေမြောင်ဂူလို့ခေါ်ပါတယ်၊ နောက်မလာကြနဲ့"

ဟု ပြောပြီးအတွင်း ပြန်ဝင်သွားလေသည်။

ထိုလူသုံးယောက်လည်း ဂူထဲမှာ ကြာကြာဆက်မနေဝံ့ ကြတော့သဖြင့် မိုးရွာနေသောအချိန်မှာပင် ဂူအတွင်းမှထွက်





"ကဝေမြောင်ဆိုတဲ့ နာမည်မျိုးတော့ အဲဒီတစ်ခါကြားဖိုက်မိဖူးတယ်၊ မင်းပြောတဲ့ရွာဆိုတာ အဲဒီဂူအနားတစ်ဝိုက်မှာရှိတဲ့ရွာဖြစ်မှာပေါ့"

ထို့နောက် ဦးဗန်ကောင်းက နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

နီမောင်ကတော့ ဦးဗန်ကောင်းပြောသွားသော အကြောင်းအရာများနှင့် တစ်နေ့က ညောင်ပင်သာရွာ၌ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တို့ကို ဆက်စပ်ကာ တွေးနေမိသည်။

ထိုသို့တွေးမိရင်းမှ "နဂါးပျံဆရာကျော်" ဆိုသူ၏ ပုံရိပ်များကိုလည်း ပြန်လည်မြင်ယောင်နေမိသည်။


သူ့ဘဝတစ်လျှောက်တွင် အမှတ်မထင်တွေ့ကြုံခဲ့ရသည့် လူတစ်ယောက်နှင့်ပတ်သတ်ပြီး ဘဝအတွက် အရေးကြီးသော ပြောင်းလဲမှုများ ပြုလုပ်ရမည်ဟု ဘယ်အခါမှ မျှော်လင့်ထားမိခဲ့ပေ။ သို့သော် သူမမျှော်လင့်သော အကြောင်းအရာအချို့သည် သူ့ဘဝထဲသို့ ရောက်လာခဲ့ကြပေသည်။

လူ့ဘဝသည် မမျှော်လင့်သော အဖြစ်အပျက်တို့ကို ဘာယက်ရှင် လက်ခံချင်သည်ဖြစ်စေ လက်မခံချင်သည်ဖြစ်စေ ကြောခဏ ပေးလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၃]

# သောကမြစ်ပင်လယ်ထဲကလူ

ကင်ပွန်းစခန်းရွာကလေးနှင့် မနီးမဝေးမှာ ချောင်းကျယ်တစ်ခုရှိသည် ထိုချောင်းကျယ်နှင့် မနီးဝေးနေရာတွင် သစ်တောများနှင့် ကမ်းစပ်တွင် ကျောက်တုံးကြီးများ ရှိကြသည်။

အချို့ကျောက်တုံးများမှာ ချောင်းထဲမှာရှိနေကြပြီး အချို့ကတော့ ကမ်းစပ်နေရာများမှာ အစီအရီ ရှိနေကြသည်။

ချောင်းအတွင်းသို့ တောင်ပေါ်မှ စီးဆင်းလာသော တောင်ကျရေများက အဆက်မပြတ်စီးဝင်နေရာ ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com



များကိုထိတွေ့နေသော အသံများက မပြတ်ပေါ်ထွက်လျက်ရှိသည်။

ကျောက်တုံးများမှာ အညိုရောင် အမည်းရောင်များဖြစ်ပြီး ရေတိုက်စားမှုကြောင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်နေကြသည်။

ညအချိန် လသာသောအချိန်များတွင် လရောင်ကထိုကျောက်တုံးပေါ်သို့ ကျနေရာ. . လှပသော မြင်ကွင်းမျိုးကို တွေ့ရနိုင်သည်။

ယခုညမှာ လသာသောညဖြစ်သည်။

လရောင်က ချောင်းတစ်ဝိုက်သို့ ထိုးကျနေသည်။

ချောင်းစပ်တစ်နေရာ၌ ကြီးမားသော ကုံကော်ပင်ကြီးတစ်ပင်ရှိပြီး ထိုအပင်အောက်မှာတော့ လူနှစ်ယောက် အတူယှဉ်တွဲကာ ထိုင်နေကြသည်။

တစ်ယောက်ကနီမောင်ဖြစ်ပြီး၊ ကျန်တစ်ယောက်က မြနှင်းဖြူပင်ဖြစ်သည်။

မြနှင်းဖြူက နီမောင်နှင့် သက်တူရွယ်တူဖြစ်ပြီး ကင်ပွန်းစခန်းမှာပင် နေထိုင်သူဖြစ်သည်။

၎င်း၏မိဘများက တောင်တက်လမ်းထိပ်၊ ဇရပ်ကြီးနှင့် မနီးမဝေးနေရာတွင် ဈေးဆိုင်ကြီးတစ်ဆိုင်ဖွင့်ထားသည်။

ထို့အပြင် အသီးအနှံထွက်သော ခြံများကိုလည်း ပိုင်ဆိုင်ကြကာ စီးပွားရေး အဆင်ပြေကြသူများဖြစ်သည်။

မြနှင်းဖြူက ချောမောလှပသော တောမှာပွင့်သည့်ပန်း





တစ်ပွင့်ဖြစ်ပြီး လိုချင်သူများက ဝိုင်းဝိုင်းလည်နေကြသည်။

သို့သော် မြနှင်းဖြူက တစ်ရွာတည်းသားချင်းလည်းဖြစ် ငယ်စဉ်ကပင် အတူအကွ နေထိုင်သော နီမောင်၏မေတ္တာကို လက်ခံကာ ချစ်သူဘဝရောက်နေကြသည်မှာ နှစ်နှစ်ကျော် သုံးနှစ်သို့ရောက်နေကြပြီဖြစ်သည်။

မြနှင်းဖြူတို့ အခြေအနေနှင့် နှိုင်းစာလျှင် နီမောင်တို့မိသားစု အခြေအနေက နိမ့်ပါးသောကြောင့် မြနှင်းဖြူ မိဘများကတော့ သဘောမတူချင်ကြပေ. . .။

သူတို့နှစ်ယောက် အခြေအနေကို ရိပ်မိကြသဖြင့် တားဆီးနေကြသည့်ကြားမှာပင် မြနှင်းဖြူကတော့ နီမောင်အပေါ်မှာ သစ္စာမပျက်ဘဲ ချစ်သူအဖြစ် လက်ခံထားနေခြင်း ဖြစ်သည်။

နီမောင်နှင့် မြနှင်းဖြူတို့နှစ်ယောက်က တစ်ဦးနှင့်တစ်ဦး သစ္စာမပျက်ဘဲ ချစ်မြဲချစ်နေကြသော်လည်း သူတို့နှစ်ဦး၏ ချစ်ခရီးလမ်းကတော့ ဖြောင့်ဖြူးသာယာခြင်း မရှိလှပါပေ။

"နီမောင်. . ."

"ဘာလဲ မြနှင်းဖြူ"

"ငါတို့နှစ်ယောက် ချစ်သူဘဝရောက်ကြတာ သုံးနှစ်ပြည့်တော့မယ် နင်ဘက်ကကြိုးစားနေတာ ဘယ်လိုအခြေအနေရောက်နေပြီလဲဟင်၊ ဒီလိုမေးတော့ ငါ့အပေါ်မှာ အထင်မလွဲစေချင်ဘူး၊ နင်နဲ့ဝေးရမှာစိုးလို့ မေးရတာပါ. . . ."

နီမောင်က လရောင်ဖြာကျနေသော ချောင်းဘက်သို့ ငေးကြည့်နေရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူ၏လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ပြန်ပြောလိုက်သည်။

"ငါ နင့်အပေါ်မှာ နားလည်ပါတယ်၊ ငါလည်း နင်နဲ့မဝေးချင်ပါဘူး၊ ဒါကြောင့်လည်း ကြိုးစားနေတာပါပဲ မြနှင်းဖြူရယ်၊ ဒါပေမယ့် အဖေ့အခြေအနေကလည်း တစ်နေ့တခြားဆိုးလာနေတော့"

နီမောင်က တိမ်ဝင်သွားသော အသံကြောင့် ပြောလက်စ,စကားကို ရပ်တန့်လိုက်သည်။

"ငါသိပါတယ်၊ ငါကတော့ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် နင့်အပေါ်မှာ သစ္စာမဖျက်ချင်ပါဘူး၊ ဒါပေမယ့် အခြေအနေဆိုတာ ကိုယ်မျှော်လင့်သလို ဖြစ်ချင်မှဖြစ်လာတာမျိုးဆိုတော့ ငါရင်ထဲမှာ တစ်ခုခုဖြစ်လာမှာကို သိပ်ပြီးစိုးရိမ်နေမိတယ်"

မြနှင်းဖြူက သူမလက်ကိုကိုင်ထားသည့် နီမောင်လက်ကိုပြန်ဆုပ်ရင်း ပြောလိုက်သည်။

နီမောင်က မြနှင်းဖြူ၏အခြေအနေကိုကြည့်ပြီး ရင်ထဲမှာ တစ်စုံတစ်ခုကို စိုးရိမ်မိသလို ဖြစ်သွားလေသည်။

"မြနှင်းဖြူ ငါ နင်အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိပါတယ်၊ နင်ဘက်က ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ငါခွင့်လွှတ်ပေးနိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ကိုပွင့်ပွင့်လင်းလင်း ပြောပြပါ"

ဟု မေးသောအခါ မြနှင်းဖြူ၏ မျက်ဝန်းအိမ်မှာ မျက်ရည်များ ရစ်ဝဲလာသည်။ ထို့နောက် ပင့်သက်တစ်ချက် ရှိုက်လိုက်





တာ အခြေအနေကို ပြောပြလေသည်။

"အခုတလော ငါတို့ဆိုင်ကို လူတစ်ယောက် မကြာခဏလာနေတယ် သူက ဆေးဆရာတစ်ယောက်လို့ ပြောတယ်၊ ပိုက်ဆံချမ်းသာတဲ့ပုံလည်း ရှိတယ်"

"သူ့နာမည်က ဘယ်သူတဲ့လဲဟင်. . ."

"မောင်ကျော်စွာလို့တော့ ပြောသံကြားမိတယ်"

"ပုံပန်းသဏ္ဌာန်က ဘယ်လိုမျိုးလဲဟင်"

"အသက်ကတော့ (၃၀)လောက်ရှိပြီထင်တယ်. . . ဘောင်းဘီအကျီအနက်ရောင်တွေ ဝတ်ထားပြီး သျှော်တစောင်းဆုံးထားတယ်၊ မျက်နှာပေါ်မှာ နှုတ်ခမ်းမွေးရှိတယ်. ."

"ဟင်. . ."

နီမောင်က တအံ့တသြဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ဘာဖြစ်လို့လည်း နီမောင်၊ ငါပြောတဲ့လူကို နင်သိလို့လား"

"မ. . မဟုတ်ပါဘူး၊ ပြောပါဦး"

"သူကတောင်ပေါ်တက်ပြီး အစိဋ္ဌာန်ဝင်မယ်ဆိုပြီး အိမ်မှာဝင်တည်းတယ် အဖေနဲ့ အမေတို့ကို စားသောက်တဲ့အတွက်နဲ့ တည်းခိုတဲ့အတွက်ပါ ငွေအတော်ပေးသွားတယ် ငါထင်တာတော့ သူလာတိုင်း ငွေငါးဆယ်၊ တစ်ရာလောက် အမြဲပေးသွားခဲ့တယ်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ ပိုမိုနောက်ကျိသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မြနှင်းဖြူနှင့် နီးစပ်ရန် မလွယ်သော အခြေအနေမျိုးမှာ သူတို့၏ ချစ်ခြင်းကို ဖြိုခွင်းမည့်သူတစ်ယောက် ပေါ်လာလေပြီဟု စိတ်ထဲမှာ ခံစားမိလေသည်။

“အဖေနဲ့ အမေကတော့ သူ့ကိုစိတ်ဝင်စားနေကြတယ်၊ ငါကတော့နင်ကလွဲပြီး စိတ်မဝင်စားပါဘူး၊ ဒါပေမယ့် အကျဉ်းအကျပ် အခြေအနေမျိုး ရောက်လာရင် ငါတို့နှစ်ယောက် တစ်ခုခုတော့ ဆုံးဖြတ်ကြရမယ်”

မြနှင်းဖြူက နီမောင်မျက်နှာကို ကြည့်သည်။

နီမောင်ကလည်း ပြန်အကြည့်နှင့် အကြည့်ချင်းဆုံသွားသည် လရောင်ဖြင့် တစ်စွန်းတစ်စမြင်နေရသော သူမ၏မျက်နှာပြင်ပေါ်မှာ အဖြေရှာမတွေ့သေးသော ပုစ္ဆာတစ်ခုကိုရင်ဆိုင်ဖြေရှင်းရန် အားယူထားဟန် ရှိနေသည်။

“နင်. . ဘယ်လိုလုပ်မလဲ. . ”

“ငါနင့်ကို တကယ်ချစ်တာပါ နင့်ကို မခွဲချင်ပါဘူး၊ ဒါကြောင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်၊ ပိုင်ဆိုင်ခွင့်ရအောင် ငါကြိုးစားပါ့မယ်”

မြနှင်းဖြူကတော့ ချစ်သူထံမှ ထိုကဲ့သို့သော စကားမျိုးကြားရသဖြင့် ရင်ထဲမှာကျေနပ်သွားသောကြောင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ထို့နောက် နီမောင်ရင်ခွင်ထဲသို့ မှေးဝင်လိုက်လေသည်။ လရောင်က ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားလေသည်။





ထို့အတူမြူနှင်းများကလည်း ဝေ့ဆိုင်းနေသည်။ ကမ်း[illegible]ရှိသော တောင်တန်းပင် အရွက်များအား လေတိုးရာမှ ပေါ်[illegible]လာသော သံစဉ်မညီသော အသံအချို့ကလည်း ပေါ်ထွက်[illegible]သည်။

ချောင်းထဲမှ ကျောက်တုံးကျောက်ဆောင်များကို ဖြတ်[illegible]သွားသော ရေစီးသံကလည်း သာယာလှသည်။

ထိုမျှ အေးမြသာယာသော အချိန်မျိုးမှာ ချစ်သူက ရင်[illegible]မှာ ရှိနေသည်။

ထိုအခြေအနေမျိုးသည် ပျော်စရာကောင်းသောအချိန်[illegible]အနေမျိုး ဖြစ်သည်။

သို့သော် နီမောင်ရင်ထဲမှာတော့ အပူလုံးတစ်ခုက ဝင်[illegible]သောကြောင့် မပျော်ရွှင်နိုင်ပဲ ဖြစ်နေသည်။

သူ့အဖြစ်က တစ်ပူပေါ်နှစ်ပူဆင့်လာသော အခြေအ[illegible] ဖြစ်ပေသည်။

ပထမတော့ မြနှင်းဖြူနှင့် အဆင့်အတန်းမတူသော[illegible] ဆုံစည်းခွင့်မရမှာကို ပူပန်နေရသည်။

ယခုတော့ သူတို့နှစ်ယောက်ချစ်ခြင်းကို ဖြိုခွင်းပြီး သူ့အ[illegible] လုယူမည့်သူတစ်ဦး ပေါ်လာလေပြီ။

ပထမအပူပေါ်သို့ နောက်တစ်ပူက ထပ်ဆင့်လာခြင်း[illegible]တော့သည်။

ယခုလောလောဆယ်တော့ ဘယ်လိုမှမတတ်နိုင်သေး[illegible] အခြေအနေမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အကျဉ်းအကျပ်နှင့် တွေ့ကြရပြီး မြနှင်းဖြူ
၏ သူ့ဆီသို့လာလျှင်သော်မှ ဖခင်၏ကျန်းမာရေးအခြေအနေ
ကြောင့် လက်ခံနိုင်လောက်သော အခြေအနေမျိုး မရှိပေ။

မတတ်နိုင်တော့ပေ။

ကံစီမံရာအတိုင်းသာ လက်ခံရပေတော့မည်။

မြနှင်းဖြူနှင့်တွေ့ပြီး အိမ်သို့ပြန်ရောက်တော့ ညဦးနေ
နေချေပြီ။

အိမ်ပေါ်မှာ မီးရောင်ရှိနေသေးသည်။

အိမ်ပေါ်တက်သွားတော့ ဖခင်အနားမှာ ထိုင်နေသော
မိခင်ဖြစ်သူကို တွေ့မြင်ရသည်။ မျက်နှာမကောင်းလှပေ။

"မင်းအဖေ မသက်သာဘူး"

စိတ်မကောင်းစွာဖြင့် အဖေ့ကိုကြည့်တော့ မျက်စိမှိတ်
ထားရင်းမှ အသက်ကို ကြိုးစားရှူနေဟန်ရှိသည်။

"ညနေပိုင်းက အတော်ကလေး ကောင်းနေသေးတယ်
ဘယ်လိုဖြစ်တာလဲအမေ"

"ညဘက်အေးလာတော့ ရင်ထဲမှာ ကျပ်လာတာ ဖြစ်မှာ
ပေါ့ မျှော်လင့်ချက်တော့ သိပ်မရှိတော့ဘူး ထင်ပါရဲ့"

ဟု ပြောကာအမေက မျက်ရည်များကို ပဝါဖြင့်တို့သုတ်
ပစ်နေလေသည်။

အသက်ကို အနိုင်နိုင် ရှူနေရသောအဖေ၊ ဘာမှမတတ်
နိုင်သဖြင့် မျက်ရည်စမ်းစမ်းဖြစ်နေရှာသည့်အမေ၊ ထိုမြင်ကွင်း
ကိုကြည့်ပြီး နီမောင်ရင်ထဲမှာ ဆို့နေသည်။





စောစောက ချစ်သူနှင့်တွေ့ခဲ့ရသော ကြည်နူးမှုကလေး
များကို သောကလှိုင်းတံပိုးများက ဖုံးအုပ်သွားခဲ့ချေပြီ။

"ဒီအတိုင်းတော့ ကြည့်နေလို့ဖြစ်မှာ မဟုတ်ဘူး၊ အဖေ
သောက်နေကျ ဆေးကျန်သေးသလား အဖေ"

"မရှိတော့ဘူး"

"ဆရာကြီး ဦးဖန်ကောင်းကလည်း တောင်ပေါ်တက်
သွားလို့မရှိဘူး၊ ဒီအချိန်လောက်ဆိုရင် ဇရပ်နားက ဈေးဆိုင်
တွေ ဖွင့်ချင်ဖွင့်ကြဦးမယ် ဆေးလေးဘာလေး ရလိုရငြား ကျွန်
တော်သွားလိုက်ဦးမယ်အမေ"

ဟု ပြောပြီးထွက်လာခဲ့သည်။

ဇရပ်ကြီးများနှင့် မနီးမဝေး၌ ဖွင့်နေသော ဈေးဆိုင်များ
အနက် မြနှင်းဖြူတို့ဆိုင်လည်း တစ်ဆိုင်အပါအဝင်ဖြစ်သည်။

ညဦးပိုင်းအချိန် ကျော်နေပြီးမို့ အခြားဆိုင်အတော်များ
များကတော့ မီးမှိတ်ကာ ပိတ်ထားကြလေသည်။

မပိတ်သေးတာ တစ်ဆိုင်ပဲ ကျန်တော့သည်။

မြနှင်းဖြူတို့ ဈေးဆိုင်ပင်ဖြစ်သည်။

ဆိုင်မပိတ်သေးတာ အခြားအကြောင်းတော့ မဟုတ်ပါ
။ ဧည့်သည်တစ်ယောက် ရှိနေသောကြောင့်ပင် ဖြစ်သည်။

အိမ်ရှေ့မှာ မီးအိမ်ထွန်းထားပြီး အိမ်ရှေ့ခန်းမှာ ဧည့်
သည်ကို ဦးရွှေမောင်နှင့် ဒေါ်မြတို့က ဧည့်ခံနေကြခြင်းဖြစ်သည်
ဧည့်သည်မှာ အခြားသူ မဟုတ်ပါချေ။

ညောင်ပင်သာရွာမှ မြေကိုက်ခံရသူကို ဆေးကုပေး



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သော နဂါးပျံဆရာကျော် ဆိုသူပင်ဖြစ်တော့သည်။

မြနှင်းဖြူပြောသွားသောသူမှာ ထိုသူပင်ဖြစ်ရမည်ဟု စိတ်ထဲမှာ မှတ်ချက်ချလိုက်သည်။

နီမောင်ဝင်သွားတော့ လှည့်ကြည့်ကြသည်။

"နီမောင် ဘာလိုချင်လို့လဲ"

"အဖေ့အတွက် ရင်ကျပ်ပျောက်ဆေး လိုချင်လို့ပါ အဒေါ်"

"မင်းအဖေလည်း သက်သာရဲ့လား"

"ဒီည သိပ်မသက်သာလို့ ဆေးလာဝယ်တာပါ"

ဒေါ်မြက နေရာမှ ထလာပြီး ဆေးထုပ်ယူပေးသည်။

နီမောင်အသံကြားတော့ နဂါးပျံဆရာကျော်က တစ်ချက်လှည့်ကြည့်လေသည်။

သူ့ကိုမြင်တော့ မှတ်မိသွားဟန်ဖြင့် ပြုံးပြပြီး နှုတ်ဆက်သည်။ နီမောင်ကလည်း ပြန်နှုတ်ဆက်ပြီးတော့ ဆေးထုပ်ကိုယူကာ ပြန်ထွက်လာလေသည်။

စောစောက မြနှင်းဖြူပြောပြသဖြင့် ကြားရုံသာကြားရပြီး ယခုမျက်စိဖြင့်ပါ မြင်ရသောအခါ စိတ်ထဲ၌ ပိုမိုနောက်ကျိသွားလေသည်။

သို့သော် တခြားအကြောင်းများကို ဘေးဖယ်ထားကာ အိမ်သို့ ခပ်သုတ်သုတ် ရောက်အောင်ပြန်သွားပြီး အဖေ့ကို ဆေးတိုက်ပေးရလေသည်။

ဆေးဝင်သွားပြီး အနည်းငယ်ကြာတော့ အသက်ရှူ





ကျပ်တာ သက်သာသွားပြီး အိပ်ပျော်သွားလေတော့သည်။

"သက်သာလို့ အိပ်ပျော်သွားပါပြီ အမေအိပ်ရေးပျက်တာများနေပြီး တစ်ရေးလောက် သွားအိပ်လိုက်ပါဦး"

"အမေက အရေးမကြီးပါးဘူး သားရယ် မင်းကမနက်မင်းတာနဲ့ အလုပ်ပေါ်လာရင် အလုပ်သွားလုပ်ရဦးမှာဆိုတော့ အိပ်ရေးပျက်လို့ မကောင်းဘူး၊ မင်းသာသွားအိပ်ပါ အမေပဲ စောင့်နေပေးလိုက်ပါ့မယ်. . "

"ကျွန်တော်က အိပ်ရေးပျက်လည်း ခံနိုင်ပါတယ်၊ အမေက အသက်ကြီးပြီဆိုတော့. . အားရှိသွားအောင် တစ်ရေးလောက် သွားအိပ်လိုက်နော်. . "

ဟုပြောမှ ဒေါ်ကျင်မေလည်း နေရာမှ ထသွားလေတော့သည်။

နီမောင်လည်း ဖခင်နံဘေးမှာထိုင်ရင်း တစ်ယောက်တည်း အတွေးကောင်းနေလေသည်။

အတန်ကြာသောအခါ သူ့အတွေးထဲမှာ မြနှင်းဖြူ၏ပုံရိပ်သဏ္ဌာန်ပေါ်လာလေသည်။

သူမနှင့်အတူ နဂါးပျံဆရာကျော်ဆိုသူက ဘေးမှပေါ်လာပြန်လေသည်။

"သူဘယ်သူလဲ သူကငါတို့နှစ်ယောက်ရဲ့ ချစ်ခြင်းကိုဖျက်မယ့်သူလား၊ ငါဘယ်လိုလုပ်ရမလဲ၊ ဒီအတိုင်းဆိုရင်တော့ ငါမြနှင်းဖြူကို စွန့်လွှတ်ပေးရတော့မယ် ထင်တယ်"

ရောဂါသည်ဖခင်နဲ့ ဘာမှမလုပ်နိုင်တဲ့မိခင်ကို ငဲ့ပြီးကာ



www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးတော့ ငါစိတ်ချမ်းသာတာ တစ်ခုတည်းကြည့်ပြီး လုပ်လို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး။

ငါဘယ်လို လုပ်ရမလဲ. . . .

ချစ်သူကို ဒီအတိုင်းပဲ လက်လွှတ်ပေးလိုက်ရတော့မှာလား. . . ဟုတွေးတောနေမိသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များဖုံးလွှမ်းနေသည်။

ညဥ့်နက်ပိုင်းရောက်တော့ နှင်းများပိုကျလာသည်။

သို့ကြောင့် အအေးဓာတ်က ပိုလာသော်လည်း သူ့ရင်ထဲမှာတော့ ပူလောင်လျက် ရှိနေလေသည်။





# အခန်း [၄]

# နှစ်ပေါင်းတစ်ရာကျော်က ဘုရားဖူးခရီး

မိုးရာသီကုန်ဆုံးသွားပြီး ရာသီဥတုသာယာလာသည် ...ဆောင်ခြေမှာ နေကြသူများအတွက် အလုပ်အကိုင်များရ...ကြသည်။ မိုးရာသီတစ်လျှောက်လုံး တောင်ပေါ်မတက်နိုင်...သော်လည်း မိုးကုန်သွားသည်နှင့် တောင်ပေါ်တက်သူတက်၊ ...လိုက်သူက လိုက်ကြသည်။

မိုးရာသီမှာ ရာသီဥတုကြမ်းသဖြင့် ဘုရားဖူးခရီးသည်



www.burmeseclassic.com

www.burmeseclassic.com

များမလာကြသော်လည်း မိုးကုန်သွားလျှင်တော့ တစ်သုတ်ပြီး တစ်သုတ်၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြသည်။

ရှေးအခါက ရပ်ဝေးမှလာကြသော ဘုရားဖူးခရီးသည်များမှာ ကင်ပွန်းစခန်းထိအောင် တိုက်ရိုက်မရောက်နိုင်ကြပေ။

မော်တော်ကားဖြင့် လာသည်ဖြစ်စေ၊ မီးရထားဖြင့်လာသည်ဖြစ်စေ ကျိုက်ထိုမြို့အထိသာရောက်ပြီး ကင်ပွန်းစခန်းဘက်သို့လှည်းလမ်းသာ ပေါက်ပြီး၊ ကားလမ်းမပေါက်သေးပေ။

သို့ကြောင့် ကျိုက်ထိုမှာရှိသော ရွှေဆိုင်းရောင်းချသူများထံမှာ ခရီးတစ်ထောက် ဝင်ရောက်တည်းခိုကြရသည်။ လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်ခန့်က ကင်ပွန်းစခန်းလိုနေရာမျိုးမှာမဆိုထားနှင့်၊ ကျိုက်ထိုမြို့ပေါ်မှာပင် ခရီးသည်တည်းခိုရန် တည်းခိုခန်းများ မရှိသေးပေ။

သို့ကြောင့် ဘုရားရွှေချရန် ရွှေဆိုင်းများရောင်းသောအိမ်များမှာတည်းခိုပြီးနောက် အုပ်စုဖွဲ့ကာ လှည်းများဖြင့် သွားခဲ့ကြရသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်အချိန်က ကျိုက်ထိုမြို့မှ၊ ကျိုက်ထီးရိုးဘုရား ရောက်သည်အထိ သွားခဲ့ရပုံများကို ဖေါ်ပြပေးပါမည်။

ယနေ့ကာလ ကျိုက်ထီးရိုးဘုရားဖူး သွားလာရာတွင် မီးရထား၊ မော်တော်ကားများဖြင့် အဆင်ပြေလှပါသည်။

မီးရထားဖြင့်သွားလျှင် . . ကျိုက်ထိုဘူတာအထိသာ ရောက်သော်လည်း ကျိုက်ထိုဘူတာမှ ကျိုက်ထီးရိုးတောင်ခြေ





ကင်ပွန်းစခန်းသို့ မော်တော်ယာဉ်များ အဆက်မပြတ် ထွက်ရှိနေသောကြောင့် သွားလာရေး အခက်အခဲမရှိပါ။

မော်တော်ကားဖြင့် လာမည်ဆိုပါက ကင်ပွန်းစခန်းအရောက် ကားဖြင့်သွားနိုင်သည်။

ကျိုက်ထီးရိုးတောင်ပေါ်လမ်းသည် ရှေးအခါကာလကဲ့သို့ ကျဉ်းမြောင်းကြပ်တည်းသော လမ်းများမဟုတ်တော့ပေ။ ကျိုက်ထီးရိုးရင်ပြင်အနီးအထိ မော်တော်ကားလမ်းကြီး ဖွင့်လှစ်နိုင်ခဲ့ပြီး ခရီးသည်တင် တောင်တက်ကားကြီးများစီး၍ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ပြီဖြစ်၍ ဘုရားဖူးသူများအတွက် အဆင်ပြေနေပြီဖြစ်သည်။

ကျိုက်ထိုမြို့နှင့် ကင်ပွန်းစခန်းသို့ မော်တော်ကားလမ်းဖောက်ခင်က လှည်းများဖြင့် သွားလာကြရာ သွားလာရေးခက်ခဲလှကြောင်း သိရလေသည်။

ခရီးလမ်း အခြေအနေကို လေ့လာသိရှိနိုင်ရန် (၁၉၀၉)ခုက ရန်ကုန်မှ ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးလာကြပုံကို ဇာတ်ဟုသုတအဖြစ် ဖော်ပြပါမည်။

ရန်ကုန်ကွမ်းခြံကုန်းဘူတာမှ ကျိုက်ထိုမြို့သို့သွားရန် ရေနွေးစက်ခေါင်းဖြင့်ခုတ်မောင်းသော မီးရထားသုံးစီးရှိပါသည်။ နံနက်၊ နေ့လယ်နှင့် ညနေပိုင်းတို့တွင် တစ်စီးစီ ထွက်ပါသည်။

မီးရထားစီးရန် လက်မှတ်ကို ကွမ်းခြံဘူတာတွင် ဝယ်ယူနိုင်သကဲ့သို့ ကုန်ဈေးတန်းတွင်လည်း ဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ရထားတွဲများကို ဒုတိယတန်းတွဲ၊ တတိယတန်းတွဲဟူ၍ ခွဲခြားထားသည်။

တတိယတန်းတွဲ၌ ခရီးသည်များမြင်သာအောင် ဂဏန်း (၃) ဟုရေးတပ်ထားပါသည်။

အဆိုပါ တတိယတန်းတွဲ၌ပင် "ဥရောပတိုက်သားများအတွက်သာ" (Europeans only) နှင့်"အမျိုးသမီးများ အတွက်သာ" (Ladies only ) ဟူသောစာတန်းများ ကပ်ထားသော အတွဲများကိုလည်း တွေ့နိုင်ပါသည်။

တတိယတန်းတွဲမှစီးလျှင် ရန်ကုန်နှင့် ကျိုက်ထိုလက်မှတ်ခမှာ တစ်ကျပ်ခွဲ နှစ်ပြားတင်းဖြစ်သည်။

ရန်ကုန်မှ ကျိုက်ထီးရိုးဘုရားဖူးသွားလျှင် မနက်ရထားစီးပါက ပိုမိုအဆင်ပြေသည်။

မနက်ရထားသည် ကွမ်းခြံဘူတာမှ (၇)နာရီ (၁၀)မိနစ်တွင် ထွက်သည်။ ဒါးပိန်ဘူတာသို့ (၈)နာရီ (၅၅)မိနစ်တွင် ရောက်သည်။

ထို့နောက် ထုံးကြီး၊ ကျောက်တန်းရွာများကိုဖြတ်၍ (၁၀)နာရီ (၁၀)မိနစ်တွင် ပဲခူးဘူတာသို့ ရောက်သည်။ ပဲခူးဘူတာတွင် ရထားနာရီဝက်ရပ်သဖြင့် နေ့လယ်စာ ထမင်းစားသောက်ရန် အဆင်ပြေသည်။

ရထားကြီးသည် ပဲခူးမှ ဆက်လက်ခုတ်မောင်းလာရာ ကလိ၊ ရှမ်းရွာကြီး၊ နောင်ပတ္တရာ၊ ကျိုက်လှ၊ ဝေါ၊ အပျားတို့ကိုဖြတ်၍ ညောင်ခါးရှည်ဘူတာသို့ ရောက်ပါသည်။





ညောင်ခါးရှည်ဘူတာတွင် ရထားရပ်ချိန် အနည်းငယ်ကြာသဖြင့် လက်ဖက်ရည်ကော်ဖီ အဖျော်ရည်များ၊ ဒေသထွက်သစားအစာများဖြစ်သော ကောက်ညှင်းထုပ်၊ မုန့်စိမ်းပေါင်းနှင့် ဘဲဥပြုတ်များ ဝယ်ယူစားသောက်နိုင်သည်။

ညောင်ခါးရှည်ဘူတာမှ ထွက်ခွာလာသည့် ရထားကြီးသည် မကြာမီအချိန်တွင် စစ်တောင်းမြစ်ကိုဖြတ်၍ ဆောက်လုပ်ထားသော သံတံတားကြီးပေါ်မှာ ကူးဖြတ်ပါသည်။ တံတားကြီးပေါ်မှ ရထားဖြတ်ကူးချိန်တွင် မီးရထားပြတင်းပေါက်မှ လှမ်းကြည့်ပါလျှင် မြစ်ပြင်ကျယ်ကို တွေ့မြင်ရသဖြင့် မသွားဖူးသူများအဖို့ ကြောက်စရာကောင်းလှသည်။

ထို့နောက် စစ်တောင်း၊ မုပ္ပလင်၊ ကျိုက္ကသာ၊ ဘုရားကြီးတို့ကိုဖြတ်၍ မွန်းလွဲနှစ်နာရီအချိန်တွင် ကျိုက်ထိုမြို့သို့ ဆိုက်ရောက်ပါသည်။

ကျိုက်ထိုမြို့တွင် ထိုခေတ်က ရွှေကြိုများ၏ အိမ်များရှိပါသည်။

ကျိုက်ထိုမြို့သို့ရောက်ပြီး ကင်ပွန်းစခန်းသို့ လှည်းငှါး၍ ထွက်ခွာမီ ကျိုက်ထိုမြို့ရှိ ရွှေကြိုများအိမ်တွင် ခေတ္တတည်းခိုကြပါသည်။

ရွှေကြိုဆိုသည်မှာ ဘုရားတွင်ရွှေချရန် ရွှေဆိုင်းရောင်းသူများဖြစ်သည်။

ရွှေကြိုများသည် ရထားကြီး ကျိုက်ထိုမြို့သို့ မရောက်မီ ဘုရားကြီးဘူတာမှပင် စတင်၍ ရထားပေါ်ရှိ ဘုရားဖူးများအား



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်တွင် တည်းရန်နှင့် ကျိုက်ထီးရိုးဘုရားကြီးကို ရွှေချမည်ဆိုပါက သူတို့ဆိုင်မှ ရွှေဆိုင်းများဝယ်ယူပါရန် ဈေးဆွယ်ကြပါသည်။

ထိုခေတ်က ကျိုက်ထိုမြို့တွင် တည်းခိုခန်းများ မရှိသဖြင့် ဘုရားဖူးရန် ညနေရထားဖြင့် ရောက်လာသူများသည် ထိုရွှေကြိုများ၏အိမ်တွင်ပင် ညအိပ်နားခိုကြသည်။

ထိုကာလက ရန်ကုန်တွင် သုံးလက်မပုံကြီး ရာဆိုင်းတစ်ဆိုင်းကို ငါးကျပ်ပေါက်ဈေးရှိချိန်တွင် ကျိုက်ထိုရွှေကြိုများထံတွင် အစိတ်ဆိုင်းကလေးတစ်ဆိုင်းကို ငါးကျပ်ပေါက်ဈေးရှိပါသည်။

ဘုရားဖူးများသည် ကျိုက်ထိုမြို့ဈေးတွင် ဆန်၊ ငါးပိ၊ ငါးခြောက်၊ ငါးသေတ္တာ၊ နို့ဆီဘူး၊ သကြား စသည်တို့ကို ဝယ်ကြသည်။

အကယ်၍ ကျိုက်ထိုတွင် စားဖွယ်ပစ္စည်းများ မဝယ်ဘဲ တောင်ပေါ်ရောက်မှဝယ်လျှင် ၎င်းအချိန်က ဆန်တစ်ပြည်ကို (၁)ကျပ်အထိ ဈေးကြီးပေးဝယ်ရသည်။

ဘုရားဖူးလှည်းများသည် ကျိုက်ထိုမှ ကင်ပွန်းစခန်းသို့ ညနေလေးနာရီထိုးမှထွက်သည်။ စော၍ထွက်လျှင် နေပူသဖြင့် လမ်းကြမ်းကြမ်းတွင် လူနွမ်းကာ နွားပန်းမည်စိုး၍ ဖြစ်သည်။

ကင်ပွန်းစခန်းလမ်းမှာ ကြမ်းလှသည်။

တောရကျောင်း၊ ဆိပ်ဖူးတောင်တို့ကို ကျော်လျှင် ကွင်းရားရှည်သို့ရောက်သည်။





ကွင်းရားရှည်ရောက်လျှင် လမ်းမှာ သိသိသာသာ ကြမ်းသာသည်။

ကွင်းရားရှည်ကို ကျော်လျှင်ထားဝယ်ဆိပ်၊ ထိုမှတစ်ဆင့် တောင်ကလေး ကျေးရွာသို့ရောက်သည်။

တောင်ကလေး ကျေးရွာတွင် မီးသွေးဖိုများ ပေါလှပါသည်။

တောင်ကလေးကျေးရွာကိုလွန်၍ အတန်မျှ မောင်းပြီးလျှင် အင်းဝစခန်းသို့ ရောက်လာသည်။

အင်းဝစခန်းတွင် လူအနွမ်းပြေ နွားအပန်းပြေစေရန် စည်းဖြတ်၍ ခေတ္တနားကြသည်။

"အင်းဝစခန်း"ဆိုသည်မှာ ရွာမဟုတ်ပါ။ ဈေးသည်များနှင့် စည်စည်ကားကားရှိသော ခရီးထောက်စခန်းတစ်ခုသာ ဖြစ်ပါသည်။

အမျိုးသား ပညာဝန်ဦးဖိုးကျားရေးသားသော ဘုရားဖူးသွားခြင်း ကိုယ်တွေ့ဝတ္ထုတွင် အင်းဝစခန်းကို သရုပ်ဖော်ရေးဖွဲ့ထားပုံကို အလျဉ်းသင့်၍ ဤနေရာတွင် ထည့်သွင်းဖော်ပြပါသည်။

ကျိုက်ထိုသို့ရောက်လျှင် ထိုအခါက မော်တော်ကားများသွားသဖြင့် လှည်းငှား၍သွားကြသည်။ ကျိုက်ထီးရိုးတောင်ခြေ၍ တင်မွှန်းစခန်းမရောက်မီ ခရီးတစ်ဝက်သာသာ၌ အင်းဝစခန်းသို့ရောက်ရာ ခရီးနားကြသည်။ ထိုစခန်းမှာ ရွာနီးချုပ်စပ်က သူများလာရောက်၍ ဆိုင်တည်ခင်းသော ခရီးထောက်နေရာ



www.burmeseclassic.com

www.burmeseclassic.com



စခန်းကြီးဖြစ်သောကြောင့်၊ ထမင်း၊ ဟင်း၊ လက်ဖက်ရည်၊ ဘူးသီးကြော် စသည်ဖြင့် အစားအသောက်ပြည့်စုံသည်. . ဟူ၍ ရေးဖွဲ့ထားသည်။

အင်းဝစခန်းမှ ထွက်လျှင်လမ်းလုံခြုံရေး စိတ်မချရတော့ပါ၊ တောပုန်းဓားပြများသည် လူနည်းသောလှည်းများကို တိုက်ခိုက်လုယက်ကြပြီး တစ်ခါတစ်ရံ ပြန်ပေးဆွဲသည်အထိ သောင်းကျန်းကြပါသည်။

ထို့ကြောင့် အင်းဝစခန်းမှထွက်သော လှည်းများတစ်စီးချင်းမထွက်ဘဲ သုံးစီးလေးစီးစသည်ဖြင့် အုပ်စုဖွဲ့၍ထွက်ကြသည်။

လှည်းသမားကလည်း မမျှော်လင့်ပဲ အန္တရာယ်တွေ့ကြုံရပါက ခုခံနိုင်ရန်. . . လှည်းများပေါ်တွင် ဓားများ၊ လှံများ ဆောင်ယူထားကြသည်။

အင်းဝနှင့် ကင်ပွန်းစခန်းအကြားရှိ လမ်းသည် တောပုန်းဓားပြ အန္တရာယ်ရှိသကဲ့သို့ လမ်းခရီးကလည်း ပိုမိုကြမ်းတမ်းလာပါသည်။

'ပဒဲကောရိုး၊ ဆင်ခေါင်းတောင်စသည့် မော်တော်ကားလမ်းခွဲတို့ကို ကျော်လျှင် ချောက်ကမ်းပါးများ ထူထပ်သော ပိန္နဲမြောင်သို့ ရောက်ပါသည်။

ထို့နောက် မဟူရာချောင်းကို ဖြတ်ကျော်ပြီးလျှင် ကင်ပွန်းစခန်းသို့ ရောက်ပေပြီ။

ကင်ပွန်းစခန်းရှိ ဇရပ်ကြီးများတွင် ဘုရားဖူးခရီးသည်





များ နားနေနိုင်ကြသည်။ အနီးရှိ ကျောက်ရေတွင်း၌ ရေအဝချိုးနိုင်သည်။ ဈေးဆိုင်များရှိ၍ မုန့်ပဲ သရေစာများ ဝယ်ယူစားသောက်နိုင်ကြသည်။

ကင်ပွန်းစခန်း ဇရပ်များတွင် ညအိပ်ပြီး မနက်ငါးနာရီတွင် တောင်ပေါ်စတက်ကြသည်။

ထိုခေတ်အခါက တောင်ပေါ်သို့ ဆန်တစ်တင်းထမ်းခမှာ နှစ်ကျပ်၊ သုံးကျပ်ဖြစ်သည်။

ကျိုက်ထိုနှင့် ကင်ပွန်းစခန်း လှည်းအသွားအပြန် ငှားခမှာ လေးကျပ်ဖြစ်သည်။

ကင်ပွန်းစခန်းမှ ရင်ပြင်တော်အထိ စားသောက်ဖွယ်ရာအိပ်ရာလိပ်စသည်တို့ကို ထမ်းပေးသည့် ယောက်ျားအထမ်းသမားတစ်ယောက်ကို လေးကျပ်၊ ငါးကျပ်ပေး၍ ငှားရပါသည်။

ကင်ပွန်းစခန်းတက်လျှင် လှည်းစခန်း၊ ရေမြောင်ကသေး၊ ရှန်းပင်စခန်းတို့ကို ကျော်ပြီး မရမ်းတောင်ခြေစခန်းသို့ ရောက်ပါသည်။

ထိုမှတစ်ဆင့်တက်လျှင် ဇင်ပြွန်းပင်စခန်းသို့ ရောက်ညီဖြစ်သည်။ ထိုစခန်းတွင် မုန့်မျိုးစုံရောင်းသော ဈေးဆိုင်အလေးများရှိ၍ ဒေသထွက်မုန့်များကို ဝယ်ယူစားသောက်ကာ အနားယူနိုင်ပါသည်။

အဆိုပါစခန်းမှ ဆက်လက်ထွက်ခွာပါက ရွှေရင်ဆိုင်ဆောက်ရှာပင်စခန်း၊ ရေတံခွန်မြောင်၊ မျှော်တော်တောင်ဘုရားများကို ကျော်ဖြတ်ပြီး ဝေဠုဝန်တောင်စခန်းသို့ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဠုဝန်တောင်စခန်းတွင်လည်း အပမ်းဖြေ အနားယူနိုင်သည့် ဈေးဆိုင်တန်းများရှိသည်။

ဝေဠုန်ဝန်စခန်းလွန်လျှင် ရေမြောင်ကြီးစခန်းသို့ ဆိုက်ရောက်ပါသည်။

ရေမြောင်ကြီးစခန်းတွင် ဇရပ်သုံးဆောင်ရှိသည်။

အချို့သော ဘုရားဖူးများသည် ကင်ပွန်းစခန်းတွင် ညမအိပ်ပဲ ရေမြောင်ကြီးတွင် ညအိပ်လေ့ရှိပါသည်။

ရေမြောင်ကြီးတွင် ဈေးဆိုင်များရှိ၍ ရေမြောင်ကြီးတံတားကြီး၏ လက်ဝဲဘက်တွင် ရေချိုးသူများ စည်ကားလှပါသည်။

ရေမြောင်ကြီးစခန်းကျော်လျှင် ပန်းမတောင်စခန်း၊ မဟာမြိုင်၊ ကွမ်းသီးပင်စခန်း၊ ထိုမှတစ်ဆင့် ဘိုးပြန်တောင်သို့ ဆိုက်ရောက်သည်။

'ဘိုးပြန်တောင်'ဟု ခေါ်ရခြင်းမှာ ရှေးအခါက သက်ကြီး ရွယ်အိုများသည် သားမြေးများနှင့်အတူ ကျိုက်ထီးရိုးဘုရားသို့ဘုရားဖူးလာစဉ် ထိုတောင်မြင့်ကြီးသို့ရောက်လျှင် တောင်ကိုမော့ကြည့်ပြီး. . .

"သားတို့ မြေးတို့ပဲ ဘုရားရောက်အောင် ဆက်သွားကြတော့ကွာ၊ အဘိုးကတော့ ဒီတောင်ကြီးကို မတက်နိုင်တော့လို့ ဒီကလှည့်ပြန်တော့မယ်"

ဟုပြောပြီး ပြန်သွားတတ်ကြခြင်းကြောင့်ဟု ထိုအမည်တွင်နေခြင်းဖြစ်သည်။





ဘိုးပြန်တောင်ကြီးကို အောင်မြင်စွာတက်ပြီးလျှင် ဘန့်[illegible]ပင်စခန်း၊ စိုင်တမော့၊ ကျောက်ဖျာစခန်း၊ ရွှေနန်းကျင်ရုပ်[illegible] ကျောက်သမ္ဗန်တို့ကို လွန်လျှင် ဆံတော်ရှင်မြတ် ကျိုက်ထီး[illegible]သို့ ရောက်ပြီးဖြစ်ပါသည်။

ဤနေရာတွင် ကျိုက်ထီးရိုးဘုရားဖူးတက်ပုံကို စာရေးဆရာ စိန္တာသက္ကရေးဖွဲ့ထားသည့် တေးထပ်ကို ထည့်သွင်းဖော်[illegible]ည်။

**"ကျိုက်ထီးရိုးဘုရားဖူးတေးထပ်"**

မရမ်းတောင်တွေခွင်မို့
သချင်ဖို့ခက်အင်
ရွှေရင်ဆို့အတက်တွင်ငယ်
အသက်ပင်ရှုမှား
ရေမြောင်ကြီးစခန်းအခြေမှာ
အပန်းဖြေဆိုင်းလင့်လို့နား
ညီးတစ်ဖန်စိုးရန် မောင်ငယ်
ခိုးလျှံမှောင်ထက်ဖျား
ဘိုးပြန်တောင် တက်အသွားတွင်ဖြင့်
အသက်များသေဖွယ်
ခြေကုန်ပြီ ယိုင်ကာလျော့ရချည့်
စိုင်တမော့ကုန်းမြင့်တောင်စွယ်
မှန်မဝေးဘု လမ်းနံဘေးအဆွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စခန်းကလေးမကွယ် တစ်ခါနားပါလို့

ဘဂဝါဘုရားမြတ်စေတီတော်

လှမ်းရှုလို့မျှော်

ကျိုက္ကသီရိုး ကိုယ်တော်ရယ်

တန်ခိုးတော် တောက်လွှန်းလို့လေး။ ။

ဖော်ပြပါ ကျိုက်ထီးရိုးဘုရားဖူးသွား ခရီးစဉ်သည် (၁၉၀၉)ခုနှစ်၊ လွန်ခဲ့သော နှစ်ပေါင်း(၁၀၄)ကြာ ကာလက အ ခြေအနေဖြစ်ပါသည်။

ရှေးအနှစ်တစ်ရာကျော်က ခရီးစဉ်ကို ဖတ်ရှုပြီးပါ ယခုခေတ် ကျိုက်ထီးရိုးဘုရားဖူး သွားရပုံနှင့် လွန်စွာကွာခြ သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုမျှမက မီးရထားလမ်း မပေါက်သေးသော ရှေးပ အဆက်ဆက်က ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတို့သ လှည်းတစ်တန်၊ လှေတစ်တန်၊ ခြေလျင်တစ်မျိုးဖြင့် ဆံတော်ရှ ကျိုက်ထီးရိုးဘုရားကို ခက်ခက်ခဲခဲ သွားရောက်ဖူးမြော်ခဲ့ကြ သည်။

ဤမျှခက်ခဲသော ခရီးလမ်းဖြင့် ဘုရားဖူးသွားခဲ့ကြသ ရှေးခေတ်က ဘုရားဖူးခရီးသည်များသည် "နောက်တစ်ခေါ ကျိုက်ထီးရိုးဘုရားဖူး ရောက်ရလျှင် သေပျော်ပါပြီ" ဟု တမ်း ကြသည်ဟု ဆိုကြသည်။

ကျိုက်ထီးရိုးဆံတော်ရှင် စေတီသို့တက်ရောက်နိုင်သ လမ်းတစ်လမ်းဖြစ်သော စစ်တောင်းလမ်းမှ ကျိုက်ထီးရိုးဘု





တက်ပုံကို ဆက်လက်ဖော်ပြပါမည်။

စစ်တောင်းလမ်းမှ ကျိုက်ထီးရိုးဘုရားဖူးတက်လျှင် ရပ်စခန်းမှာ "ကွဲခေါင်းရွာစခန်း" ဖြစ်ပါသည်။

စစ်တောင်းမြစ်ကမ်းခြေရွာများမှ လမ်းကြောင်းပေါင်းစုံ ကျိုက်ထီးရိုးဘုရားဖူးလာလျှင် ကွဲခေါင်းရွာသို့ပင် ဆိုက် ရောက်ကြသည်။

ထို့ကြောင့် အဆိုပါလမ်းကြောင်းကို ကွဲခေါင်းလမ်းဟု ကြ ခေါ်ဝေါ်ခြင်းဖြစ်သည်။

ကျိုက်ထီးရိုးဘုရားဖူး အများဆုံးသွားလာသော စစ် တောင်းလမ်း (ကွဲခေါင်းလမ်း)သုံးသွယ်ရှိပါသည်။

ပထမလမ်းမှာ စစ်တောင်းရွာမှ စထွက်ပြီးပျဉ်းကတိုး ရွာ၊ တော့ရစ်ရွာ၊ ကျောက်ပုံတောင်ရွာ၊ ကျိုက်ဆီယိုဘုရား ပိုင်ဒွတ်နှင့် မိုးဘောကြား)၊ အောက်ကွဲခေါင်း၊ မိုးတောရှင် နတ်စင်တို့ကို ဖြတ်ကျော်ပြီးလျှင် ကျိုက်ထီးရိုးတောင်ခြေ ကွဲခေါင်းသို့ ရောက်ပါသည်။

မြေပြင်လမ်းအကွာအဝေး (၁၈)မိုင် ဖြစ်ပါသည်။

ဒုတိယလမ်းကြောင်းမှာ သိမ်ဇရပ်ရွာမှ ထွက်၍သုံးခွ ရွာ၊ ဇီးပြောင်း(၅)ဝါးဘိုးချောင်း၊ မိုးတော၊ ကျောက်ဖျာရွာ ဖြတ်ကျော်၍ ကွဲခေါင်းစခန်းသို့ရောက်သော လမ်းဖြစ် သည်။

တတိယလမ်းကြောင်းမှာ ဇလုပ်ကြီးရှမ်းစုမှ စထွက်၍ ရွာ၊ ကျောက်ရေတွင်း၊ ကမော့ကရစ်၊ ဇီးပြောင်း(၁)၊



www.burmeseclassic.com

www.burmeseclassic.com



ဒါးဘလုပ်ကွင်း၊ ကျောက်စာ၊ ခမောက်ခွေ၊ မိုးတောတို့ကို ဖြတ်၍ ကွဲခေါင်းသို့ ရောက်ပါသည်။

ကွဲခေါင်းသို့ရောက်လျှင် ကျိုက်ထီးရိုးဘုရားသို့ တောင် စဉ်အတိုင်းတက်ရာ၌ ဘယ်လမ်းနှင့် ညာလမ်းဟူ၍ ရှိပါသည်။

ဘယ်လမ်းမှတက်လျှင် ပျားဆွဲတောင်၊ ကျောက်ထ ကြီးတို့မှတစ်ဆင့် မုဆိုးတောင်လမ်းကြောင်းအတိုင်း ရင်ပြင် တော်သို့ရောက်သည်။

ညာလမ်းမှတက်လျှင် ခေါင်းဆေးကန်သို့ ရောက် သည်။ ခေါင်းဆေးကန်သည် ဆယ်တောင်ပတ်လည်မျှ ကျယ် ရေအလွန်နက်သည်ဟု ဆိုပါသည်။

ရေမှာ အပြာရောင်ရှိ၍ ကြီးမားသော ငါးသလိန်ငါးကြီး များရှိပါသည်။ ထိုငါးများကို မည်သူမျှ ဖမ်းယူစားသောက်ကြခြင်း မရှိပါ။

ခေါင်းဆေးကန်ကိုလွန်လျှင် ရင်ကွဲဇရပ်သို့ ရောက် သည်။

ရင်ကွဲဇရပ်သို့ရောက်လျှင် ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားကို လှမ်းမျှော်ဖူးတွေ့နိုင်ပါပြီ။

၎င်းမှဆက်တက်ပါက ပန်းမတောင်နှင့် စိုင်တမော့ ကို ကျော်ဖြတ်ပြီး ကျီးကန်းပါးစပ်သို့ ရောက်သည်။

ကျီးကန်းပါးစပ်မှတစ်ဆင့် ဘုရားရင်ပြင်တော်ပေါ် တက်ရပါသည်။

စစ်တောင်းလမ်းအထွက်သည် ကျိုက်ထိုလမ်းထက်ပို





ခြင်းသာယာလှပပါသည်။

မြေပြင် (၁၈)မိုင်တွင် စမ်းချောင်းများစွာရှိ၍ ရေပေါ သော်လည်း တောင်တက် (၆)မိုင်ခရီးတွင် ရင်ကွဲဇရပ်လွန်လျှင် ရေရှားပါသည်။

ပန်းမတောင်နှင့် စိုင်တမော့တို့တွင် ရေမရဘဲ ကျီးကန်း ပါးစပ်ရောက်မှ ရေရရှိသည်။

ထို့ကြောင့် ရှေးခေတ်ဘုရားဖူးများသည် ဝါးကျည် တောက်ကလေးများဖြင့် လူတစ်ကိုယ် သယ်ယူနိုင်သော ရေကို ထည့်ပိုး၍ တောင်တက်ကြပါသည်။

စစ်တောင်းလမ်းသည် သီးနှံပင်များဖြစ်ထွန်းသဖြင့် သောထွက်သီးနှံများ အလွယ်တကူ ဆွတ်ခူးနိုင်အောင် ပေါများ လှပေသည်။

ရှေးခေတ် စစ်တောင်းလမ်း၏ ထူးခြားချက်တစ်ရပ်မှာ ဘုရားပေါ် သို့ ဆင်ငှား၍ တက်ရောက်နိုင်ခြင်းဖြစ်သည်။

ဆင်ကို လူစီးနည်းပြီး ကုန်တင်ရာတွင် အဓိကအသုံး ပြုကြသည်။

ထိုခေတ်က ဆင်စီးလိုပါက ကွဲခေါင်းပင် စခန်းတွင်အ လွယ်တကူ ငှားယူနိုင်ပါသည်။

(၁၉၆၇)ခုနှစ်ခန့်မှစ၍ ကွဲခေါင်းစခန်းမှဖြတ်၍ ဘုရား သို့ သွားလာခြင်းမပြုကြတော့သည်မှာ ခရီးသွားလာရေး လွယ် ကူသော ယနေ့ခေတ်အထိ ဖြစ်ပေသည်။

ကွဲခေါင်းရွာမှ ကျိုက်ထီးရိုးဘုရားသို့ သွားသည့်ခရီး



www.burmeseclassic.com

www.burmeseclassic.com



ထမ်းကိုဖော်ညွှန်းသည့် တေးထပ်တစ်ပုဒ်ကို ဖော်ပြပါမည်။ အညော်မသိ စာဆို၏လက်ရာဖြစ်သည်။

### "ကျိုက်ထီးရိုးဘုရားဖူးခရီး"

"ကျွဲခေါင်းရွာ" လမ်းအစ
စမ်းအလှ ခွေလည်
ပန်းသမျှ ပြေသည်ကွယ်
မေမဒီတက်လှမ်း။
"ခေါင်းဆေးကန်"ရေ ရေပြာမှာ
ထွေထွေလာ ငါးကြီးတွေဆန်း။
"ရင်ကွဲဇရပ်" လွမ်းရှုမျှော်လျှင်
ဆံတော်ရှင်မြင်စွမ်း။
"ပန်းမ"ဆို သည်တောင်တန်းမှာလ
ရည်မှောင်သန်းပြာရီ။
"စိုင်တဲမော့"မိုးထက်ထိုးပြန်တော့
စိုးချက်တိုး မောင့်နှမဒါလီ။
မောင်ထမ်းလို့ လှမ်းပွေ့မည်ကွယ်
ချမ်းမြေ့သည် "ကျီးပါးစပ်"စခန်းက
ခရီးမတ်လမ်း လှမ်း၍ကျော်ပြီ
မြတ်ကုန်းတော်ဆီ။
ကျိုက်ထီးရိုးရွှေစေတီဝယ်
ဆုခြွေရည် ဖူးရသည်လေး။ ။





ရှေးအခါက ဗုဒ္ဓဘာသာဝင်တို့ ဘုရားဖူးရန်အတွက် ခက်ခက်ခဲခဲသွား ရောက်ခဲ့ပုံများကို အထက်ပါ ခရီးစဉ်ကို ကြည့် ပါက သိနိုင်လောက်ပေသည်။

ထိုနေရာမှ မဟုတ်သေးပဲရွှေစက်တော်၊ အလောင်း တော်ကဿပလိုဏ်ဂူ စသောနေရာများကိုလည်း တောတောင် များအတွင်းမှ ကျော်ဖြတ်ကာ ခက်ခက်ခဲခဲသွားရောက်ခဲ့ရပုံများ အကြောင်းကို အခြားရေးသားပြီးသော ဝတ္ထုများတွင် ထည့်သွင်း ရေးသားခဲ့ပြီး ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုသဒ္ဓါစိတ်မှာ ထက်သန်မှု ရှိကြသောကြောင့် သာမန်အခက်အခဲများလောက်ကို ကျော် ဖြတ်သွားနိုင်ခဲ့ကြကြောင်း မှတ်တမ်းများပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၅]

# ဘဝဖြင့်ရင်းရသော အပေးအယူ

ထိုနေ့ကတောင်ခြေတစ်ဝိုက်မှာ လူရှင်းလျက်ရှိနေသည်။ နံနက်ပိုင်းအချိန်ကပင် ဘုရားဖူးဧည့်သည်များကို တောင်ပေါ် လိုက်ပို့နေကြသောကြောင့် အလုပ်သမားနှင့် အထမ်းသမားသည်း မရှိကြပေ။

နောက်ထပ် ဘုရားဖူးများ ရောက်မလာသေးသော အချိန်မျိုးမှာ တောင်ခြေမှာရှိကြသော ဈေးဆိုင်များလည်းနားကြရသည်။ သို့ကြောင့် မြနှင်းဖြူ၏ အဖေနှင့်အမေတို့မှာ ငှင်းတို့ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သော ခြံရှိရာသို့ တက်သွားကြလေသည်။

ခြံရှိသောနေရာမှာ လေးငါးမိုင်ခန့်ဝေးသော တောင်ခြေတစ်နေရာမှာရှိသောကြောင့် တစ်နာရီကျော် နှစ်နာရီမျှ ကြာအောင်သွားကြရသည်။

မနက်စောစောကတည်းက ရေဘူး၊ ထမင်းထုပ်များယူဆောင်ပြီး သွားကြခြင်းဖြစ်သည်။

ခြံထဲမှာ ဒူးရင်းပင်၊ ပိန္နဲပင်၊ မရမ်းပင်၊ ဒညင်းပင်များအပြင်. . အခြား သရက်စသောအပင်များလည်း ရှိသည်။

သီးနှံထွက်သော အချိန်ရောက်လျှင် အသီးအနှံများကို အလုပ်သမားများခေါ်ပြီး လှည်းဖြင့်သယ်ယူကြသည်။

ခြံရှင်းချိန်၊ အသီးအနှံခူးချိန်ရောက်မှ ခြံထဲမှာလူရှိပြီး ကျန်အချိန်များမှာတော့ ဒီအတိုင်းသာ ထားပြလေသည်။

ရှေ့အခန်းများတွင် ရေးခဲ့သည့်အတိုင်းအစောင့်မရှိပဲထားသော်လည်း မည်သူကမှ ဝင်မယူဝံ့သဖြင့် ပျောက်ရှခြင်းမရှိကြပေ။

၄င်းတို့နှင့်အတူ ခြံရှင်းရန် အလုပ်သမားအချို့ကိုပါခေါ်သွားကြလေရာ အိမ်မှာတော့ မြနှင်းဖြူတစ်ယောက်သာကျန်ခဲ့လေသည်။

ထိုအချိန်တွင် ဆရာကျော်ဆိုသူ ရောက်လာလေသည်။

"အဖေနဲ့အမေခြံထဲသွားကြလို့ အိမ်မှာမရှိပါဘူးရှင်"

အိမ်မှာ ကြာကြာမနေစေလိုသောကြောင့် ထိုကဲ့သို့ပြောလိုက်ခြင်းဖြစ်သည်။





"ဒီလိုဆိုရင်လည်း ခဏတော့ ဝင်ထိုင်ပါရစေ၊ မင်းနဲ့စကားပြောချင်လို့ပါ"

"ထိုင်ပါ. . ."

ဟုခွင့်ပေးလိုက်သဖြင့် ဆိုင်ရှေ့မှာချထားသော ကွပ်ပျစ်ပေါ်မှ ဝင်ထိုင်လေသည်။

ဆရာကျော်ဆိုသူမှာ ထုံးစံအတိုင်း အင်္ကျီ၊ ဘောင်းဘီတို့ကို ဝတ်ထားပြီး သျှောင်တစောင်းကို ပဝါဖြင့် ပေါင်းထားလေသည်။ နံဘေးမှာ လွယ်အိတ်တစ်လုံး လွယ်ထားပြီး တောင်ဝှေးတစ်ချောင်းလည်း ပါလာသည်။

သူက အသက်(၃၀)ဝန်းကျင်အရွယ်ရှိနေပြီမို့ မြနှင်းဖြူထက် (၆)နှစ် (၇)နှစ်ခန့် ကြီးသည်။

"မင်းနာမည်က ဘယ်လိုခေါ်သလဲ"

"မြနှင်းဖြူပါ. ."

"ငါ့နာမည်က "မောင်ကျော်" လို့ခေါ်တယ်. . ငါတို့က အဝေမြောင်ရွာမှာ နေပါတယ်"

မြနှင်းဖြူက ဘာမှပြန်မပြောပဲ ကြည့်ရုံသာကြည့်နေသည်။ သို့ကြောင့် ဆရာကျော်ဆိုသူမှာ ရှေ့သို့စကားမဆက်တတ်အောင် ဖြစ်သွားတော့သည်။ ပြီးမှ တစ်ခုခုကို ဆုံးဖြတ်ထားဟန်ဖြင့် စကားပြန်ဆက်လေသည်။

"ငါပြောချင်တာက တခြားမဟုတ်ပါဘူး၊ ငါဒီလို မကြာခဏလာနေတာ မင်းလည်းမြင်မှာပေါ့၊ လာရခြင်းအကြောင်းရင်းကတော့ မင်းကိုသဘောကျနေလို့ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



**မြနှင်းဖြူ**အနေဖြင့် ကြိုတင်မှန်းဆထားသည့် စကားဖြစ်**အဖြင့်** သိပ်တော့ မအံ့ဩမိပါချေ. . ။

သို့သော်လည်း စိတ်ထဲမှာတော့ လှုပ်ရှားသွားလေသည်။

“ငါတို့မှာ သစ်သီးထွက်တဲ့ ခြံတွေလည်းရှိတယ်၊ နောက်ပြီး မိဘဘိုးဘွားတွေဆီက အမွေရထားခဲ့တဲ့ ရွှေငွေရတနာတွေလည်းရှိပါတယ်၊ ငါမေတ္တာကို လက်ခံပေးမယ်ဆိုရင် ရွှေငွေရတနာတွေနဲ့ တင်တောင်းပါ့မယ်”

“ကျွန်မက ဥစ္စာပစ္စည်းမက်မောတတ်သူ မဟုတ်ပါဘူး နောက်ပြီး ရှင်နဲ့ ကျွန်မနဲ့က အခုမှတွေ့ကြတာဆိုတော့ တစ်ယောက်အကြောင်းလည်း တစ်ယောက်က ဘာမှမသိကြရသေးပါဘူး၊ ရွှေပြရုံနဲ့ တွေ့တဲ့လူကို အခုကြိုက်ရအောင်လည်း ကျွန်မမမိုက်မဲသေးပါဘူး”

ဟုပြန်ပြောရာ ဆရာကျော်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

နောက်မှ ချက်ချင်းမျက်နှာပြင်ကာ ဆက်ပြောပြန်သည်။

“ငါနဲ့ပတ်သတ်တဲ့ အကြောင်းတွေကို စုံစမ်းချင်သေးတယ်ဆိုရင်လည်း စုံစမ်းနိုင်ပါတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါကတော့ လိုချင်တာကို ရအောင်ကြိုးစားချင်တာပါပဲ. . ”

“အဲဒီလိုဆိုရင်တော့ ရှင့်ကိုပွင့်ပွင့်လင်းလင်းပဲ ပြောရတော့မှာပဲ၊ ရှင်က ကျွန်မမိဘတွေကို သဘောကျအောင် တစ်နည်းနည်းနဲ့လုပ်ပြီး ကြံစည်မယ်ဆိုရင်လည်း ကျွန်မဘက်ကတော့ ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ဘူးဆိုတာတော့ ကြိုပြောထားပါရစေ. . . ”





“ဘာကြောင့် လက်မခံနိုင်တာလဲ”

“ကျွန်မမှာ ဘဝအတွက် ရည်စူးထားပြီးသား ချစ်သူရှိနေလို့ပါ”

ဟု အမှန်အတိုင်း ပြောလိုက်လေသည်။

ဆရာကျော် အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ မြနှင်းဖြူကိုကြည့်ပြီး ပြောသည်။

“မင်းနဲ့ မေတ္တာမျှနေတာ ဘယ်သူလဲဆိုတာ ငါသိတန်သလောက်တော့ သိပါတယ်၊ အမျိုးသမီးတစ်ယောက်မှာ ချစ်သူရှိနေပြီဆိုရုံနဲ့တော့ ကျန်တဲ့လူတွေအတွက် အခွင့်အရေးဆုံးရှုံးသွားတာမှ မဟုတ်တာ၊ မင်းကို တစ်စုံတစ်ယောက်က ပိုင်ဆိုင်ခွင့်မရမချင်း ကျန်တဲ့လူတွေမှာလည်း ကြိုးစားခွင့် ရှိကြတာပဲမဟုတ်လား”

ထိုသို့ပြောသောအခါ မြနှင်းဖြူက တအံ့တဩအမူအရာဖြင့် ကြည့်နေလေသည်။

“အခြေအနေဆိုတာ အချိန်နဲ့အမျှ တစ်မျိုးပြီးတစ်မျိုးပြောင်းနေတာဆိုတော့ ဘာမှပုံသေတွက်ထားလို့ မရဘူး၊ မင်းတို့နှစ်ယောက်က အခုချစ်သူတွေဖြစ်နေကြပေမယ့် နောက်တစ်ချိန်ကျရင် ဖြစ်ချင်မှဖြစ်မှာပေါ့ မဟုတ်ဘူးလား”

“ရှင်ပြောသလို ကျွန်မက အပြောင်းအလဲများတဲ့သူမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ဒါပေမယ့် သူ့ဘက်က ပြောင်းလဲသွားခဲ့ရင်ကော မင်း ဘယ်လိုပြောမလဲ"

မြနှင်းဖြူမှာ ဒေါသစိတ်ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

"ရှင့်ကြည့်ရတာ လူတွေကို အထင်အမြင်သေးတတ်ပုံရတယ်၊ လူတွေမှာ ချမ်းသာပေမယ့် သစ္စာကို တန်ဖိုးမထားတတ်တဲ့သူမျိုးတွေရှိသလို၊ ဘဝပေးကံမကောင်းလို့ ဆင်းရဲနေကြပေမယ့် သစ္စာတရားကို အသက်လို တန်ဖိုးထားတတ်တဲ့ သူမျိုးတွေရှိကြတယ်၊ ကျွန်မချစ်သူက ဆင်းရဲပေမယ့် သစ္စာတရားကို တန်ဖိုးထားတတ်တဲ့ သူတစ်ယောက်ပဲ"

ဆရာကျော် အသံမထွက်ဘဲ တစ်ချက်ရယ်လိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့လေ ငါကတော့ အချိန်နဲ့အမျှ ငါ့အတွက် အခွင့်အရေးတွေရှိနေတယ်လို့ပဲ ယူဆထားပါတယ်၊ ပြိုင်ပွဲတစ်ခုမှာ သူတင်ကိုယ်တင်ယှဉ်ပြိုင်နေတဲ့အချိန်မျိုးမှာ ပြိုင်ဘက်တစ်ခုခုဖြစ်သွားလို့ အရှုံးပေးရတာမျိုးလည်း ရှိတတ်တယ်လေ၊ ငါကတော့ ဒီအခွင့်အရေးကို စောင့်ပြီးမင်းကို အရယူဖို့ ကြိုးစားရမှာပဲ. ."

"ကျွန်မဘဝကို ရှင့်လိုလူမျိုးတစ်ယောက်ရဲ့ လက်ထဲကိုတော့ ဘယ်တော့မှမထည့်ဘူး၊ ဘာကြောင့်လည်းဆိုတော့ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာကိုတော့ ယုတ်မာမှုတွေနဲ့ အခွင့်အရေး





ယူဖို့စောင့်နေမှတော့ ဘာမှတန်ဖိုးရှိတော့မှာ မဟုတ်ဘူး"

ဟုပြောရာ ဆရာကျော်က ဘာမှပြန်မပြောနိုင်တော့သဖြင့် ရယ်နေလေသည်။

ထိုအချိန် ဆေးဝယ်ရန်ထွက်လာသော နီမောင်က မြနှင်းဖြူတို့ဆိုင်နှင့် မနီးမဝေးသို့ရောက်လာပြီးမှ ဆရာကျော်ရောက်နေသည်ကို မြင်သဖြင့် ရှေ့ဆက်မလာတော့ပဲ အခြားနေရာဘက်သို့ လှည့်သွားလေတော့သည်။

နီမောင်ပြန်လှည့်သွားသည်ကို မြနှင်းဖြူက လှမ်းမြင်လိုက်သည်။

နောက်ပိုင်းရက်များမှာတော့ နီမောင်နှင့် ထပ်မတွေ့ရတော့ပေ။ အဘယ်ကြောင့်ဆိုသော်. . .

နီမောင်ခမျာ ဖခင်အခြေအနေက တစ်နေ့တစ်ခြားဆိုးဝါးလာသောကြောင့် အပြင်မထွက်နိုင်ပဲ ပြုစုပေးနေရသောကြောင့်ဖြစ်သည်။

ဦးဗန်ကောင်းကလည်း ငှင်းစီမံဖော်စပ်ထားသော ဆေးများဖြင့် လာရောက်ကုသပေးသည်။

သို့သော်လည်း မသက်သာပေ။

နီမောင်တို့ ဒေါ်ကျင်မေတို့ နှစ်ယောက်ကတော့ ဦးဘမြ၏ နောက်ဆုံးအချိန်ကိုသာ မျက်ရည်ဖြင့် စောင့်နေကြရလေသည်၊

မြို့ပြနှင့် ဝေးသောနေရာဖြစ်သဖြင့် ဆေးရုံဆေးခန်းမရှိသောကြောင့် ဆေးနည်းတိုများဖြင့် ကုသရာမှ ရောဂါမသက်



www.burmeseclassic.com

www.burmeseclassic.com



သာ၍ တဖြည်းဖြည်း ဆိုးဝါးလာခဲ့ခြင်း ဖြစ်သည်။

ဦးဘရှိန်ကိုယ်တိုင်ကလည်း စိတ်လျှော့ချလိုက်ဟန်သည်။ ခြေထောက်ကောင်းစဉ်က တောင်တက်၊ တောင်ဆင်း အလုပ်များကို လူငယ်တစ်ယောက်ကဲ့သို့ သန်သန်မာမာလုပ်ခဲ့ရာမှ ယခုခြေထောက်တစ်ဖက်ကျိုးပြီး မသန်တော့သောအခါ စိတ်ဓာတ်ပါ ကျသွားဟန်ရှိသည်။

စိတ်ထောင်းကိုယ်ကြေ ဆိုသကဲ့သို့ စိတ်ဓာတ်ကျသွားသောအခါ အခြားရောဂါများကပါ ဝင်ရောက်စွဲကပ်လာကြခြင်း ဖြစ်သည်။

ယခုတော့ အိပ်ရာမှပင် မထနိုင်တော့ပဲ ပုန်းပုန်းလဲကာ သေမည့်အချိန်ကိုစောင့်နေရလေပြီ. . . ။

နီမောင်ကတော့ ဖခင်အပေါ်မှာ ငြိုငြင်မှုမရှိပဲ တတ်နိုင်သမျှ ပြုစုစောင့်ရှောက်ပေးလေသည်။

ဦးဘရှိန်က သတိပြန်ရလာပြီး နီမောင်အနားမှာရှိနေသောအချိန်နှင့်ကြုံလျှင် နီမောင်လက်တစ်ဖက်ကို ကိုင်ထားရင်းနှင့် မှာစရာရှိတာ မှာသည်။

"အဖေကတော့ နေရတော့မယ် မထင်ဘူး၊ အဖေမရှိတော့ရင် မင်းအမေကို ပစ်မထားနဲ့၊ သူ့ကိုစောင့်ရှောက်ပေးပါကွာ. ."

"အဖေကလည်း ကျွန်တော်က ဒီလောက်မမိုက်ပါဘူး လောကတစ်ခုလုံးမှာ ကျွန်တော်ဘဝအတွက် မိဘထက်ပိုအရေးကြီးတဲ့ကိစ္စမျိုး ဘာမှမရှိပါဘူး၊ အမေစိတ်ဆင်းရဲတဲ့ကိစ္စမျိုး





ဘယ်တော့မှ မလုပ်ပါဘူးလို့ ကတိပေးပါတယ်"

"အေးကွယ် ဒီစကားကြားရတာနဲ့ အဖေအသေဖြောင့်ပြီ. ."

"အဖေ မသေနိုင်သေးပါဘူး. . ၊ ကျွန်တော်ကြိုးစားပြီးတော့ ဆေးကုပေးမှာပါ. ."

ဦးဘရှိန်က ပြုံးရုံသာပြုံးပြပြီး ပြန်အိပ်ပျော်သွားလေသည်။ တဖြည်းဖြည်းနှင့်ညဉ့်နက်ပိုင်း အချိန်ရောက်လာလေပြီ။ အမေလည်း အိပ်ပျော်နေပြီမို့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

တစ်ခါတစ်ရံမှသာ အမေအိပ်သောအခန်းဘက်မှ ချောင်းဆိုးသံကြားရသည်။

နီမောင်သာ မအိပ်သေးဘဲ ဖခင်ကိုစောင့်နေရင်းနှင့် တွေးကောင်းနေလေသည်။

သူ့အတွေးထဲမှာ မြနှင်းဖြူနှင့် ပတ်သက်သောအကြောင်းများက တစ်ခုပြီးတစ်ခု ဝင်လာလေသည်။

သူ့အနေနှင့် မြနှင်းဖြူကို ဘယ်လောက်ပင် ချစ်နေစေကာမူ ပိုင်ဆိုင်ဖို့ရဖို့တော့ မလွယ်ပေ။

မြနှင်းဖြူကလည်း သူ့ အပေါ်မှာ ချစ်နေသည်။

သစ္စာရှိသည်ဆိုသော်လည်း ယခုလိုအခြေအနေမျိုးနှင့်တော့ နီးစပ်ဖို့ မဖြစ်နိုင်ပါပေ။

ထို့အပြင် အနှောင့်အယှက်တစ်ခုက ယခုဝင်လာနေပြီဖြစ်သောကြောင့် သူတို့အတွက်တော့ သောကလမ်းကို လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေရသကဲ့သို့ ရှိနေတော့သည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ လျှောက်လာသော

သံအချို့ကို ကြားလိုက်ရသည်။

သစ်ရွက်များပေါ်သို့ နှင်းစက်များကလည်း တဖြော

ဖြောက်နှင့် ကျနေသောကြောင့် ထိုအသံများနှင့် ရောနေသည်

နားစွင့်ကြည့်နေရင်း ကြားနေရသောအသံက တဲပေါ

ဝနှင့် မနီးမဝေးသို့ ရောက်သဖြင့် လှည့်ကြည့်လိုက်သည်။

တဲပေါက်ဝနှင့် မနီးမဝေးအပြင်ဘက်တွင် လူတ

ယောက် ရပ်နေသည်။

နဂါးပျံဆရာကျော် ဆိုသူပင်ဖြစ်သည်။

နီမောင်က သူ့ကိုမြင်ရသဖြင့် အံ့ဩသွားလေသည်

အချိန်မတော်ကြီး ရောက်လာသောကြောင့်လည်း ပို၍အံ့ဩ

သွားလေသည်။

သူကအိမ်ထဲမဝင်ပဲ အပြင်ဘက်မှာပင် ရပ်နေသော

ကြောင့် နီမောင်က နေရာမှထပြီး အပြင်ဘက်သို့ ထွက်သွားလေ

သည်။

"ဘာကိစ္စရှိလို့လဲ"

"မင်းနဲ့စကားပြောစရာရှိလို့ လာခဲ့တာ"

"ပြောပါ"

"တခြားတော့မဟုတ်ဘူး၊ မင်းအဖေရဲ့ ရောဂါကတွေ

နေပြီး၊ ဘယ်လိုဆေးနဲ့ကုလို့မှ မရတော့ဘူး၊ အလွန်ဆုံးခံ

နောက်သုံးရက်ပဲ"





နီမောင်မှာ အံ့ဩသွားသည်။

သူ့စိတ်ထဲမှာ အချိန်မတော်ကြီး ရောက်လာသဖြင့် မြ

နင်းဖြူနှင့် ပတ်သက်သော အကြောင်းများကို ပြောလာလိမ့်မည်

ဟု တွေးလိုက်မိသော်လည်း မဟုတ်ပေ။

"ခင်ဗျားက အဖေ့အကြောင်းကို ဘယ်လိုသိနေတာလဲ"

"ငါက ဆေးဆရာတစ်ယောက်ဆိုတာ မင်းမေ့နေပြီ

လား"

"ကျွန်တော်က မြွေဆရာလို့ပဲ ထင်နေတာ"

"မြွေဆရာလည်း တခြားရောဂါတွေ နိုင်ရင်နိုင်မှာပေါ့

ငါက အရေးမကြီးပါဘူး ငါလာတာ တခြားမဟုတ်ဘူး၊ ငါမင်းအ

ဖေကို ရောဂါပျောက်အောင် ဆေးကုပေးမယ်၊ ခြေထောက်ကျိုး

နေတာကိုလည်း အကောင်းပကတိအတိုင်းဖြစ်အောင် လုပ်ပေး

မယ်"

"ဟင်"

နီမောင်မှာ များစွာအံ့ဩသွားသောကြောင့်. . နဂါးပျံ

ဆရာကျော်ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

စိတ်ထဲမှာလည်း လှုပ်ရှားနေသည်။

"ခင်. . . ခင်ဗျားတကယ်ပြောနေတာလား"

"တကယ်ပြောတာပေါ့ကွ ဆေးဆရာတစ်ယောက်က

ရောဂါပျောက်အောင် ကုမပေးပဲနဲ့ အပိုစကားတွေ ပြောပါ့မ

လား"

"ဒါ. . ဒါဖြင့် ကျွန်တော်အဖေရဲ့ အသက်ကိုကယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ"

"ငါလည်း ဒါကြောင့်လာခဲ့တာပါပဲ"

"ဒါပေမယ့် အပေးအယူတစ်ခုတော့ လုပ်ရမယ်ကွ"

"ဘယ်လို လုပ်ရမလဲ"

"ငါက မင်းအဖေရဲ့ ရောဂါအားလုံးပျောက်အောင် ကု ပေးမယ် မင်းကငါ့ကို တစ်ခုပြန်ပေးရမယ်"

"ဘာပေးရမလဲ"

"တခြားမဟုတ်ဘူး မင်းမြနှင်းဖြူကို အဆက်ဖြတ်ပေး ရမယ်. . ဘယ်တော့မှ အဆက်အသွယ် မလုပ်တော့ပါဘူးလို့ ကတိပေးရမယ် ဘယ်လိုလဲ"

ထိုစကားကြောင့် နီမောင်မှာ မျက်နှာပျက်သွားေ သည်။

သူ့အတွက်ဆုံးဖြတ်ရခက်သော စကားပင်ဖြစ်သည်။

တစ်ခုက ကျေးဇူးရှင်ဖခင်ရဲ့ အသက်ဘေး. . .

ကျန်တစ်ခု ကအပြစ်မရှိသော ချစ်သူကို စွန့်လွှတ်ရေ မည့် အဖြစ်မျိုး။

ဘယ် အရာကိုရွေးရမလဲ. . .

ဘယ်ဟာကို ဦးစားပေးရမလဲ။

စိတ်ထဲမှာ အချိန်အတော်ကြာအောင် စဉ်းစားဆုံးဖြ ပြီးမှ သက်ပြင်းတစ် ချက်ချလိုက်လေသည်။

"ဘယ်လိုလဲ"

"ကျွန်တော်အဖေရဲ့ ရောဂါပျောက်ကင်းနိုင်အောင်





ပေးနိုင်တယ်ဆိုတာ တကယ်လား"

နဂါးပျံဆရာကျော်က ပြုံးပြီးခေါင်းညိတ်ပြသည်။

"ဒီလိုဖြင့် ခင်ဗျားပြောတာကို လက်ခံပါတယ် ကျွန်တော် အဖေရဲ့ ရောဂါအားလုံး ပျောက်မယ်ဆိုရင် မြနှင်းဖြူနဲ့ အဆက် အသွယ်ဖြတ်ပေးပါမယ်"

ဟု ကတိပေးလိုက်လေသည်။

"ကောင်းပြီလေ မင်းဘက်က ဒီလိုကတိပေးမှတော့ ငါ့ ဘက်ကလည်း ကတိတည်အောင် လုပ်ပေးရမှာပေါ့၊ သိပ်အ ကြာကြီး စောင့်စရာမလိုပါဘူးကွာ၊ မနက်မိုးလင်းတာနဲ့ မင်းရဲ့ အဖေ ရောဂါအားလုံးပျောက်သွားပြီး ခြေထောက်ကျိုးနေတာပါ ပြန်ကောင်းသွားစေရမယ်"

ဟု ပြောဆိုပြီး အိမ်ပေါ်သို့မတက်တော့ပဲ အမှောင်ထဲ သို့ ပြန်ဝင်သွားလေတော့သည်။

နီမောင်သာ နေရာမှာရပ်နေရင်းနှင့် စိတ်ထဲမှာ ဇဝေဇ ဝါဖြစ်တာ ကျန်ခဲ့လေတော့သည်။

အမှောင်ထုများက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်း ထားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၆]

## နှင်းမှုန်များကြားမှ မအေးမြသော ဘဝများ

အပြစ်မရှိသော ချစ်သူတစ်ယောက်ကို အကြောင်းပြချက်တစ်စုံတစ်ရာ မရှိပါပဲနှင့် အဆက်အသွယ် ဖြတ်ပြစ်ရသော အလုပ်မှာ များစွာခက်ခဲလှပါသည်။

ချစ်သူတိုင်းက ထိုကဲ့သို့သော ခွဲခွာကြခြင်းမျိုးကို ဆိုးတွေ့ကြုံဖူးကြမည် မဟုတ်ပေ။

တစ်ဦးက သစ္စာပျက်သဖြင့် သို့မဟုတ် အကြောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



စုံတောင်ခုတြောင့် ချစ်သူကို ဝတ္ထုရေးပျက်ကွက်သဖြင့် မုန်းတီးနာကြည်းရသည်က ကောင်းသေးသည်။

အပြစ်တစ်စုံတစ်ရာ မရှိပါပဲ ရှောင်ဖယ်ရသော အဖြစ်ကတော့ အရှင်လတ်လတ်ငရဲတွင်းထဲ သက်ဆင်းရသည်ထက်ပင် ပိုမိုဆိုးဝါးလှပေသည်။ ခံစားကြရပေသည်။

ယခုတော့ နီမောင်မှာ ထိုအဖြစ်နှင့် ကြုံတွေ့နေရတော့သည်။

သူ့အနေနှင့် မြနှင်းဖြူနှင့် ချစ်သူဘဝ ရောက်ခဲ့ကြပြီးနောက်တွင် သူ့ဘက်မှ သစ္စာပျက်ရသည့်အဖြစ်မျိုး ဘယ်တုန်းကမှ မစဉ်းစားခဲ့ပေ။

သို့သော်လည်း ကံကြမ္မာက ထိုအဖြစ်မျိုးနှင့် ကြုံတွေ့ရအောင် တွန်းပို့ခဲ့ချေပြီ။

နဂါးပျံဆရာကျော်နှင့် ညအချိန်မှာတွေ့ပြီးနောက် အတွေးကောင်းနေသောကြောင့် မိုးလင်းခါနီးရောက်မှ မှေးခနဲအိပ်ပျော်သွားလေသည်။

သူပြန်နိုးလာတော့ အတော်နေမြင့်ချေပြီ နိုးလျှင်နိုးခြင်း အဖေ့အိပ်ရာပေါ်သို့ လှမ်းကြည့်သောအခါ မတွေ့ရတော့ပေ။

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားလေသည်။

"အဖေဘယ် ရောက်သွားပြီလဲ"

ကပျာကယာထကြည့်တော့ အိမ်ရှေ့ဘက်မှာ လမ်းလျှောက်နေသော အဖေ့ကို လှမ်းမြင်ရသည်။





အမေကအနီးမှထိုင်ကာ တအံ့တသြနှင့် ကြည့်နေသည်။ နီမောင်က တအံ့တသြဖြင့် နေရာမှထသွားပြီး မေးလိုက်သေသည်။

"အဖေ နေကောင်းသွားပြီလားဟင်"

"ဟုတ်တယ်ကွ ဘယ်လိုဆေးနဲ့ တွေ့သွားတာလဲတော့ မသိဘူး ရောဂါပျောက်တဲ့အပြင် ငါ့ခြေထောက်ပါ ပြန်ကောင်းသွားပြီး ဒီမှာကြည့်ပါလား "

ဦးဘရှိန်က ဝမ်းသာအားရပြောရင်း သူ၏ခြေထောက်ကို လူကောင်းတစ်ယောက်ကဲ့သို့ ကွေးဆန့်ပြလေသည်။

နီမောင်က ပါးစပ်အဟောင်းသား ဖြစ်နေသည်။

"မထင်မှတ်တာတွေတော့ တကယ်ဖြစ်လာပါရောလား"

ဟု ရေရွတ်နေလေသည်။

ဦးဘရှိန်က ကိုယ်လက်လှုပ်ရှားမှုများကို လူကောင်းတစ်ယောက်ကဲ့သို့ ပြုလုပ်ပြပြီး သူ့အနားမှာ လာထိုင်သည်။

အမေကတော့ မျက်ရည်အဝိုင်းသားဖြင့် ပြုံးနေသည်။

ဦးဘရှိန်မှာ အချိန်အတော်ကြာသည်အထိ လူမမာတစ်ယောက်ဘဝဖြင့် အိပ်ရာပေါ်မှာ နေခဲ့ရသည်ကတစ်ကြောင်း အစားအသောက်ကောင်းစွာ မစားနိုင်ခဲ့သည်တစ်ကြောင်းကြောင့် အတန်ငယ်ပိန်ကျသွားသည်မှလွဲပြီး ကျန်းမာနေသောသူသို့ ရောက်နေချေပြီ။

"ငါတော့ဘဝဆုံးပြီလို့ပဲ ထင်ထားတာပါ အခုလို ပြန်ကောင်းလာတော့လဲ ပိုကောင်းတာပေါ့ကွ၊ ဒီပုံအတိုင်းဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ အလုပ်တွေအများကြီး ပြန်လုပ်နိုင်သေးတာပေါ့ မင်း ဝမ်းမသာဘူးလား"

ဟု နီမောင်ပခုံးကိုကိုင်ကာမေးသည်။

"ဝမ်းသာတာပေါ့အဖေရယ် ကျွန်တော်နဲ့အမေက အဖေ့အတွက်ပဲ စိုးရိမ်နေကြရတာ၊ အခုလို မမျှော်လင့်ပဲ နေကောင်းလာတော့ ဝမ်းသာတာပေါ့"

ဟုပြောတော့ အဖေကပြုံးနေသည်။

အဖေ့မျက်လုံးမှာ မျက်ရည်ကြည်များ ရစ်ဝဲနေသည်၊ ဝမ်းသာပျော်ရွှင်သဖြင့်ကျသော မျက်ရည်မျိုးဖြစ်ပေသည်။

"အဖေရောဂါပျောက်သွားတာ အတော်မြန်တယ်၊ သိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဦး ဒါမှမဟုတ် နတ်သကြားတွေ လာကူပေးလို့ ပျောက်သွားတဲ့ အတိုင်းပါပဲ"

"ဟုတ်တယ်ကွ ငါလဲအိပ်ပျော်ရာက နိုးလာတော့ ရောဂါတွေ ဘာမှမရှိတော့ပဲ လူကောင်းလိုဖြစ်နေလို့ အံ့သြရသေးတယ်၊ ဟုတ်မှဟုတ်ရဲ့လား . . . ငါသေပြီး ဝိညာဉ်ဘဝရောက်နေပြီးလားလို့ထင်ပြီး ကိုယ့်ကိုယ်ကိုယ်တောင် စမ်းကြည့်ရသေးတယ်"

"ဒါထက် အဖေညတုန်းက ဘာတွေထူးထူးခြားခြားတွေ့ခဲ့ရသေးလဲဟင်"

ထိုအခါ ဦးဘရှိန်က အနည်းငယ်စဉ်းစားနေပြီးမှ ပြောပြလေသည်။

"ညက ငါအိပ်ပျော်သွားတော့ အိမ်မက်ထဲမှာ လူတေ





ာက်ကို တွေ့ရတယ်၊ မျက်နှာတော့ မမြင်လိုက်ရဘူး တစ်ိယ်လုံး အဝတ်မည်းတွေ ဝတ်ထားတယ်"

"ဟင်"

နီမောင်က တအံ့တသြ ဖြစ်သွားသည်။

"သူကခင်ဗျားရောဂါတွေ ပျောက်အောင်ကုပေးမယ်မှမကြောက်နဲ့လို့ ပြောပြီးတော့ သူအသွင်ပြောင်းသွားပြီး ာ့ နဂါးကြီးတစ်ကောင်ကို တွေ့ရတယ်"

"ပြောပါဦး အဖေ့ရဲ့"

"နောက်တော့ကွာ အဲဒီနဂါးကြီးက ငါ့တစ်ကိုယ်လုံး တ်ထားလိုက်တာ အသက်ထွက်တော့မယ့်အတိုင်းပဲ နောက်ာ့ငါလဲ သတိမေ့သွားတယ်၊ ပြန်နိုးလာတော့ အခုလို ရောဂါျောက်သွားတာ တွေ့ရတော့တာပဲ မထူးဆန်းဘူးလား"

"ထူးဆန်းတာပေါ့ အဖေရာ၊ အဖေ့ကို သိဒ္ဓိရှိတဲ့ပုဂ္ဂိုလ်ာ သေနေ့မရောက်သေးလို့ လာကူပေးသွားတာ ဖြစ်မှာပေါ့ာစရာပါပဲ"

နီမောင်က ရယ်မောရင်းနဲ့ ပြောလိုက်သည်။

ထိုအချိန်၌ သူ့မျက်ဝန်းမှာ မျက်ရည်များ ရစ်ဝဲတက်ည်။ အဖေ့အတွက် ဝမ်းသာသောကြောင့် ကျလာသောက်ပေလား . .

ချစ်သူကို စွန့်လွှတ်ရတော့မည်မို့ ကျလာသော မျက်လား သူကိုယ်တိုင်ပင် မသိနိုင်တော့ပါချေ။

နောက်ပိုင်းတွင် သူပေးထားသော ကတိအတိုင်း မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ဖြူနှင့် မတွေ့အောင် ရှောင်ရတော့သည်။

သူမက အဆက်အသွယ်လုပ်လာရင်လဲ မတုံ့ပြန်တော့ပေ။ နောက်ဆုံးသူမတို့ ဈေးဆိုင်သို့ပင် ခြေဦးမလှည့်မိအောင် ကြိုးစားရတော့သည်။

သို့သော်လည်း ဘုရားဖူးများနှင့် အထမ်းလိုက်သွားသောအခါမှာတော့ ဇရပ်နားမှ ဖြတ်သွားရသောကြောင့် မြနှင်းဖြူတို့ဆိုင်ရှေ့သို့ မလွှဲမရှောင်သာ ရောက်ရသည် ထိုအခါ မြနှင်းဖြူကို တွေ့ရသည်။

မြနှင်းဖြူကလဲ သူ့ကို လှမ်းမြင်သည်။

ယခင်က ထိုကဲ့သို့ မလှမ်းမကမ်းမှ မြင်တွေ့ရသည်ကိုပင် ပျော်ရွှင်စရာကောင်းလှသည်။ တစ်ယောက်နှင့်တစ်ယောက် တိတ်တခိုးကြည့်ကြရင်း မသိမသာ ပြုံးပြရယ်ပြရကြခြင်းကပင် ကြည်နူးစရာဖြစ်သည်။

ယခုတော့ ထိုသို့ မဟုတ်တော့ပေ၊

ချစ်သူရှိသော နေရာ ရောက်ပြီး ချစ်သူကိုတွေ့မြင်ရပါသော်လည်း မမြင်ဟန်မတွေ့ ဟန်ဆောင်နေရသော ဘဝမျိုး ရောက်နေကြရသည်။

ရပ်ဝေးမှလာသော ဘုရားဖူးများက ဇရပ်ကြီးများပေါ်မှာတည်းကြသည်။

မြနှင်းဖြူတို့ဆိုင်က ထိုအနီးမှာပင်ရှိနေသောကြောင့် မမြင်ချင်သော်မှ မြင်နေရသည်။

တကယ်ဆိုလျှင် နီမောင်မှာ ထိုနေရာတစ်ဝိုက်သို့





သွားချင်ပါပေ။

သူသွားသည့်အချိန်မှာ ဆရာကျော်ရောက်နေသည့် အချိန်မျိုးနှင့် ကြုံတွေ့ရလျှင် ရင်ထဲမှာ နာကျင်မိသည်။

သို့သော်လည်း တောင်ခြေမှာ နေကြသောသူတို့ဘဝတွေက ယခုလို ဘုရားဖူးလာသောအချိန်မျိုးမှာ ပိုက်ဆံရအောင် ရှာဖွေကြရပေရာ မသွားချင်ပဲနှင့်လည်း သွားရသည်။

မတွေ့ချင်လည်း တွေ့ရပေတော့သည်။

ဒါပေမယ့် ရင်ထဲမှာတော့ နာကျင်နေမိသည်။

ယခုတော့လည်း သူစိမ်းတစ်ရံတွေလိုပါပဲလား ချစ်သူရယ်. . .

တစ်နေ့တော့ စောထီးနှင့် ငမဲအောင်တို့ရောက်လာကြသည်။ သူတို့နှစ်ယောက်လည်း မျက်နှာမကောင်းလှပေ။

"နီမောင် မင်းတို့နှစ်ယောက် အခြေအနေက ဘယ်လိုဖြစ်သွားကြတာလဲ"

ခရီးရောက်မဆိုက် ငမဲအောင်က မေးသည်။

ထိုသို့မေးတော့မှ ငိုချင်ရက်လက်တို့ ဆိုသလို ဖြစ်သွားပြီး ရင်ထဲမှာ ဆို့နင့်သွားသည်။

"ငါ ဘာမှမပြောပါရစေနဲ့တော့ကွာ"

"မဟုတ်သေးပါဘူး၊ မင်းတို့နှစ်ယောက်အကြောင်းကို ငါတို့အသိဆုံးပဲ၊ နှစ်ယောက်စလုံး ခပ်လွယ်လွယ်နဲ့ သစ္စာပျက်ကြမယ့်သူမျိုးတွေ မဟုတ်ပါဘူး၊ မြနှင်းဖြူကလည်း မျက်နှာပေါက်တဲ့ မိန်းကလေးမျိုးမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ သိလို့လည်း ဘာမှမထူးတော့ပါဘူး"

"အေး. . ဘာပဲဖြစ်ဖြစ် မင်းသူနဲ့တော့ တွေ့လိုက်ပါဦ ငါတို့နှစ်ယောက်နဲ့ မှာလိုက်တယ်၊ ညကျရင်တွေ့နေကျနေရာ ကို လာခဲ့ပါတဲ့၊ တကယ်လို့ မင်းမလာရင် သူ့ဘဝကို အဆုံးစီရ ပစ်လိုက်မယ်လို့လည်း တစ်ခါတည်းမှာလိုက်တယ်"

ထိုသို့ပြောပြီး ပြန်သွားသွားကြလေသည်။

ညအချိန်ရောက်တော့ သူတို့နှစ်ယောက်တွေ့နေကြ နေရာကို သွားရလေသည်။

မနီးမဝေးရောက်သွားတော့ ချောင်းထဲမှ ရေစီးသ ကံ့ကော်ပင်ကြီးကို လေတိုးသံများ ကြားနေရသည်။

ကောင်းကင်မှာ လရောင်ရှိနေသော်လည်း မြူနှင်းမှော ဝေ့ဆိုင်းနေသောကြောင့် မှုန်ဝါးဝါးသာ အလင်းရောင်ရရှိသေ သည်။

ချောင်းရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေ သည်။ ပန်းရနံ့များကို သယ်ဆောင်လာသဖြင့် မြူနှင်းများနှ အတူ သင်းပျံ့သော ရနံ့အချို့ကို ရရှိလေသည်။

ကံ့ကော်ပင်ကြီးအောက်ရောက်တော့ မြနှင်းဖြူကို တွေ့ ရသည်။

ဒီလိုသာယာလှပသော အချိန်မျိုးမှာ ချစ်သူနှင့်နှ ယောက်ချင်းတွေ့ရသည့်အခါ ပျော်ရွှင်ကြည်နူးဖွယ်ရာဖြစ် မည့်အစား သူတို့နှစ်ယောက်ရင်ထဲမှာ ဆို့နင့်လျက်ရှိနေကြ သည်။





သူကမြနှင်းဖြူနှင့် မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။

"ငါ့မှာဘာမှ အပြစ်မရှိသေးပဲနဲ့ နင်ငါ့ကို ဘာကြောင့် အဆက်အသွယ် ဖြတ်ပစ်တာလဲ၊ ရှောင်နေတာလဲဟင်"

ဟု ဆို့နင့်ကြေကွဲနေသော အသံမျိုးဖြင့်မေးသည်။

"ပြောပါ ငါ့မှာအပြစ်ရှိတယ်ဆိုရင် ချက်ချင်းဝန်ခံပါ့မယ် ငါ့ကို ဟိုလူနဲ့အထင်လွဲပြီး အဆက်ဖြတ်သွားတာလား"

"မဟုတ်ပါဘူး ငါဒီလောက် သဘောထားမသေးပါဘူး နှင်းဖြူ ဒါပေမယ့် နင်နဲ့ငါနဲ့ ဘယ်လိုမှဆုံစည်းနိုင်ခွင့်မရှိတော့ ဘာမို့ ငါနောက်ဆုတ်ပေးခဲ့တာပါ"

"အဲဒီလို တစ်ဖက်သတ်လုပ်ရုံနဲ့ နင်သူရဲကောင်းဖြစ် သွားရောလား၊ နောက်ပြီး တရားမျှတတယ်လို့ရော ထင်သလား ချစ်ကြတုန်းက နှစ်ယောက်သဘောတူချစ်ခဲ့ကြပြီး ခွဲချင်တော့ တစ်ဖက်သတ် ဆုံးဖြတ်ချက်ချပြီး လုပ်တာကရော တရားမျှတ တယ်လို့ ထင်နေလို့လား"

ထိုသို့မေးလာတော့ ဘာမှပြန်မပြောပဲ ခေါင်းငုံ့ထား သေသည်။

"ဒီလိုတော့ မဟုတ်ပါဘူး ခုချိန်ထိ ငါနင့်ကို ချစ်နေတုန်း ပါ ဒါပေမယ့် နင့်ကို ပြောပြလို့မရတဲ့ အကြောင်းတစ်ခုကြောင့် ငါနောက်ဆုတ်ပေးခဲ့တာပါ။ တစ်နေ့ကြရင်တော့ ဒီအကြောင်း တွေကို နင်သိလာတဲ့အခါ ငါ့ကိုနားလည်မှာပါ"

"နောက်ပိုင်းအချိန်တွေကျတော့ နင်နဲ့ငါနဲ့ကဒီလိုအခြေ အနေမျိုးတွေ ရှိချင်မှ ရှိကြတော့မှာ၊ အဲဒီလိုအချိန်ကျ အဖြေ



www.burmeseclassic.com

www.burmeseclassic.com



သိရတော့ရော ဘာထူးမှာမို့လဲ၊ ငါက တစ်ခြားလူတစ်ယောက် ကို လက်ခံပြီးမှ နင့်ဆီက အဖြစ်မှန်တွေ သိရတော့ရော ဘာလုပ် လို့ ရမှာမို့လဲ ဒီမှာနီမောင် နင့်ကိုငါ တစ်ခုမေးမယ်"

"မေးပါ"

"နင် ငါ့ကိုတကယ်ချစ်တာရော ဟုတ်ရဲ့လား"

"ငါ နင့်ကိုတကယ်ချစ်တာပါ"

"ဒါဖြင့် ငါတို့နှစ်ယောက်အတွက်အရေးကြီးဆုံးက ဆုံ စည်းရဖို့ပဲမဟုတ်လား နောက်ပြီး နောက်ပိုင်းမှာ ကြုံတွေ့ရ မှာတွေထက် ခုလောလောဆယ် ရထားတဲ့အချိန်နဲ့ အခြေအနေ ကပိုပြီး အရေးကြီးတယ်လို့ မထင်မိဘူးလား"

"နင်ပြောတာ မှန်ပါတယ်"

"ဒီလိုဆိုရင်တော့ နင်အခုပဲ တစ်ခုခုဆုံးဖြတ်ပေးပါ ဒီလို မှမဆုံးဖြတ်ချင်ရင်တော့ ငါတစ်သက်လုံး ကျေနပ်သွားအောင် အကြောင်းပြချက်တစ်ခုပေးပါ ဒီလိုမှ မဟုတ်ရင်တော့ သစ္စာမဲ့ တဲ့ ယောက်ျားတစ်ယောက်အနေနဲ့ ငါတစ်သက်လုံး သတ်မှတ် ရမယ်"

ထိုစကားကြားသောအခါ နီမောင်မှာ မျက်လုံးပြူးသွား လေသည်။

ထို့ကြောင့် ဖြစ်လိုရာဖြစ်စေတော့ဟု ဆုံးဖြတ်ပြီး မြနှင်း ဖြူ၏လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

မြနှင်းဖြူကတစ်ချက် မော့ကြည့်သည်။

"လာ. . . ငါနဲ့ အိမ်ကိုလိုက်ခဲ့ပါ"





ဟု ပြောပြီး ခေါ်သွားသော အခါ မြနှင်းဖြူက မရုန်း ယ်ပဲနှင့် ထလိုက်လေသည်။

အိမ်နှင့် မနီးမဝေးရောက်တော့ အိမ်ပေါ်မှာ လက်ဖက် ည်သောက်ရင်း ဒေါ်ကျင်မေနှင့် ရယ်ရယ်မောမော စကား ပြောနေသော ဦးဘရှိန်ကို လက်ညှိုးထိုးပြသည်။

"ဟိုမှာမြင်လား"

ပထမတော့ မြနှင်းဖြူက သဘောမပေါက်ပေ။

နောက်မှ တစ်စုံတစ်ခုကို သတိရသွားဟန်ရှိသည်။

"ဟင်. . နင့်အဖေနေကောင်းသွားပြီလား၊ အရင်က ခြေထောက်ကျိုးပြီး အိပ်ရာထဲ လဲနေတာမဟုတ်လား"

"ဟုတ်တယ် ဆေးဆရာတွေတောင် လက်လျှော့ပြီး သေမယ့်အချိန်ကို စောင့်နေရတဲ့ဘဝပဲ ခုတော့ ခြေထောက်လဲ ပြန်ကောင်းသွားပြီး ရောဂါတွေလဲ ဘာမှမရှိတော့ပဲ လူကောင်း တစ်ယောက်ပြန်ဖြစ်သွားပြီ"

"ဘယ်လိုကြောင့် အခုလို ပြန်ကောင်းသွားတာလဲဟင်"

ထိုအခါနီမောင်က တုန်ယင်နေသောအသံဖြင့် ပြော သည်၊

"ငါ့ဘဝမှာ နင့်ကိုအချစ်ဆုံးပါပဲ နင့်အပေါ်မှာချစ်တဲ့ အချစ်တွေကို ဘာနဲ့မှ မလဲနိုင်ပါဘူး၊ တကယ်တော့ ငါ့အသက် ပဲရမယ်ဆိုရင်တော့ အသက်ကိုစွန့်လွှတ်ဖို့ ဝန်မလေးပါဘူး သေမယ့် အဖေအခုလို ပြန်ကောင်းဖို့အတွက် ငါ့ရင်ထဲက အ ချစ်တွေကို ဆုံးရှုံးခံပေးလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် မြနှင်းဖြူမှာ မျက်လုံးပြူးသွားသည်၊ ပါးစပ်အဟောင်းသားဖြင့် တအံ့တသြ ဖြစ်သွားလေသည်။

ခေါင်းထဲမှာလဲ အတွေးများစွာတို့ ထိုးနက်ဝင်ရောက်လာကြလေသည်။

ထို့အတူ အသည်းနှလုံးမှာလည်း တဆတ်ဆတ်တုန်လာသည်။

"ငါ့ဘဝမှာ အသက်ကိုစွန့်ဖို့ ဝန်မလေးပေမယ့် မိဘရဲ့အသက်ကိုကယ်ဖို့ မိဘတွေရဲ့ကျေးဇူးကိုဆပ်ဖို့ ငါ့အချစ်တွေကိုလဲပေးခဲ့ရတယ်"

"နင် နင်တကယ်ပြောနေတာလားဟင်"

"ဒီလောက်အရေးကြီးတဲ့ ကိစ္စတွေကို ငါကနင့်ကို လိမ်ညာပြောရက်ပါ့မလား ဒါကိုခွင့်လွှတ်ပေးပါတော့"

ထိုအချိန်မှာပင် ဦးဘရှိန်က တစ်နေရာသို့ ထလျှောက်သွားသည်ကို မြင်ရသောအခါ မြနှင်းဖြူမှာ ပိုပြီးအံ့သြသွားလေသည်။

နီမောင်ကတော့ မျက်ရည်ဝဲနေသော မျက်လုံးများနှင့် ဖခင်ကို လှမ်းကြည့်လေသည်။

မြနှင်းဖြူမှာ အခြေအနေကို သဘောပေါက်သွားလေသည်။ ထို့ကြောင့် နီမောင်ရင်ခွင်ထဲသို့ဝင်ကာ ဖက်ထားပြီး ရှိုက်ကြီးတငင် ငိုနေတော့သည်။

နီမောင်ကလည်း သူမကို ပြန်ဖက်ထားရင်းနှင့် ဘယ်လိုစကားမျိုးဖြင့် နှစ်သိမ့်ပေးရမည်မှန်း မသိတော့ပေ။





"ငါသဘောပေါက်ပါပြီ၊ နားလည်ပါပြီ၊ ငါတစ်ဖက်သတ်အထင်လွဲပြီး ပြောခဲ့မိတာတွေကို ခွင့်လွှတ်ပေးပါ"

"နင့်အပေါ်မှာ ဘယ်တုန်းကမှ အပြစ်မယူခဲ့ပါဘူး မြနှင်းဖြူရယ်"

မြနှင်းဖြူကရင်ခွင်ထဲမှ ပြန်ခွာထွက်လိုက်ပြီးပြောသည်။

"ငါတို့နှစ်ယောက် မဆုံဖြစ်ခဲ့ကြရင်တောင် ငါနင့်အပေါ်မှာတစ်သက်လုံး ခွင့်လွှတ်ပေးနေမှာပါ၊ ငါ့ဘဝကိုလဲ ဘယ်လိုအကြောင်းမျိုးနဲ့မှ သူတစ်ပါးလက်ထဲ မရောက်စေရဘူးလို့ ကတိပေးခဲ့ပါတယ်"

ဟုပြောဆိုပြီးနောက် အမှောင်ထဲသို့ ပြေးဝင်သွားလေတော့သည်။


နေရာမှာတော့ နီမောင်တစ်ယောက်တည်း ရပ်လျက်ကျန်ခဲ့လေသည်။

နှင်းများကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အေးနေသော်လည်း သူ့ရင်ထဲမှာတော့ ပူလောင်လျက် ရှိနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၇]

# ဂန္ဓာရီလမ်းမှ ပုဂ္ဂိုလ်ထူး

နောက်ပိုင်းမှာတော့ မြနှင်းဖြူနှင့် ထပ်မတွေ့ကြရတော့ [illegible] နီမောင်လည်းအခြားသော သောကဝေဒနာများကို မေ့ပျောက်ရန် ကြိုးစားပြီး မိသားစုတာဝန်များကို အာရုံစိုက်နေရသည်။

ယခုအခါမှာတော့ ဦးဘရှိန်လည်း ကျန်းမာရေးပြန်ကောင်းလာပြီး မိသားစု တာဝန်များကို ပြန်လည်ယူနိုင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်တက်သောအလုပ်များကိုပင် ပြန်လုပ်နိုင်ချေပြီ။ ဦးဘရှိန်၏ အခြေအနေကိုမြင်တော့ ပတ်ဝန်းကျင်မှာနေသူများမှာ များစွာအံ့ဩနေကြလေသည်။

အခြားရောဂါများ ပျောက်ကင်းသွားသည်ထက် ထက်ပိုင်းကျိုးနေသော ခြေထောက်တစ်ဖက်မှာ ပကတိအကောင်းပြန်ဖြစ်သွားကို ပိုမိုအံ့ဩနေကြသည်။

"ဦးဘရှိန်ကြီးတစ်ယောက် ဘယ်နေ့သေမလဲဆိုပြီး နားစွင့်နေကြတာ၊ အခုတော့ ပြန်ကောင်းနေပါရောလား အံ့ဩစရာပဲ"

"ဒါတင်ဘယ်ကပါ့မလဲ တောင်ပေါ်ကကျပြီး . . . ခြေထောက်ကျိုးသွားတာလဲ ခုတော့ပြန်ကောင်းသွားပြီ၊ ဘယ်လိုဆေးနဲ့တွေ့ပြီးများ ခုလိုပျောက်သွားတာလဲ မသိဘူး"

ကင်ပွန်းစခန်းတစ်ပိုက်မှာတော့ ဦးဘရှိန်၏အကြောင်းက ပြောမဆုံးနိုင်အောင် ဖြစ်နေကြသည်။ အချို့ကလည်း . .

"ငါကြားဖူးတာတော့ သေခါနီး လူနာတွေကို ဖုတ်ဝင်ရင် အဲဒီလိုပဲ ပြန်ကောင်းလာတတ်တယ်လို့ ပြောကြတယ် ဦးဘရှိန်ကြီးကို ဖုတ်ဝင်နေတာများ ဖြစ်နေမလား"

ဟု ပြောသည်။

"ဖုတ်ဝင်တာတော့ ဟုတ်မယ်မထင်ပါဘူး ဆေးကောင်းဝါးကောင်းတစ်ခုခုနဲ့ တွေ့သွားလို့သာ ပျောက်သွားတာ ဖြစ်မှာပေါ့ သူ့ရဲ့ကံပေါ့လေ"

မြနှင်းဖြူတို့ဈေးဆိုင်မှာလည်း ဈေးဝယ်လာသူများက





ထိုအကြောင်းကို ပြောကြသည်။

မြနှင်းဖြူကတော့ ထိုအကြောင်းကိုကြားလျှင် စိတ်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်မိလေသည်။

ဝမ်းသာရခြင်းက ဦးဘရှိန်တစ်ယောက် ကောင်းမွန်စွာသွားလာလုပ်ရှားနေသည်ကို မြင်ရသောကြောင့်ဖြစ်ပြီး၊ ဝမ်းနည်းခြင်းကတော့ တစ်ဦးနှင့်တစ်ဦး ချစ်ပါလျက်နှင့် ခွဲခွာရသောသူတို့နှစ်ယောက်၏ အဖြစ်ဆိုးကြောင့်ပင်ဖြစ်သည်။

သို့သော် ကံစီမံရာအတိုင်းပေမို့ ဘာမှမတတ်နိုင်သောအခြေအနေမျိုးသာ ဖြစ်သည်။

ထိုအကြောင်းကို အခြားသူများကပြောလျှင် ကိုယ့်အကြောင်းကိုယ်သာသိသလို မချိပြုံးကလေးနှင့်သာ နေရလေသည်။

တနေ့တော့ မိခင်ဖြစ်သူကမေးသည်။

"ခုတလောညည်းကိုကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့ နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ် အမေ"

"ဒီလိုဆိုရင်တော့ ပြောသင့်တဲ့စကား ပြောရမှာပဲ၊ ဆိုင်ကိုလာနေတဲ့ မောင်ကျော်က ညည်းကိုသဘောကျနေတယ်၊ သူ့ကြည့်ရတာ ရိုးရိုးသားသားနဲ့ ရုပ်ရည်ကလည်း သင့်တယ်၊ ညည်းသာ လက်ခံရင် ရွှေငွေလက်ဝတ်ရတနာတွေအပြင် သစ်သီးခြံတွေပါ တင်တောင်းမယ်လို့ပြောတယ်၊ အဲဒါ ညည်း သဘောကဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလေသည်။

"ကျွန်မကတော့ သူ့ကို စိတ်မဝင်စားပါဘူး၊ အေးအေးပဲ နေပါရစေ အမေရယ်"

ထိုစကားကြားသောအခါ မိခင်ဖြစ်သူ ဒေါ်မြက ပြောင်းဖူးဖက်ဆေးပေါလိပ်ကို မီးညှိရန်ပြင်နေကာမှ မျက်နှာတစ်ချက် မဲ့လိုက်လေသည်။

"ဘာလဲ . . နင်ကဘာမဟုတ်တဲ့ နီမောင်ဆိုတဲ့ကောင်လေးကို သဘောကျနေလို့ ဒီစကားမျိုး ပြောတာလား"

"မဟုတ်ပါဘူး အမေရယ် သူနဲ့လဲ ဘာမှမဖြစ်ပါဘူး"

"ဒါကတော့ မိဘဆိုတာ ကိုယ့်သားသမီးကို ဆင်စီးမြင်းရံတဲ့ဘဝမျိုးပဲ မြင်ချင်ကြတာပဲ၊ နင့်အနေနဲ့စဉ်းစားရမှာက ကိုယ်နဲ့ဘဝချင်း အဆင့်အတန်းချင်းတူတဲ့ သူမျိုးကိုပဲ ရွေးချယ်ရမှာ၊ ငါ့သဘောပြောရရင်တော့ ဒီလိုနေရာမျိုးမှာ မောင်ကျော်လို လူငယ်မျိုးက သင့်တော်တယ်ထင်တာပဲ"

"အမေသဘောကျတာကတော့ ဟုတ်ပါပြီ . .၊ သူ့အကြောင်းကို အမေဘယ်လောက် သိပြီးပြီလဲဟင်"

"ဘာသိစရာလိုသေးလို့လဲ မြင်တာနဲ့တင် ဒီကလူတွေနဲ့ အများကြီးကွာတာ အသိသာကြီးပဲ"

"ကျွန်မသဘောကတော့ ကိုယ်နဲ့လက်တွဲတော့မည်လို့ ရည်စူးရင် သူ့အကြောင်းကို ဒီထက်ပိုပြီး သိသင့်တယ်လို့ ထင်တာပဲ"

"ဒါကတော့ ညည်းသဘောပဲ စုံစမ်းကြည့်ချင်သေးသပဲ





ဆိုရင်လည်း စုံစမ်းကြည့်ဦးပေါ့"

ဟုပြောပြီး နေရာမှ ထသွားလေသည်။

တစ်နေ့တော့ အိမ်မှာမြနှင်းဖြူတစ်ယောက်တည်း ရှိနေစဉ် ဆရာကျော် ရောက်လာသည်။

"မင်း ငါပြောတာကို စဉ်းစားပြီးပြီလား"

"ကျွန်မ ရှင်ပြောတာတွေကို စိတ်မဝင်စားလို့ စဉ်းလည်း စဉ်းစားပါဘူး၊ ဒါပေမယ့် မေးစရာတော့ရှိတယ်"

"ဘာမေးမှာလဲ မေးလေ"

"ရှင်က ဆေးကုနေတဲ့ ဆေးဆရာတစ်ယောက် မဟုတ်လား"

"ဟုတ်တယ်လေ"

"လူနာတစ်ယောက်ကို ဆေးကုပေးလို့ ပျောက်ကင်းသွားရင် အဲဒီလူဆီက ဘာတွေယူသလဲ"

"စေတနာနဲ့ ပြန်ပေးတာတော့ ယူခွင့်ရှိပါတယ်"

"ပေးတဲ့လူက စေတနာမရှိပဲ မတရားနည်းနဲ့ယူခဲ့ရင် ဆရာပီသပါ့မလား"

ထိုစကားကြောင့် တအံ့တသြဖြင့် မော့ကြည့်သည်။

"မင်း ဘာကိုဆိုလိုတာလဲ"

"ကျွန်မမေးတာကိုပဲဖြေပါ"

"ဒါကတော့ နေရာတကာမှာ အပေးအယူဆိုတာမျိုး ရှိတာပဲ၊ တစ်ခုပေးရင် တစ်ခုပြန်ယူရတာမျိုးတွေလည်း ရှိတာ တရားတယ် . . မတရားဘူးဆိုတာကတော့ ကာယကံရှင်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ပဲ သက်ဆိုင်တယ်"

"ချစ်ခြင်းမေတ္တာကိုရော ကုန်ရောင်းအဝယ် လုပ်သလို အပေးအယူလုပ်ယူရင် တန်ဖိုးရှိပါ့မလား၊ ကျွန်မကတော့ ကျွန်မ အပေါ်မှာ အဲဒီလိုနည်းတွေနဲ့ ကြိုးစားလာရင် သိပ်ပြီး ရွံမုန်းတာ ပဲ"

ထိုစကားကြားသောအခါ ဆရာကျော်က သဘော ပေါက်သွားဟန်ဖြင့် တစ်ချက်ရယ်လိုက်သည်။

"လောကမှာ အသက်ထက်ပိုပြီး တန်ဖိုးကြီးတာ ဘာရှိ သလဲ"

"ကျွန်မအထင်ပြောရရင်တော့၊ အရှက်၊ ဂုဏ်သိက္ခာနဲ့ ချစ်ခြင်းမေတ္တာကပိုပြီး အရေးကြီးတယ်လို့ ထင်တာပဲ၊ ဂုဏ် သိက္ခာမရှိပဲ အသက်ရှည်နေရင်လည်း အပိုပဲ၊ ဒီလိုပဲ ချစ်ခြင်း မေတ္တာမပါပဲ နှစ်ပေါင်းများစွာ အတူတူလက်တွဲနေရရင်လည်း အနှစ်သာရရှိမှာ မဟုတ်ပါဘူး"

"မင်းနဲ့ စကားယှဉ်ပြောရင်တော့ ငါနိုင်မှာမဟုတ်ပါဘူး ငါက ဒီအကြောင်းတွေလည်း သိပ်မသိပါဘူး၊ ငါသိတာတစ်ခု ရှိတယ်၊ အဲဒါဘာလဲဆိုတော့ ကိုယ်လိုချင်တာကို မရရအောင် ယူဖို့ပါပဲ၊ မင်းအနေနဲ့ ငါ့ကိုလက်ခံချင်သည်ဖြစ်စေ လက်မခံချင် သည်ဖြစ်စေ တစ်နေ့ကျရင် ငါ့လက်ထဲရောက်လာအောင်ဆော လုပ်ယူရမှာပဲ"

ထိုသို့ပြောပြီး နေရာမှ ထသွားလေသည်။

မြနှင်းဖြူကတော့ ပြောချင်နေသော စကားအချို့





ပြောခွင့်ရလိုက်သောကြောင့် ရင်ထဲမှာ အနည်းငယ်ပေါ့သွားသ လို ခံစားရလေသည်။

တစ်နေ့တော့ နီမောင်နှင့် ဦးဗန်ကောင်းတို့ တောင်ပေါ်က ပြန်ဆင်းလာကြရင်း ဦးဗန်ကောင်းက မေးသည်။

"နီမောင် ငါလည်းလူတွေကို ဆေးကုပေးနေတဲ့ ဆေး ဆရာတစ်ယောက်ပါပဲ ရောဂါနဲ့ပတ်သက်တဲ့အကြောင်းတွေကို တော့ သိတန်သလောက် သိပါတယ်၊ မင်းအဖေရဲ့ ရောဂါက လောက်မြန်မြန်ကြီး ယူပစ်သလိုပျောက်နိုင်တဲ့ ရောဂါမျိုးမ ဟုတ်ဘူး"

"ဟုတ်ပါတယ်"

"နောက်ပြီး အရိုးကျိုးနေတဲ့ ခြေထောက်ကလည်း ကောင်းအတိုင်းပြန်ဖြစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ငါ့ကို မှန်အတိုင်းပြောပြစမ်းပါ၊ ဘယ်လိုနည်းနဲ့ အခုလို ကောင်းသွား တာလဲ"

ဟု မေးသဖြင့် နီမောင်က ဖြစ်ကြောင်းကုန်စင် ပြောပြ လိုက်ရလေသည်။

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက ကွမ်းတ မြုံ့ဝါးနေရင်းမှ အတန်ကြာအောင် စဉ်းစားနေလေသည်။ ပြီးမှပြောသည်။

"လက်စသတ်တော့ဒီလိုကိုး၊ ငါ့စိတ်ထဲမှာ ယူဆနေတာ နဲ့တော့ သိပ်ပြီးမကွာလှဘူး"

"အဘကဘယ်လိုထင်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သာမန်မဟုတ်ဘူးဆိုတာတော့ သိတယ်၊ အခုမင်း ပြောမှပဲ အဖြေကို သိရတော့တယ်၊ မင်းအဖေ အိပ်မက်ထဲမှာ တွေ့လိုက်သလိုပဲ မင်းအဖေရဲ့ ရောဂါတွေကို သိဒ္ဓိရှိတဲ့ နဂါးတစ်ကောင်က လာကုပေးသွားတာပဲ ဖြစ်မယ်"

"ဒါဖြင့် နဂါးပျံဆရာကျော်ဆိုတာ လူမဟုတ်ဘူးပေါ့"

"သေသေချာချာ မပြောနိုင်ပေမယ့်၊ သူဟာ သာမန်လူတစ်ယောက် မဟုတ်တာတော့ သေချာပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ သေရတော့မယ့် လူတစ်ယောက် အခုလို ပြန်ကောင်းသွားတာကတော့ ဝမ်းသာစရာပဲ"

ဟု ပြောလေသည်။

နီမောင်စိတ်ထဲမှာတော့ ဝမ်းမသာနိုင်ပေ။

ဦးဇန်ကောင်းထံမှ ထိုစကားကြားသောအခါမှ မြနှင်းဖြူအတွက် များစွာပူပန်သောက ရောက်နေမိသည်။

"ငါ ဘယ်လိုလုပ်ရမလဲ"

ဟု စိတ်ထဲမှာ ပူပန်သောက ရောက်နေမိလေသည်။

"အခုနေ အဖေ့အသက်သာမဟုတ်ပဲ ငါ့အသက်သာဆိုရင် ငါနှင့်အတွက် အသက်ချင်းလဲပေးတဲ့ပါတယ် မြနှင်းဖြူရယ်"

နှစ်ယောက်သားစကားတပြောပြောနှင့် ဆင်းလာကြရာ တစ်နေရာရောက်သောအခါ တောင်ပေါ်သို့ တက်လာသော ဘုန်းကြီးတစ်ပါးနှင့် တွေ့ရလေသည်။

သူတို့နှစ်ယောက် ဆင်းလာသောလမ်းမှာ ကျွဲခေါင်းလမ်းဘက်မှ တက်သောလမ်းဖြစ်သည်။





ထိုအချိန်က ကင်ပွန်းစခန်းဘက်မှ တက်သောလမ်းကြောင်းအပြင် အခြားနေရာဘက်မှ စေတီတော်ရှိရာသို့ တက်ရောက်နိုင်သော လမ်းအချို့လည်း ရှိကြပေသည်။

နောက်ပိုင်းတွင် သောင်းကျန်းသူများက ရွှေရင်သာတောင်၌ ဘုရားဖူးခရီးသည်များကို သတ်ဖြတ်ခဲ့ကြပြီး နောက်ပိုင်းတွင် အခြားလမ်းကြောင်းများမှ တက်ရောက်သူများ နည်းသွားခြင်းပင်ဖြစ်သည်။

ကင်ပွန်းစခန်းအပြင် အခြားနေရာမှတက်နိုင်သည့် လမ်းများမှာ ကျွဲခေါင်းဘက်မှတက်သော လမ်းနှစ်လမ်းမှာ လူသိများပြီး အသုံးပြုသူလည်း များခဲ့သည်။

ကျွဲခေါင်းမှ စေတီတော်ရှိရာ တောင်ပေါ်သို့ တက်ရောက်ရာတွင် 'ဘယ်လမ်းနှင့်ညာလမ်း' ဟူ၍ နှစ်လမ်းရှိသည်။

ဘယ်လမ်းမှတက်ပါက ဖျားဆွဲတောင်၊ ကျောက်ထပ်ကြီးတို့မှ တစ်ဆင့်မုဆိုးတောင်ကြားလမ်းအတိုင်း စေတီတော်ရှိရာ ရင်ပြင်ပေါ်သို့ ရောက်သည်။

ညာဘက်လမ်းမှ တက်လျှင်လည်း ရင်ပြင်တော်ပေါ်သို့ ရောက်နိုင်ကြပေသည်။

ယခု နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက် အသုံးပြုပြီး ဆင်းလာသောလမ်းမှာ ညာဘက်လမ်းအတိုင်းဖြစ်သည်။

တောင်ပေါ်သို့တက်လာသော ဘုန်းကြီးနှင့်တွေ့ရသည်မှာလည်း ထိုလမ်းတစ်နေရာ၌ဖြစ်သည်။

သူတို့က အဆင်းဖြစ်သောကြောင့် တောင်အောက်မှ



www.burmeseclassic.com

www.burmeseclassic.com



တောင်ဝှေးတစ်ချောင်းကို အားပြုပြီး တဖြည်းဖြည်းချင်းတက်လာသော ဘုန်းကြီးကိုလှမ်းမြင်ကြရသဖြင့် အရိပ်ကောင်းသော တစ်နေရာမှ စောင့်နေကြသည်။

ထိုနေရာသို့ ရောက်လာတော့ သစ်ပင်ရိပ်မှာ နေရာထိုင်ခင်းပေးပြီး သောက်ရေကပ်သည်။

ဘုန်းကြီးမှာ အသက်အရွယ် သိပ်မကြီးလှသေးပဲ သုံးဆယ်ကျော်ခန့်သာ ရှိသေးသည်။

လွယ်အိတ်တစ်လုံး၊ တောင်ဝှေးတစ်ချောင်းသာပါသည်။

"ဘုရားဖူးကြွလာတာလား ဘုရား"

ဦးပန်ကောင်းကမေးလိုက်သည်။

"ဘုရာလည်းဖူးရင်း အဓိဋ္ဌာန်ဝင်ဖို့လည်း ရည်ရွယ်ပြီး ကြွလာတာပါ"

"ဘယ်နေရာက ကြွလာတာပါသလဲ ဘုရား"

"ကျုပ်က အမရပူရဘက်ကပါ နေရာအနှံ့အဓိဋ္ဌာန်ဝင်နေရင်းနဲ့ ဒီဘက်ရောက်လာပြီး အလောင်းတော်ကဿပလိုဏ်ဂူကနေ အဓိဋ္ဌာန်ပြီးလို့ ဒီဘက်ကြွလာတာ"

ဟု ပြောပြသည်။

၎င်းပြောသောနေရာများမှာ တစ်နေရာနှင့်တစ်နေရာ မနီးလှပေ။

အလောင်းတော်ကဿပ လိုဏ်ဂူရှိသောနေရာနှင့် ယခုရောက်နေသော ကျိုက်ထီးရိုးတောင်ဆိုလျှင် ခရီးမိုင်ပေါင်းများ





စွာ ဝေးကွာလှပေသည်။

ထိုခရီးမျိုးကို တောင်ဝှေးတစ်ချောင်း၊ လွယ်အိတ်တစ်လုံးဖြင့်လှည့်ကာ အဓိဋ္ဌာန်ဝင်နေသော ဖွဲလုံ့လကိုတော့ စိတ်ထဲမှ ချီးကျူးမိကြလေသည်။

(သူတို့နှစ်ယောက် တောင်တက်လမ်းမှာ အမှတ်မထင်တွေ့ခဲ့သော ဘုန်းကြီးမှာ အခြားပုဂ္ဂိုလ်မဟုတ်ပဲ နောင်သောအခါ ထွက်ရပ်ပေါက် ဆရာတော်တစ်ပါးအဖြစ် လူသိများသော [illegible]အောင်စံထား ဆရာတော်ပင် ဖြစ်ပါသည်။ )

"ခရီးကအတော်ဝေးလှတယ် ဒီဘက်လမ်းတွေက [illegible]လူသွားနည်းတော့ အတက်အဆင်း နည်းနည်းကြမ်းတယ် ဘုရား"

"ရင်ပြင်တော်ပေါ် ရောက်ဖို့ အတော်ကလေး လိုသေးသလား ဒကာကြီး"

"ခရီးအတော် ဝေးပါသေးတယ် ဘုရား"

"ဒီလမ်းအတိုင်း တက်သွားရင် ကျီးကန်းပါးစပ်ဂူကို ရောက်တယ်မဟုတ်လား"

"ရောက်ပါတယ်ဘုရား စိုင်တမော့ကျော်တာနဲ့ ကျီးကန်းပါးစပ်ဂူကို ရောက်ပါတယ်"

"ဒီညတော့ အဲဒီဂူမှာပဲဝင်ပြီး အဓိဋ္ဌာန်ဝင်မယ်လို့ စိတ်ကူးပြီးတက်လာတာ တစ်ခေါက်မှ ဒီလမ်းဘက်က မလာဖူးတော့ လမ်းတဝါးဝါးနဲ့ သွားရမှာပဲ"

ထိုသို့ပြောပြီး ဘုန်းကြီးက ဦးပန်ကောင်းကပ်သော ရေ



www.burmeseclassic.com

www.burmeseclassic.com



ကိုသောက်ကာ အမော်ဖြေနေလေသည်။

နီမောင်ကတော့ ထိုစကားကြားကတည်းက စိတ်ဝင်စားနေသည်။ ရှေးအခါက ကျိုးကန်းပါးစပ်ရှိသော နေရာ[illegible] သိုက်စောင့်ပုဂ္ဂိုလ်၊ ဘုမ္မိယပုဂ္ဂိုလ်၊ ပရလောကသားများ နေ[illegible] ယှက်မှုများသောကြောင့် သာမန်ခရီးသည်တို့ မသွားဝံ့သော [illegible] ရာတစ်ခုဖြစ်သည်။

ထို့ပြင် ကျိုးကန်းပါးစပ်ဂူနှင့် ပတ်သက်ပြီးစိတ်ဝင်[illegible] ဖွယ်ကောင်းသော အဖြစ်အပျက်များ၊ သတင်းစကားများလည်း ရှိနေခဲ့သည်။

ထိုဂူသို့ ညအချိန်မဆိုထားနှင့် နေ့ဘက်အချိန်များမှာ[illegible] တစ်ယောက်ချင်း နှစ်ယောက်ချင်းမသွားဝံ့ကြပဲ အဖွဲ့လိုက်စု[illegible] မှ သွားလာဝံ့ကြသည်။

ထိုဂူအတွင်းမှာ တစ်ပါးတည်း အဓိဋ္ဌာန်မည်ကြား[illegible] ဖြင့် စိတ်ဝင်စားမိခြင်းဖြစ်သည်။

"ဒကာကြီးတို့ကရော ဘုရားဖူးခရီးသည်တွေလား"

"တပည့်တော်တို့က ဒီဒေသမှာပဲနေကြတာပါပဲ ဘုရား[illegible] စေတီတော်ကို မကြာခဏရောက်ပါတယ်၊ အခုတက်လာ[illegible] ဆေးမြစ်နဲ့ ဂမုန်းပင်တွေ ရှာဖို့လာကြတာပါ"

"ရခဲ့ကြပြီးပြီလား"

"တခြားဆေးပင်တွေရပေမယ့် လိုချင်တဲ့ ဆေးပင်[illegible] ဥတွေတော့ မရခဲ့သေးပါဘူး"

"ဂမုန်းပင်ဆိုတာ သိဒ္ဓိရှိတဲ့အပင်အမျိုးအစားထဲမှာ[illegible]





[illegible]တော့ အခြားအပင်တွေရှာသလို လွယ်လွယ်ကူကူ လိုက်ရှာလို့[illegible]တော့ တွေ့မှာမဟုတ်ဘူး"

"ဘာကြောင့်လည်းဘုရား"

"ဂမုန်းပင်ကိုစောင့်တဲ့ ပုဂ္ဂိုလ်တွေက ထိုက်တန်တဲ့သူမှ [illegible]တွေ့ခွင့်ပေးတာ၊ မထိုက်တန်ရင် ဖုက်ထားကြတော့ လိုက်ရှာ[illegible]နေရင် ခြေထောက်ညောင်းတာပဲ အဖတ်တင်ပြီး တွေ့ရမှာ မ[illegible]ဟုတ်ဘူး"

"မှန်ပါတယ်ဘုရား၊ ဒီတော့ တွေ့ခွင့်ရအောင် ဘယ်လို [illegible]များလုပ်ရပါ့မလဲ"

"အဓိဋ္ဌာန်ဝင်ပြီးရှာမှ တွေ့မှာ ဒကာကြီးရဲ့၊ ဒကာကြီးတို့ [illegible]ရှာနေတဲ့ ဂမုန်းပင်တွေက ကျိုးကန်းပါးစပ်ဂူထဲကို ဝင်ရှာနိုင်ရင် [illegible]တော့ တွေ့နိုင်ပါတယ်"

ထိုစကားမှာ ဦးဖန်ကောင်းအတွက် စိတ်ဝင်စားစရာ [illegible]အကောင်းဆုံးစကားပင်ဖြစ်ပေတော့သည်။

"ဂူထဲဝင်ဖို့လွယ်ပါ့မလားဘုရား၊ အနှောင့်အယှက်တွေ [illegible] အတော်များတယ်လို့တော့ ကြားမိပါတယ်"

"ဘယ်နေရာမှာမဆို အပေးအယူဆိုတာရှိတယ် တစ်ခု [illegible]ပေးပဲနဲ့ တစ်ခုမရဘူး၊ ဒကာကြီးအသက်ရှည်ချင်ရင် အိုတာနာ[illegible]တာဆိုတဲ့ ဒုက္ခကို မလွဲမသွေလက်ခံရမှာပဲ အဲဒီလိုမှ မခံချင်ရင် [illegible]နှန်တာတွေ မရတော့ဘူး"

"တပည့်တော် သဘောပေါက်ပါပြီဘုရား၊ တပည့်တော် [illegible]လိုချင်တဲ့ ဂမုန်းပင်တွေရဖို့ ထိုက်တန်တဲ့ အလုပ်မျိုးတွေ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုတာ သေဘာပေါက်ပါပြီး၊ တစ်ခုတော့တောင်းပန်ပါရစေ . . အရှင်ဘုရားအတွက် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် တပည့်တော်တို့နှစ်ယောက် အရှင်ဘုရားနဲ့ အတူတူလိုက်ပြီး အခစားဝင်ပါရစေ”

“ကောင်းတာပေါ့ ဒကာကြီးရယ်၊ ဒကာကြီးတို့ လိုက်လာတော့ လမ်းပြပေးလို့ ရတာပေါ့”

ဟုပြောဆိုပြီးနောက် ထိုနေရာမှ အတက်လမ်းသို့ ပြန်တက်ခဲ့ကြလေသည်။



BURMESE CLASSIC .com



# အခန်း [၈]

# ကျိုးကန်းပါးစပ်ဂူနှင့် ဆန်းကြယ်မှုများ

ရှေ့အခန်း၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ကွဲခေါင်းမှ ...ထီးရိုးတောင်ပေါ်သို့ တက်ကြရာတွင် လမ်းနှစ်သွယ်ရှိ... ဒေသခံများကတော့ ဘယ်ဘက်လမ်း၊ ညာဘက်လမ်းဟု ...ကြသည်။

နီမောင်တို့အသုံးပြုကာ တက်သွားသောလမ်းမှာ ယာ... ...လမ်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မွန်းတည့်ချိန်ရောက်လုချေပြီ။

တကယ်တော့ နီမောင်နှင့် ဦးဇန်ကောင်းတို့မှာ မ
လင့်ပါပဲနှင့် တောင်ပေါ်သို့ နောက်တစ်ကျော့ ပြန်ပါသွားကြ
ဖြစ်သည်။

ရှေ့မှကြွသွားသည့် ဘုန်းကြီးက စကားတစ်ခွန်း
ပြောပဲနှင့် ခြေလှမ်းမှန်မှန်ဖြင့် တက်သွားရာ နှစ်ယောက်သ
နောက်မှ လိုက်သွားကြသည်။

ခေါင်းဆေးကန်အနီးသို့ရောက်သောအခါ ခေတ္တ
ကြသည်။ ခေါင်းဆေးကန်မှာ ဆယ်တောင်ပတ်လည်ခန့်
ပြီး ရေစူးနက်သည်။

ကန်ထဲမှာ ငါးသလိန်ငါးကြီးများရှိသော်လည်း မည်
မဖမ်းဝံ့ကြပေ။ ဖမ်းပါက အန္တရာယ်တစ်စုံတစ်ခုနှင့် တွေ့
သည်ဟု အဆိုရှိသည်။

အချို့ကလည်း တောင်စောင့်နတ်ပိုင်သော နတ်ငါး
ဟု အထင်ရှိကြလေသည်။

ထိုနေရာမှာ နားကြစဉ် နီမောင်က ဇင်းမှာပါလာသော
အစားအသောက်တို့ကို ထုတ်ပြီး ဘုန်းကြီးကို ကပ်လှူသည်

"နေမွန်းတည့်တော့မှမို့ ရှိတဲ့အစားအသောက်
ကပ်လှူပါရစေ၊ ဆွမ်းအဖြစ် ဘုဉ်းပေးပါဘုရား"

ထိုသို့ ကပ်လှူသောအခါ သက်သတ်လွတ်အစားအ
အချို့ကိုသာ လက်ခံယူပြီး ဘုဉ်းပေးသည်။

ဇင်းလွယ်အိတ်ထဲမှာပါလာသော ငှက်ပျောသီးမှည့်





ကိုလည်း ထုတ်ပြီး တစ်ယောက်တစ်လုံးစီ ပေးသည်။

"ငှက်ပျောသီးစားကြ၊ မဟာမြိုင်တောကတောင် ယူလာ
တာ"

ဟုပြောသဖြင့် စားကြသည်။

ထူးထူးဆန်းဆန်းပင် ငှက်ပျောသီးက တစ်ပေနီးပါးခန့်
ပြီး အလုံးကကြီးသည်။

ရနံ့က နံ့သာပုငှက်ပျောသီးကဲ့သို့ မွှေးသည်။

ထိုငှက်ပျောသီးတစ်လုံးစီ စားသောက်ပြီးသောအခါ ထ
စားပဲနှင့် အဆာပြေသွားကြသည်။

"ဒီတောင်တွေပေါ်မှာ နတ်တွေရော သူတော်စင်ပုဂ္ဂိုလ်
ရော၊ ပရလောကသားတွေရော အများကြီးရှိကြတယ်၊ ဒါ
တောင်ပေါ်တက်ကြရင် တတ်နိုင်သမျှ အသားငါးတွေ
တာ ပိုကောင်းတယ်"

ဆွမ်းစားပြီးတော့ ဘုန်းကြီးက ပြောသည်။

"ဘာကြောင့်လည်းဆိုတာ နည်းနည်းလောက် ပြောပြ
"

"တိုတိုပြောရရင်တော့ အသားငါးစားထားရင် ခန္ဓာ
အညှီနံ့ထွက်နေတယ်၊ ဒါကို ကာယကံရှင်ကိုယ်တိုင်က
ထားမိပေမယ့် ပရလောကသားတွေက သိတယ်၊ မြင့်မြတ်
တွေက သိကြတယ်၊ ပရလောကသားတွေက နှောင့်
အနားကပ်နိုင်ကြပေမယ့် ခန္ဓာကိုယ်မသန့်ရှင်းရင် မြင့်
ပုဂ္ဂိုလ်တွေက အနားမလာနိုင်ကြဘူး၊ ဒါကြောင့် အဝေး



www.burmeseclassic.com

www.burmeseclassic.com



ကြွလာရင် အကူအညီပေးချင်ရင်တောင်မှ မပေးနိုင်ကြဘူး…

“သဘောပေါက်ပါပြီဘုရား၊ နောက်တော့ တောင်… တက်ရင် အသားငါးတွေ မစားတော့ပဲ သက်သတ်လွတ်ပဲ စား… တော့မယ်”

“ဒကာကြီးရှာနေတာက သိဒ္ဓိရှိတဲ့ ဂမုန်းမျိုးတွေဆို… တတ်နိုင်သမျှ သက်သတ်လွတ်စားပြီး၊ အဓိဋ္ဌာန်ဝင်ပေးနိုင်… တော့ ကိုယ်လိုချင်တဲ့ ဂမုန်းပင်တွေရနိုင်တာပေါ့၊ ကိုယ့်အ… အစနဲ့ရှာမတွေ့ရင်တောင် သူတို့အကူအညီပေးရင် အလွယ်… ကူ တွေ့နိုင်တာပေါ့”

ဟုပြောသည်။

ခေါင်းဆေးကန်အနီးမှာ ခေတ္တနားနေပြီးမှ ရှေ့သို့… ဆက်တက်ကြသည်။

ခေါင်းဆေးကန်မှ လွန်သောအခါ ရင်ကွဲဇရပ်သို့… ကြသည်။

ထိုအမည်များနှင့်ပတ်သက်ပြီး သမိုင်းဟောင်းများ… သော်လည်း ရှည်မည်စိုးသောကြောင့် သီးခြားမဖော်ပြတော့…

ရင်ကွဲဇရပ်နေရာမှ လှမ်းမျှော်ကြည့်လျှင် ဆံတော်… ကျိုက်ထီးရိုး စေတီတော်ကို လှမ်းမျှော်ဖူးတွေ့နိုင်ကြသည်…

ဘုန်းကြီးက ထိုနေရာမှပင် လက်အုပ်ချီကာ … တော်ကို ကန်တော့နေသဖြင့် နီမောင်တို့နှစ်ယောက်လည်း … တော့ကြလေသည်။

ထိုနေရာမှ ဆက်တက်ကြသောအခါ ပန်းမတောင်…





တမော့တို့ကို ဖြတ်ကျော်ပြီးသောအခါ ကျီးကန်းပါးစပ်ဂူရှိရာသို့ ရောက်ကြလေသည်။

အချိန်ကလည်း ညနေပိုင်းအချိန် ရောက်နေချေပြီ။

နေရောင်ခြည်ပျောက်သွားပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မြူခိုးများ ဝေ့ဆိုင်းလာသည်။

လေတိုးသည့်အခါ အအေးဓာတ်များက ပါလာသည်။

ကျီးကန်းပါးစပ်ဂူမှာ ထူးခြားသော ဂူတစ်ဂူဖြစ်သည်။

ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ မြောက်ဘက် (၂)ဖာလုံခန့်အကွာ၌ ရှိသည်။

ထိုနေရာတစ်ဝိုက်မှာ နတ်တို့ဖန်ဆင်းပေးထားသည်ဆိုသော နတ်ရေတွင်းရှိသည်။

ကျီးကန်းပါးစပ်ဂူနှင့် တစ်ဖာလုံခန့်သာ ကွာဝေးသည်။ ကျောက်မြောင်းနှစ်ခုကြားမှာ တွင်းငယ်တစ်ခု ဖြစ်နေလေသည်။

ထိုတွင်းမှ ရေတစိမ့်စိမ့်ထွက်နေရာ မည်မျှပင် ခပ်ယူစေကာမူ ရေခမ်းသွားသည် မရှိပေ။

ဒေသခံများကတော့ ထိုရေတွင်းမှရေသည် ရောဂါများ ပျောက်ကင်းစေသည်ဟု . . ယုံကြည်မှုရှိကြသဖြင့် ဝါးကျည်တောက်များ၊ ပုလင်းများဖြင့် ထည့်ကာ ယူဆောင်ထားတတ်ကြသည်။

နတ်ရေတွင်းရှိသော နေရာအောက်ဘက်၌ရှိသည်။

ထိုနေရာတစ်ဝိုက်တွင် ဝါးရုံတောများ အုပ်မိုးနေပြီး ထိုနေရာအောက်တွင် ကျောက်တောင်များကြားမှ စိမ့်ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော စမ်းတွင်းတစ်ခုပင်ဖြစ်သည်။

ရေထွက်အားကောင်းသောကြောင့် တောင်ပေါ်မှ ရေထမ်းသမားများ ခပ်ယူအသုံးပြုသော တွင်းလည်းဖြစ်သည်။

၄။ ကျိုးကန်းပါးစပ်ဂူမှာ ဆန်းကြယ်သော ပုံပန်းသဏ္ဌာန်မျိုးရှိသည်။ တောင်နံရံမှ အပြင်သို့ထိုးထွက်နေသော ကျောက်ပြားချပ်ကြီးနှစ်ချပ်မှာ ကျိုးကန်းပါးစပ် (နှုတ်သီး)နှင့် ပုံသဏ္ဌာန်တူသဖြင့် ကျိုးပါးစပ်ဂူ၊ ကျိုးကန်းပါးစပ်ဂူဟု ခေါ်ခဲ့ကြခြင်းဖြစ်သည်။

ထိုဂူမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ပြီး ဂန္ထီရဆန်သော နေရာတစ်ခုလည်းဖြစ်သည်။

ထိုဇာတ်လမ်းများထဲမှာ ဝိဇ္ဇာနှင့်နဂါးမတို့ ဇာတ်လမ်းမှာအထင်ရှားဆုံးနှင့် လူသိအများဆုံးဖြစ်သည်။

ရှေးအခါက ကျိုက်ထီးရိုးတောင်ပေါ်တွင် တိဿရသေ့ကြီး သီတင်းသုံး နေထိုင်လေသည်။

ထိုအချိန်က တောင်ပေါ်သို့ လူသူအရောက်အပေါက်နည်းလှပြီး ဆေးပင်ဝါးပင်နှင့် ဂမုန်းပင်မျိုးစုံတို့ ပေါလှသည်။

တစ်နေ့သောအခါ ရသေ့ကြီးသီတင်းသုံးနေသောကျောင်းသင်္ခမ်းသို့ လူရွယ်တစ်ယောက် ရောက်လာလေသည်။

ထိုလုလင်မှာ ကျိုက်ထီးရိုးတောင်ပေါ်တွင် ဆေးပင်ဂမုန်းပင်တို့ကို လိုက်လံရှာဖွေပြီး ဆေးစီရင်နေသော ဝိဇ္ဇာမိုရ်လုလင်ပင်ဖြစ်ပေသည်။

၄င်းရောက်လာသောအခါ ရသေ့ကြီးက ထိုလုလင်စ





နှိတ်နှင့်ကိုက်ညီသော တရားတော်တို့ကို ဟောပြောသဖြင့် များစွာနှစ်သက်မှု ရှိလေသည်။

ရသေ့ကြီးကိုလည်း များစွာကြည်ညိုသည့်အပြင် တရားတော်တို့ကိုလည်း မကြာခဏနာယူလိုသောကြောင့် အခြားအရပ်သို့မသွားတော့ပဲ ကျိုက်ထီးရိုးစေတီတော် မြောက်ဘက်(၂)ဖာလုံအကွာမှာရှိသော ကျိုးကန်းပါးစပ်နှင့် ပုံသဏ္ဌာန်တူသော ဂူအတွင်းမှာပင် ဝင်ရောက်နေထိုင်ကာ ဆေးဝါးများ စီရင်လေတော့သည်။

ဘောဂဝတီပြည်မှ နဂါးမတစ်ဦးသည် ၎င်း၏ချစ်လင်ဖြစ်သော နဂါးကြီးသေဆုံးသွား၍ ခင်ပွန်းလင်ကင်းမဲ့နေသောကြောင့် ပျင်းရိငွေ့နေသည်။

ထိုနဂါးမသည် ကာမဖြင့် ပျော်ရွှင်စွာနေထိုင်လိုသော ဆန္ဒဖြစ်လာ၍ နဂါးပြည်မှ ကျိုက်ထီးရိုးတောင် အရှေ့မြောက်ဘက်ခန့်အကွာရှိမြောင်ထဲတွင်ရှိသော ကျောက်ထပ်ကြီးအရပ်သို့ ရောက်ရှိလာလေသည်။

ကျောက်ထပ်ကြီးအရပ်တွင် အမြဲနေထိုင်ကျက်စားသည့် ကိုယ်ကာယအလွန်ကြီးမားသော ဖားမကြီးတစ်ကောင်နှင့်တွေ့ဆုံသည့်အခါ နဂါးမသည် မိမိ၏အစာဖြစ်သော ဖားမကိုစားပဲ သံတင်းစကား မေးမြန်းလိုသောကြောင့် မိတ်ဆွေဖွဲ့၍နေသည်။

ရက်အတန်ကြာသောအခါ နဂါးမသည် မိမိ၏ဖြစ်ပုံအကြောင်းစုံကို ဖားမအား ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးမက မိမိသည် လူသားများနှင့် တွေ့လို၍လူ့ပြည်
သို့ လာခဲ့ခြင်းဖြစ်ပါသဖြင့် လူသားများရှိရာသို့ ညွှန်ပြပေးပါရန်
ဖားမကို မေတ္တာရပ်ခံသည်။

အကျိုးအကြောင်း အစုံအလင် သိရသောအခါ ဖား
သည် နဂါးမကို သနားလှ၍ လမ်းညွှန်လိုက်သည်။

"သင် ဤအရပ်မှ တောင်အရပ်သို့ ခရီးအတော် သွား
မိသော် ကျောက်ဂူတစ်ခုတွင် လုလင်တစ်ဦး နေထိုင်သည်ကို
တွေ့လိမ့်မည်"

ဟု ဝိဇ္ဇာမိုရ်နေထိုင်ရာ ကျိုးပါးစပ်ဂူရှိရာအရပ်ကို ညွှန်
ပြလိုက်လေသည်။

နဂါးမသည် ဝမ်းမြောက်ကြည်ရွှင်လျက် မိမိတန်ခိုး
နတ်သမီးအသွင် လှပတင့်တယ်စွာ ဖန်ဆင်းပြီးလျှင် ဖားမညွှန်
သည့်အတိုင်းလာခဲ့ရာ ကျိုးပါးစပ် ဂူအနီးသို့ ရောက်လာသည်

ထိုဂူအပြင်ဘက် ကျိုးပါးစပ် ကျောက်ဖြာအောက်တွင်
ဆေးဝါးကိစ္စကို အာရုံစူးစိုက်၍ ဆောင်ရွက်နေသော ပျိုနုငယ်
ရွယ်သည့် ရုပ်ရည်ရှင်းသန့်ကြည်လင် ဝိဇ္ဇာမိုရ်ကို မြင်တွေ့
လေသည်။

နဂါးမသည် ရုပ်ဆင်းအင်္ဂါ ပြည့်စုံ၍ ကျမ်းမာပျိုမြစ်
သော လူသားယောကျ်ားတစ်ဦးကို တွေ့မြင်ခါစ အချိန်မှာပင်
များစွာ နှစ်သက်စုံမက်မိသည်။

သို့သော် ကာမဂုဏ်ဖြင့် မိန်းမတို့အပေါ် တပ်မက်ခြင်း
ရှိမရှိ မသိရသေးသဖြင့်. . ရုတ်တရက် ထိုသူ၏ အနီးသို့ သွား





ရောက် အတွေ့ခံရန် သင့်မသင့် စုံစမ်းဦးမှ တော်မည်ဟု ကြံ
စည်ပြီးလျှင် ကျိုးကန်းပါးစပ်ဂူအနီး တစ်ခုသော တောင်စွယ်ကို
ဖုံးကွယ်ကာ အခြေအနေကို စောင့်ကြည့်နေလေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ဝိဇ္ဇာမိုရ်၏
လုလင်သည် မြူဖွယ်ကိစ္စအတွက် အပြင်သို့ ထွက်သွားလေသော်
နဂါးမလည်း ဝိဇ္ဇာမိုရ်၏ အရိပ်အခြည်၊ အိပ်ရာနေရာများကို
အကဲခတ်ရန် ဂူအတွင်းသို့ ဝင်ရောက်ကြည့်ရှုခဲ့သည်။

ထိုစဉ် ဝိဇ္ဇာမိုရ်သည် အရပ်တစ်ပါးမှ ဂူထဲသို့ ပြန်ရောက်
လာ၍. . နတ်သမီးကဲ့သို့ လှပတင့်တယ် ရှုချင်စဖွယ်ရုပ်ဆင်းရှိ
သော အမျိုးသမီးငယ်ကိုတွေ့သည်။

"အသင်ကား အဘယ်သူနည်း၊ အဘယ်ကြောင့်ငါ၏
နေရာသို့ လာရောက်ရသနည်း"

ဟုမေးလေသည်။

"ကျွန်မသည် ဤတောစောင့်နတ်မင်းကြီး၏ သမီး
ဖြစ်ပါတယ်၊ သင့်ကိုတွေ့မြင်ကတည်းက အလွန်နှစ်သက်မြတ်
နိုးလှလို့ ဒီဂူအတွင်းသို့လာရောက် ကြည့်ရှုအကဲခတ်ခြင်း ဖြစ်ပါ
တယ်"

ဟူ၍လိမ်လည်ဖြေကြားသည်။

ဝိဇ္ဇာမိုရ်သည် ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော အမျိုး
သမီးငယ်၏ ရုပ်သွင်ကို မြင်ကတည်းက ခင်မင်တိမ်းညွတ်နေခဲ့
၍ လွန်စွာဝမ်းမြောက်ကာ နှစ်ဦးသဘောတူ ကျိုးပါးစပ်ဂူတွင်
ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာမိုရ်နှင့်ဇနီးမောင်နှံသည် တိဿရသေ့ကြီးထံ မကြာခဏ သွားရောက်ကန်တော့ကြသည်။

ဝိဇ္ဇာမိုရ်နှင့် နဂါးမ ဇနီးမောင်နှံတို့သည် ကျိုးပါးစပ်ဂူ၌ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်မှာ လအတန်ကြာသည်အထိ ဖြစ်သည်။

နတ်သမီးအသွင် ဟန်ဆောင်ထားရသော နဂါးမသည် နှစ်ခြိုက်စွာ မအိပ်ရသည့် အိပ်ပျက်ကာလကြာလာပြီဖြစ်၍ အလွန်ငိုက်မြည်းလာလေသည်။

တစ်နေ့၌ ဂူထဲတွင် ဝိဇ္ဇာမိုရ်မရှိခိုက် နဂါးမသည် အိပ်ရေးဝအောင် သတိလက်လွတ်အိပ်ပျော်သွားသည်နှင့် တစ်ပြိုင်နက် နတ်သမီးအသွင် ဖန်ဆင်းထားသည့် ရုပ်သွင်ပျောက်ပြီး နဂါးမအသွင် ပကတိအတိုင်း အိပ်ပျော်နေလေသည်။

ဝိဇ္ဇာမိုရ်လုလင်သည် နဂါးမအိပ်ပျော်နေစဉ် ကျိုးပါးစပ်ဂူသို့ ပြန်ရောက်လာရာ အံ့သြခြင်း၊ စိုးရိမ်ခြင်းဖြင့် စောင့်ဆိုင်းကြည့်ရှုနေစဉ် နဂါးမသည် အိပ်ရာမှ နိုးလာသည်။

နဂါးမသည် မိမိသတိလက်လွတ် အိပ်မိ၍ နဂါးရုပ်သွင် ပေါ်လာသည်ကို ပြန်ဖျောက်၍ နတ်သမီးအသွင် ပြန်လည်ဖန်တီးထားပြီး မူမပျက် နေလေသည်။

ဝိဇ္ဇာမိုရ်လုလင်သည် ၎င်း၏ဇနီးကို နဂါးမစင်စစ်ဖြစ်မှန်း မျက်မြင်ကိုယ်တွေ့ သိရှိသွားသောအခါ တိရစ္ဆာန်နှင့် ပေါင်းသင်းနေမိသည်ကို တွေးတော၍ ရှက်လှ၍ စွန့်ပစ်ရန် စိတ်ကူးမိသည်။





သို့သော် ဇနီးဖြစ်သူ မရိပ်မိစေရန် ဟန်ဆောင်၍ နေထိုင်ခဲ့သည်။

ရက်များမကြာမီ ဇနီးဖြစ်သူကို တစ်စုံတစ်ရာ အသိမပေးပဲ ဂူတွင်းမှ အမှတ်မဲ့ ထွက်ခဲ့ပြီးလျှင် တိဿရသေ့ကြီးထံ ဝင်ရောက်ကန်တော့ပြီး နဂါးမအား စွန့်ပစ်၍ အရပ်တစ်ပါးသို့ အပြီးအပိုင် ထွက်ခွာသွားလေသည်။

နောက်ပိုင်းမှာလည်း ကျိုးပါးစပ်ဂူနှင့် ပတ်သက်သော နောက်ဆက်တွဲ အကြောင်းအရာများ ရှိသေးသော်လည်း မဖော်ပြတော့ပြီ။ သို့သော်လည်း ကျိုးကန်းပါးစပ်ဂူမှာ ထူးခြားဆန်းကြယ်သော ဂူတစ်ဂူဖြစ်သည်ကိုတော့ ဒေသခံများက လက်ခံထားကြသည်။

အချို့က ကျိုးပါးစပ်ဂူဆိုသော အခေါ်အဝေါ်နှင့်ပတ်သက်ပြီး ဝေဖန်ပြောဆိုမှုများ ရှိကြသည်။

အင်္ဂလိပ်ရတ်လိုက်စားသူများက ဓာတ်လုံးထိုးရန် ကြေးသတ္တုများကို ထိုဂူအတွင်းမှ တူးဖော်ရရှိကြသဖြင့် 'ကြေးပါးစပ်ဂူ' ဖြစ်သင့်ကြောင်း ရေးသားဖော်ပြကြသည်၊

အချို့ကလည်း ရှေးအခါက ထိုဂူထဲမှာ အကောင်အနှုယ်အစားကြီးမားသော သိုက်စောင့်ကျိုးကန်းလင်မယား နေထိုင်ခဲ့ဖူးသောကြောင့်၊ 'ကျိုးကန်းဂူ' ဟု အခေါ်အဝေါ်တစ်မျိုးရှိခဲ့ကြောင်း ပြောသည်။

အားလုံးမှာ ၎င်းတို့ကြုံတွေ့ခဲ့သော၊ မှတ်တမ်းတင်ထားခဲ့သည့် အချက်အလက်များကို အထောက်အထားပြုကာ ရေး



www.burmeseclassic.com

www.burmeseclassic.com



သားပြောဆိုကြခြင်းဖြစ်သဖြင့် တစ်နည်းနည်းတော့ မှန်ကန်ကြမည်သာဖြစ်ပေလိမ့်မည်။

ထိုအထဲတွင် ကြံ့ရက်ပုဗ္ဗာရုံဆရာတော်ဘုရား ရေးသားပြုစုတော်မူခဲ့သော မုပ္ပလင်ကျေးရွာ ဂူဝစေတီတော်သမိုင်း (လက်ရေးမူ)တွင် ကျိုးကန်းပါးစပ်ဂူနှင့် ပတ်သက်၍ကိုယ်တွေ့ ကြုံရပုံများကို ဤသို့မှတ်တမ်းတင်ထားသည်လည်း ရှိသည်။

၎င်းမှတ်တမ်းတွင် (၁၂၈၅)ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက်နေ့တွင် ကျိုက်ထိုမြို့ အပိုင် မရမ်းကုန်းဘူတာအနီး ပိုင်ဒန်ကြီးရွာ၌ သီတင်းသုံးနေတော်မူသော . . သက်တော်(၁၆၀) ကျော်ရှိပြီဖြစ်သော သက်တော်ရှည်ပိုင်ဒန်ဌက်သိုက်ဆရာတော်ကြီးအား ပုဗ္ဗာရုံဆရာတော်ကြီးက ကျိုးပါးစပ်ဂူနှင့် ပတ်သက်ပြီး မေးမြန်းလျှောက်ထားသောအခါ သက်တော်ရှည်ဆရာတော်ကြီးက၊ ဂူအတွင်းသို့ မီးထွန်းပြီး ဝင်ကြည့်ဖူးကြောင်း၊ အချိန်ငါးနာရီခန့် ကြာသောအခါ ဂူအတွင်းပိုင်း၌ ထူးဆန်းသောအရာများ တွေ့မြင်ခဲ့ရကြောင်း၊

၎င်းတို့မှာ ကျောက်ဆင်းတုတော်၊ ကျောက်ခုတင်နှင့် အခြားအသုံးအဆောင်ပစ္စည်းအချို့ကိုပါ တွေ့ခဲ့ရကြောင်း၊ ထိုဂူမှာ များစွာရှည်လျားလှကြောင်း၊ ဂူထဲတွင်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ ဝိဇ္ဇာ၊ ဇော်ဂျီများ နေထိုင်ရာဂူဖြစ်ကြောင်း၊ ကျိုက်ထီးရိုးတောင်ပေါ်မှာရှိသော ကျိုးပါးစပ်ဂူနှင့် မုပ္ပလင်ကျေးရွာချောင်းစပ်ရှိ ဂူပေါက်ဝတို့မှာ တစ်ဆက်တည်းရှိနေကြောင်း၊

ထို့ပြင်ဆရာတော်ကြီးက ဂူအတွင်းပိုင်းတွင် အမျိုးမျိုး





နန်ဆင်းနိုင်သော နတ်နဂါးတို့ရှိနေသောကြောင့် သာမန်လူတို့ ဝင်သင့်သည့် ဂူဖြစ်ကြောင်း၊

နတ်နဂါးတို့သည် လူယောင်ဖန်ဆင်းလျက် အခါအားလျော်စွာ အပြင်သို့ထွက်လာလေ့ရှိကြောင်း၊ မိန့်ကြားတော်မူခဲ့ကြောင်းကို ကြံ့ရက်ပုဗ္ဗာရုံကျောင်းဆရာတော် ရေးသားသော မုပ္ပလင်ကျေးရွာ ဂူဝဆရာတော်သမိုင်းလက်ရေးမူတွင် တွေ့နိုင်ပေသည်၊

အမှောင်ဖုံးနေသော ဂူထဲမှာ အချိန်ငါးနာရီကြာအောင် နေဆက်ခဲ့သော သက်တော်ရှည်ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့မှာလည်း များစွာလေးစားကြည်ညိုဖွယ်ရာဖြစ်တော့သည်။

ဆရာတော်ကြီးရေးသားခဲ့သော မှတ်တမ်းထဲမှာပါသော သိဒ္ဓိရှိသောနတ်နဂါးတို့က လူယောင်ဖန်ဆင်းပြီး အပြင်သို့ထွက်လာသည်ဆိုသောစကားမှာ ဝိဇ္ဇာမိုရ်ယောကျာ်းနှင့် နဂါးတို့၏ အဖြစ်အပျက်ကို အထောက်အကူပြုသကဲ့သို့ ဖြစ်ပေသည်၊

နီမောင်တို့ ကျိုးကန်းပါးစပ်ဂူပေါက်ဝသို့ ရောက်သွားသောအချိန်မှာ နေညိုချိန်ရောက်နေချေပြီ။

"ဒီညတော့ ကျုပ်နဲ့အတူ ဂူထဲဝင်ပြီး ပုတီးစိပ်ကြပေါ့ . . နက်လင်းတော့မှ ဒကာတို့လိုချင်တဲ့ ဆေးပင်ဂမုန်းပင်တွေ ရှာကြပေါ့"

"တပည့်တော်တို့မှာ ပုတီးမပါကြဘူးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့လေ ဒီမှာပါ,ပါတယ်"

ဟုပြောပြီး ရင်းလွယ်အိတ်အတွင်းမှ ပုတီးတစ်ကုံးစီ ထုတ်ပေးသဖြင့် ယူကြသည်။

"တစ်ခုတော့ မှာထားရဦးမယ်၊ ဒီဂူထဲမှာ ပုတီးစိပ်ရင် တော့ အနှောင့်အယှက်တွေကတော့ မုချလာမှာပဲ. . တချို့က အမိဋ္ဌာန်ပျက်အောင် လုပ်ကြတယ်၊ တချို့ကျတော့လည်း စိတ် နိုင်မနိုင် သိချင်လို့လာပြီး စမ်းကြည့်ကြတာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ်လုပ်ရမယ့်အလုပ်ကို အဓိဋ္ဌာန်မပျက်အောင် ကြိုးစားပြီး လုပ်ကြပါ၊ ကိုယ်ဘက်က တစ်ခုခုလုပ်ပြနိုင်မှ သူတို့ဘက်က တစ်ခုခု ပြန်ရမယ်ဆိုတာ မမေ့ကြနဲ့"

ဟုမှာကြားပြီး ဘုန်းကြီးက ဂူအတွင်းသို့ ဝင်သွားလေ တော့သည်။

နီမောင်နဲ့ ဦးဗန်ကောင်းတို့မှာ လက်ထဲမှာရှိနေသော ပုတီးကိုကြည့်ရင်း ဦးဗန်ကောင်းက ပြောလိုက်သည်။

"ဘုန်းကြီးနဲ့လမ်းမှာတွေ့တာ၊ အခုသူနဲ့ပါလာပြီး ပုတီး စိပ်ဖို့အထိ ဖြစ်လာတာ အကြောင်းမဲ့တော့ ဟုတ်မယ်မထင်ဘူး မင်းရော ဘယ်လိုထင်သလဲ"

"ကျွန်တော်တို့ တောင်ပေါ်တက်လာကြတာ ပုတီးစိပ် ဖို့မှမဟုတ်တာ အခုပုတီးစိပ်ရတော့မယ်ဆိုတော့ ကောင်းတာ ပေါ့၊ ကိုယ်ဘာသာဆိုရင်တောင် လုပ်ဖြစ်ချင်မှ လုပ်ဖြစ်မှာ၊ ဘာ ပဲဖြစ်ဖြစ် ကျွန်တော်ကတော့ တတ်နိုင်သမျှ ကြိုးစားပြီးလုပ်ရမှာ ပဲအဘ"





"အေးကောင်းတယ် ငါလည်း အဲဒီလိုပဲ စိတ်ကူးထား တယ်"


ဟုပြောဆိုတိုင်ပင်ပြီးနောက် တစ်ယောက်တစ်နေရာစီ ပြီး ပုတီးစိပ်ရန် ပြင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၉]

## နီမောင်နှင့် ဆန်းကြယ်သောအတွေ့အကြုံများ

ပုတီးကိုင်ပြီးအခိဋ္ဌာန်ဝင်ဖို့သာ ပြင်နေရသော်လည်း …အောင့်အတွက်ကတော့ ထိုအတွေ့အကြုံမျိုး မရှိသေးပေ။ ဝမ်း…ရှာဖွေနေရသဖြင့် ဘုရားရှိခိုးရန်ပင် အချိန်မရခဲ့ပေ။ အခြား…များ တစ်နယ်တစ်ကျေးမှ တကူးတကလာရောက်ဖူးမြော်နေ…ရသော ကျိုက်ထီးရိုးစေတီတော်သို့ ခရီးသည်များ လိုက်ပို့ပေး…နှင့် မကြာခဏ ရောက်သွားလေ့ရှိသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အလုပ်နှင့် သွားရသည်မျိုး ဖြစ်သောကြောင့် ပုတီးစိပ် အဓိဋ္ဌာန်ဝင်ခြင်းမျိုး မလုပ်နိုင်ပါပေ။

ခရီးသည်များ သွားလိုသောနေရာ လိုက်ပို့ပေးနေရသဖြင့် ရင်ပြင်တော်ပေါ် ရောက်သွားသော်မှ ဘုရားမရှိခိုးခဲ့သည်မျိုး ပင်ရှိသည်။

သို့သော်.. သူသည် ဆင်းရဲချို့တဲ့သော်လည်း ဘုရား တရား၊ သံဃာ ရတနာသုံးပါးကိုတော့ ယုံကြည်အားကိုးသူ ဖြစ်သည်။

သူ့အနေနှင့် တကူးတက မလုပ်နိုင်သော မလုပ်ဖြစ်ခဲ့သည့်ကိစ္စကို ဒီနေ့ည ပြုလုပ်ရတော့မည်မို့ စိတ်ထဲမှာ လှုပ်ရှားနေသည်။ ကျေနပ်မှုလည်း ဖြစ်နေသည်။

သူတို့နှင့်ပါလာသော ဘုန်းကြီးက ဂူအတွင်းသို့ တစ်ပါးတည်း ဝင်သွားသည်။

ဦးဇန်ကောင်းက အခြားတစ်နေရာမှာ ဘုရားရှိခိုးနေသောအသံ ကြားနေရသည်။

နီမောင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဂူပေါက်ဝနှင့် မနီးမဝေးမှာရှိသော ရုပ်ပွားဆင်းတုတော်ရှေ့တွင် ထိုင်သည်။

ထို့နောက် ဘုရားရှိခိုးသည်။

အချိန်က နေဝင်သွားပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းလာသည်။

မြူနှင်းများလည်း ပိုများလာလေပြီ။





ထိုအတူ အအေးဓာတ်ကပါ များလာသဖြင့် လေကွယ်သော အတွင်းပိုင်းသို့ ရွှေ့ပြီး ပုတီးစိပ်လေသည်။

သို့သော်လည်း ထိုအတွေ့အကြုံက သူ့အတွက် အသစ်အဆန်းဖြစ်နေသောကြောင့် စိတ်ကမငြိမ်လှပေ။

ဘုန်းကြီးပြောသွားသော စကားကလည်းရှိနေသောကြောင့် ပုတီးစိပ်စက မိမိအနီးမှာ တစ်စုံတစ်ယောက်ရှိနေသကဲ့သို့ ထင်သဖြင့် မကြာခဏ မျက်လုံးဖွင့်ကြည့်မိသည်။

အချိန်နည်းနည်း ကြာလာတော့မှ စိတ်က တည်ငြိမ်လာသည်။ သူ့အနေဖြင့် ပုတီးစိပ်နေရသော်လည်း စိတ်ကအိမ်ပြန်ရောက်သည့်အခါရောက်လိုက်၊ မြန်နှင်းဖြူထံ ရောက်သည့်အခါရောက်သွားလိုက် ဖြစ်နေသည်။

နောက်မှ အခြားအတွေးများကို ကြိုးစားဖယ်ထုတ်ပြီးနောက် ပုတီးစိပ်ခြင်းကို ကြိုးစားဆောင်ရွက်ရသည်။

နီမောင်အနေဖြင့် ပုတီးစိပ်နေသော်လည်း သူ့အနေဖြင့် ဘုရားစာ၊ တရားစာများများတော့ မရပါချေ။

ကျောင်းနေစဉ်က သင်ခဲ့ရသော ပရိတ်တရားတော်များထဲမှ ၎င်းကျက်မှတ်ထားသော ဂါထာများကိုအာရုံပြုပြီး ပုတီးစိပ်ရန် စိတ်ကူးပေါ်သည်။

ပထမ ဘုရားရှိခိုးပြီးနောက် မေတ္တာပို့အမျှဝေသည်။ ပြီးလျှင်.. သရဏဂုံသုံးပါးကို ပုတီးပတ် သက်စေ့ရအောင်စိပ်သည်။

ပြီးသောအခါ မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆို


www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြီးပြန်တော့ ခန္ဓသုတ် ပရိတ်တော်ထဲမှ စာပိုဒ်တစ်ပိုဒ်ကို ရွတ်ဆိုပြီး စိပ်လေသည်။

ထိုစာပိုဒ်ကို ရွေးချယ်ပြီး ပုတီးစိပ်သော အကြောင်းအရင်းမှာ. . ဘုန်းကြီးပြောသွားခဲ့သော စကားကိုသတိရမိသောကြောင့် ဖြစ်လေသည်။

( ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။ )

"အမိပ္ပာယ်မှာ ဝိရူပက္ခနဂါးမျိုးတို့သည် ငါ၏မေတ္တာကို ရရှိကြ၍ ငါ့အား မေတ္တာသက်ဝင် ချစ်ခင်ခြင်းတို့ဖြစ်ပါစေ၊ ဧရာပထ နဂါးမျိုးတို့သည် ငါ၏မေတ္တာကို ရရှိကြ၍ ငါ့အား မေတ္တာသက်ဝင်ချစ်ခင်ခြင်းကို ဖြစ်ပါစေ၊ ဆဗျာပုတ္တ နဂါးမျိုးတို့သည် ငါ၏မေတ္တာကို ရရှိကြ၍ ငါ့အား မေတ္တာသက်ဝင် ချစ်ခင်ခြင်းကို ဖြစ်ပါစေ၊ ကဏှာဂေါတမ နဂါးမျိုးတို့သည် ငါ၏မေတ္တာသက်ဝင် ချစ်ခင်ခြင်းကို ဖြစ်ပါစေ"

ဂါထာတစ်ပိုဒ်ဆုံးလျှင် ပုတီးတစ်လုံးချပြီး စိပ်လေရာ အချိန်အနည်းငယ်ကြာသောအခါ အရှိန်ရလာသည်။

အခြားသောအတွေးများ လျော့နည်းသွားပြီး ပုတီးစိပ်ခြင်းကို အာရုံပြု၍ရလာသည်။

ခေါင်းထဲသို့ ဝင်နေသောအတွေးများလည်း တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက်ကွယ်သွားလေသည်။

ထိုကဲ့သို့ ပုတီးစိပ်နေစဉ် ရင်ထဲမှာပူတက်လာသည်။ ပုတီးစိပ်ဖျက်ပြီး ရေထသောက်ရန် စိတ်ကူးမိသည်။ နောက်တော့စိတ်ထဲမှာ အတွေးတစ်ခု ဝင်လာသည်။

"ငါရေထသောက်နေရင် ပုတီးစိပ်ပျက်လိမ့်မယ် ထမသောက်တော့ပါဘူးလေ"

ထိုသို့တွေးတောပြီး ပုတီးဆက်စိပ်သည်။ အတန်ကြာတော့ ရေသောက်ချင်စိတ် ပျောက်သွားလေသည်။

ထို့ကြောင့် ပုတီးဆက်စိပ်ပြန်သည်။

ခဏကြာပြန်တော့ ဗိုက်ထဲမှ ဆာလာပြန်သည်။

ရင်ထဲမှာ ပူစပ်ပူလောင် ဖြစ်လာလေသည်။

ထို့ကြောင့်တစ်ခုခု ထစားရန်စိတ်ကူးပေါ်လာပြန်သည်။

သို့သော်လည်း ချက်ချင်းပင် ထိုအတွေးကိုရပ်ပစ်လိုက်သည်။

"ငါထစားနေရင် ပုတီးစိပ်ပျက်သွားလိမ့်မယ်၊ ဆာချင်သည်းဆာပစေတော့၊ ပုတီးစိပ်လို့ပြီးမှပဲ တစ်ခုခုစားတော့မယ်"

ဟု ဆုံးဖြတ်ပြီး ပုတီးဆက်စိပ်သည်။

ခဏကြာတော့ ရင်ထဲမှာ ဆာလောင်နေမှုများ လျော့သွားပြီးနောက်တော့ ပျောက်ကွယ်သွားသည်။

နီမောင်ကတော့ ဆာလောင်နေမှုများ ပျောက်သွားသည်ကိုပင် သတိမရပေ။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပုတီးပတ် များမည်စိုးသည်ကတစ်ကြောင်း၊ ရွတ်ဆိုနေသောတရားစာများ မေ့သွားမည်စိုးသည်ကတစ်ကြောင်းကြောင့် အခြားအကြောင်းများကိုပင် သတိမပြုမိတော့ပေ။

အတန်ကြာသောအခါ ကျောဘက်မှ ခြေသံလိုလို ကြားရသည်။ ခြေသံက နောက်ဘက်မှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ခြေသံပင်ဖြစ်သည်။

ဦးဇန်ကောင်းများ ထလာသလားဟု ထင်မိသေးသည်။

သို့သော် ပုတီးစိတ်ကိုတော့ မဖျက်ပေ။

ခြေသံပျောက်သွားပြီးနောက်တွင် ကျောပြင်ကိုရေခဲတုံးဖြင့် ကပ်လိုက်သကဲ့သို့ စိမ့်ခနဲ ဖြစ်သွားသည်။

ရုတ်တရက်မို့ လန့်သွားသောကြောင့် ကျောပြင်တစ်ခုလုံးရေများ စို့ရွှဲသွားသကဲ့သို့ ရှိလေသည်။

"ငါ ကျောကိုရေနဲ့ လာလောင်းသွားတာဖြစ်မယ်"

ဟု တွေးမိသော်လည်း ပုတီးပတ်ရေ မပြည့်သေးသဖြင့် ဆက်စိပ်လေသည်။

ထိုဂါထာတစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချပြီး မိမိသက်ရှေ ပြည့်အောင်စိပ်မည်ဟု အဓိဋ္ဌာန်တင်ထားသောကြောင့် မျက်စိဖွင့်မကြည့်ခြင်းဖြစ်သည်။

နောက်တော့ ကျောဘက်မှ အေးစိမ့်နေမှုများ ပျောက်သွားပြန်သည်။

ထိုသို့မကြာခဏ အနှောင့်အယှက်များပေါ်နေသော်လည်း အဓိဋ္ဌာန်မဖျက်ပဲ ဆက်စိပ်ပြန်လေရာ နောက်တစ်ကြိမ်





မှာတော့ မိမိနံဘေးမှ မီးတောက်နေသံများ ကြားလာရသည်။

"ဖျစ် . . ဖျစ် . . ဖျစ် . ."

"ငါ့ဘေးမှာ မီးဖိုလည်းမရှိပါဘူး၊ ဘယ်ကမီးတောက်နေတဲ့အသံတွေ ကြားနေရပြန််လဲ ဘာပဲဖြစ်ဖြစ် ငါ့အတွက်တော့ သက်စေ့ပြည့်အောင် ပုတီးစိပ်ရမှာပဲ"

ထိုသို့တွေးရင်း ဆက်စိပ်နေရာ မီးတောက်နေသာအသံများက ပိုကျယ်လာသည်။

"ဖျစ် ဖျစ် ဖျစ်"

မီးတောက်သံပိုကျယ်လာသလို အပူရှိန်များကလည်း နံဘေးပတ်လည်မှာ မီးတောက်များ ဝိုင်းလာသကဲ့သို့ တစ်ကိုယ်လုံး ပူလောင်လာသည်။

ချက်ချင်း မျက်စိဖွင့်ကြည့်ရန် စိတ်ကူးလိုက်သည်။

နောက်မှ ချက်ချင်း စိတ်ကို ထိမ်းလိုက်လေသည်။

"ငါ့ဘဝတစ်လျှောက်လုံးမှာ အခုလို အဓိဋ္ဌာန်ပြုပြီးလုပ်တာမျိုး တစ်ခါမှမရှိခဲ့သေးဘူး၊ အခုတစ်ခါပဲ လုပ်ခွင့်ရတယ်၊ အခုတစ်ခါမှာပဲ အနှောင့်အယှက်တွေကလည်း များလိုက်တာ ဘာပဲဖြစ်ဖြစ် တစ်ခါတလေ လုပ်ခွင့်ရတဲ့ကုသိုလ်ကိုတော့ အဖျက်မခံတော့ဘူး၊ သေချင်လည်း သေပေစေတော့ ဆက်လုပ်မယ်"

ဟု စိတ်တင်းပြီး ပုတီးဆက်စိပ်သည်။

ခဏကြာတော့ မီးတောက်သံများ ပျောက်သွားပြီး မကြားရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း မူလအခြေအနေအတိုင်း ပြန်ဖြစ်ကာ အေးသွားလေသည်။

"အင်း. . ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တွေဟာ တန်ခိုးကြီးလှပါလား"

ဟုလည်း တွေးမိသည်။

ဤသို့ဖြင့် ပုတီးတစ်ပတ်ပြီး တစ်ပတ်ဆက်စိပ်သွားရာ နောက်ဆုံးမှာတော့ ပုတီးပတ်သက်စေ့ ပြည့်သွားလေသည်။

ထိုအခါမြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ်သော ပုဂ္ဂိုလ်တို့အား အမျှအတန်း ပေးဝေပြီး ခေတ္တနားလိုက်သည်။

မျက်စိဖွင့်ကြည့်လိုက်တော့ ဂူအတွင်းမှာ မည်းမှောင်လျက်ရှိပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဂူအတွင်းဝင်သွားသော ဘုန်းကြီးထံမှလည်း အသံမကြားရ. . ဦးပဉ်ကောင်းရှိသောနေရာဘက်မှလည်း ဘာသံမှ မကြားရပဲ တိတ်ဆိတ်နေသည်။

နီမောင်က သူ့ဘေးမှာချထားသော ရေဘူးထဲမှရေအနည်းငယ်သောက်လိုက်ပြီး ပုတီးဆက်စိပ်ရန်ပြင်သည်။

ထိုသို့ပြင်နေရင်းမှ စောစောက ပုတီးစိပ်နေစဉ် ပူလိုက်အေးလိုက်ဖြစ်နေခဲ့သောအရာများကို သတိရသဖြင့် ပတ်ဝန်းကျင်ကိုကြည့်ရာ ဘာမှမတွေ့ရပေ။

နောက်တစ်ကြိမ် ပုတီးစိပ်သော အခါမှာတော့ စောစောကလို မဟုတ်တော့ဘဲ နောက်ထပ်အနှောင့်အယှက်အချို့ကို ထပ်မံတွေ့ရပြန်သည်။





ပုတီးစိပ်နေစဉ် သင်းပျံ့သော ရနံ့များ နှာခေါင်းထဲတိုး ဝင်လာသည်။

တောပန်းရနံ့မျိုးမှမဟုတ်ပဲ ပိုမိုစူးရှသော ရနံ့များ ဖြစ်လေသည်။

ထိုကဲ့သို့ ရနံ့များရပြီးနောက်တွင် ဂူအတွင်းပိုင်းဘက်မှ လျှောက်လာသော ခြေသံအချို့ ကြားလာရပြန်သည်။

ခြေသံများက တဖြည်းဖြည်းနှင့် နောက်ဘက်နားသို့ ရောက်လာလေသည်။

နောက်တော့ စကားပြောသံအချို့ ကြားရသည်။

အမျိုးသမီးများ အသံပင်ဖြစ်သည်။

"သူက လူသစ်ကလေးပါဟယ် နင်တို့ကဒီလောက် အနှောင့်အယှက်ပေးနေတော့ ခံနိုင်ပါတော့မလား"

"သူက လူသစ်ဆိုပေမယ့်. . စိတ်ကတော့ အတော်မာတယ်၊ တော်ရုံသမာဓိရထားတဲ့လူတွေတောင် အခုလောက်နှောင့်ယှက်လိုက်ရင် ဖရိုဖရဲဖြစ်ကြရတယ်၊ သူက ဘာမှမဖြစ်ဘူး မမရဲ့"

"သူက သမာဓိအတွေ့အကြုံမရှိသေးပေမယ့် စိတ်ထားဖြူစင်ပြီး ခိုင်မာတာကိုး၊ နောက်ပြီး သူကတစ်ခုခုပြန်လိုချင်လို့ လုပ်နေတာမဟုတ်ဘူး၊ ငါတော့ သူ့ကို သဘောကျတယ်"

"မမကလည်း အခုမှတွေ့တယ် ဘယ်လိုများဖြစ်ရတာလဲ၊ ကျွန်မတို့ကတော့ သူဘယ်လောက် တောင့်ခံနိုင်မလဲဆိုတာ သိရအောင်ထပ်ပြီး စမ်းကြည့်ချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ကြနဲ့တော့လေ. . ဘာမှ သမာဓိလည်းမရသေး၊ အတွေ့အကြုံလည်း မရှိသေးတဲ့လူတစ်ယောက်ကို နင်တို့ဒီလောက်နှိပ်စက်ရင် ဘယ်တရားပါတော့မလဲ၊ နောက်ပြီး သူရွတ်နေတဲ့ဂါထာက ငါတို့ကို အနှောင့်အယှက်ပေးနေတာမှ မဟုတ်တာ မေတ္တာပို့ပေးနေတဲ့ ဂါထာပဲ မလုပ်ကြပါနဲ့တော့"

ဟု ပြောသံကြားရပြီးနောက် စကားသံများ ရပ်သွားလေတော့သည်။

နီမောင်ကတော့ စကားသံများကြားနေရသော်လည်း သူ့အလုပ်ကိုသာ ဆက်လုပ်နေသည်။

နောက်တော့ မွှေးရနံ့များပါ ပျောက်ကွယ်သွားလေသည်။ ဤသို့ဖြင့် နောက်ထပ်အနှောင့်အယှက်များ ထပ်မတွေ့ရတော့ပဲ ဆက်ပြီးပုတီးစိပ်လေရာ နောက်တစ်နေ့အရုဏ်တက်ချိန်ရောက်တော့မှ ပြီးစီးအောင်မြင်သွားတော့သည်။

မိမိအဓိဋ္ဌာန်တင်ထားသောကိစ္စကို ပြီးအောင်ဆောင်ရွက်ပြီးသောအခါ အားလုံးကို ရည်စူးပြီး မေတ္တာပို့အမျှအတန်းပေးဝေလိုက်သည်။

မျက်စိဖွင့်ကြည့်လိုက်တော့ ရုပ်ပွားတော်ရှေ့မှာ ကြေးလင်ဗန်းဖြင့်ထည့်ပြီး လှူထားသော ကောက်ညှင်းပေါင်း၊ ငှက်ပျောသီးမှည့်နှင့် သောက်တော်ရေတို့ကို တွေ့ရသည်။

ကောက်ညှင်းပေါင်းမှာ အငွေ့များပင် ထွက်နေသေးသည်။ နီမောင်မှာ တစ်ညလုံး ဘာမှမစားရသေးသဖြင့် ဝမ်းဗိုက်ထဲမှ ဆာလောင်နေသည်။





သို့သော်လည်း ဘုရားရှေ့မှာ ကပ်ထားသော အစားအသောက်များကို ယူမစားဝံ့ပေ။

ထိုအခိုက်မှာပင် ဂူထဲမှထွက်လာသော ခြေသံကြားသဖြင့် ကြည့်လိုက်ရာ ဘုန်းကြီးနှင့် ဦးဇန်ကောင်းတို့ကို တွေ့ရသည်။

"မင်း ညက အဓိဋ္ဌာန်အောင်ရဲ့လား"

ဘုန်းကြီးကမေးသည်။

"အောင်ပါတယ်ဘုရား"

"အနှောင့်အယှက်တွေရော တွေ့ရသေးသလား"

"တွေ့ရပါတယ် ဘုရား"

"ဒီလိုဆိုရင်တော့ မင်း ပါရမီအခံရှိသူလို့ပဲ ဆိုရမှာပဲ၊ ကဲ. . ဘုရားရှေ့မှာကပ်ထားတဲ့ အစားအသောက်တွေကို စွန့်ပြီး အဆာပြေ စားလိုက်ဦး"

ဟုပြောသဖြင့် ဘုရားရှေ့မှာ ကြေးလင်ဗန်းဖြင့် ကပ်လှူထားသော အစားအသောက်များကို စွန့်ယူပြီး ဦးဇန်ကောင်းနှင့် သောက်အတူတူ စားသောက်ကြသည်။

နီမောင်စိတ်ထဲမှာတော့ သူစားခဲ့ဖူးသော ကောက်ညှင်းအပါအဝင် အစားအသောက်များထက်၊ ယခုစားသောက်သောအစားအသောက်များက ပို၍အရသာရှိသည်ဟု ထင်မိသည်။ စားသောက်ပြီးတော့ စိတ်ထဲမှာ အားပြည့်သွားသလို သည်။

ပြီးသောအခါ ဘုန်းကြီးကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း ရင်ပြင်တော်ပေါ် တက်ပြီး ကျိုက်ထီးရိုးစေတီတော်ရှေ့မှာ အဓိဋ္ဌာန်ပုတီးစိပ်လိုက်ဦးမယ် ဒကာကြီးတို့လည်း သွားစရာရှိတာ သွားကြပေတော့၊ ဒီကပြန်ရင် နတ်စမ်းတွင်းဘက်က လှည့်ပြီး ဆင်းသွားကြပေတော့၊ အဲဒီနေရာရောက်ရင် ဒကာကြီးတို့ အလိုရှိတဲ့ ဆေးပင်နဲ့ ဂမုန်းပင်တွေ တွေ့ရပါလိမ့်မယ် တကယ်လို့ ရှာမတွေ့ရင်လည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက လမ်းပြပေးပါလိမ့်မယ်"

ဟု မိန့်ကြားပြီး နေရာမှထသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့က ကန်တော့လိုက်ကြသည်။

"အရှင်ဘုရားရဲ့ ဘွဲ့အမည်က ဘယ်သူပါလဲဘုရား"

"မဟာဂန္ဓာရီ ခရီးသည်တစ်ဦးလို့ပဲ မှတ်ထားပါလေ နာမည်က အရေးမကြီးလှပါဘူး၊ ရေစက်မကုန်ရင်တော့လည်း ပြန်တွေ့ကြရဦးမှာပေါ့"

ဟုပြောကာ နှင်းမကွဲသေးသော ဂူအပြင်ဘက်သို့ ထွက်သွားလေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့လည်း ညကကြုံတွေ့ခဲ့သော အတွေ့အကြုံတို့ကို အချင်းချင်း ပြောနေကြပြီး အလင်းရောင်ရတော့မှ အပြင်သို့ ထွက်ခဲ့ကြသည်။

သူတို့သည် ကျိုးကန်းပါးစပ်ဂူရှိရာမှ အောက်ဘက်သို့ ဆင်းလာသောအခါ နတ်ရေတွင်းသို့ ရောက်သည်။

နတ်ရေတွင်းမှ အောက်သို့ဆက်ဆင်းကြရာ နတ်စမ်း





တွင်းနေရာသို့ရောက်ကြလေသည်။

ထိုနေရာမှာ ဝါးတောများထူထပ်စွာ ရှိသောကြောင့် နတ်စမ်းတွင်းရှိသော နေရာတစ်ဝိုက်မှာ မှောင်နေသေးသည်။

နတ်စမ်းတွင်းနေရာတစ်ဝိုက်မှာ လိုက်ရှာတော့လည်း သူတို့လိုချင်သော ဆေးပင်ဂမုန်းပင်တို့ကို မတွေ့ရသေးပေ။

အတန်ကြာတော့ တစ်နေရာမှ ဖားအော်သံကြားရသည်။ ဦးဗန်ကောင်းက နားစွင့်ကြည့်လိုက်ပြီး. . .

"အချိန်အခါမဟုတ်ပဲ ဖားအော်သံကြားရတော့ နည်းနည်းထူးဆန်းသလိုပဲ အဲဒီအသံကြားတဲ့ဘက်ကို သွားရှာကြည့်ရအောင်"

ဟုပြောပြီး ဖားအော်သံကြားသောနေရာဘက်သို့ ဆင်းသာကြလေသည်။

ထိုနေရာရောက်တော့ ဖားအော်သံက ရပ်သွားသည်။

ခဏကြာတော့ အခြားတစ်နေရာမှ ထပ်ကြားရပြန်သည်။ ထို့ကြောင့် ထိုနေရာသို့ သွားကြပြန်သည်။ အသံကြားသောနေရာ ရောက်တော့လည်း အလိုရှိသောဆေးပင်၊ ဂမုန်းပင်တို့ကို မတွေ့ရပေ. . ။

နောက်ထပ်တစ်နေရာမှ အော်သံကြားရပြန်သဖြင့် ထိုနေရာသို့ လိုက်သွားကြရာ ရေထွက်နေသော ကျောက်ချပ်နှစ်ခုကြားသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ စမ်းချောင်းနှင့် မနီးမဝေးမှာရှိသောကျောက်ဖျာတစ်ခုပေါ်မှာ ပေါက်နေသောဂမုန်းပင်အချို့



www.burmeseclassic.com

www.burmeseclassic.com



ထိုတွေ့ကြုံရလေတော့သည်။

ဦးဗန်ကောင်းမှာ သူအလိုရှိသော ဂမုန်းပင်များ တွေ့ရသောကြောင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။

"ဝိဇ္ဇာတွေအတွက် လိပ်စာမလိုဘူးဆိုပေမယ့်၊ ငါတို့လိုဘာမှမဟုတ်သေးတဲ့ လူတွေအတွက်ကတော့ အခုလိုလမ်းပြပေးတော့မှပဲ လိုချင်တာ ရပေတော့တယ်"

ဟု ရေရွတ်ပြောဆိုနေလေသည်။

ထိုအချိန်မှာ ပတ်ဝန်းကျင်ကို အလင်းရောင်များက ဖြာဆင်းလာခဲ့လေပြီ. . .။





# အခန်း [၁၀]

## ကျိုက်ထီးရိုးတောင်ပေါ်မှ ခရီးတော်သုံးဦး

တစ်နေ့သ၌ ကင်ပွန်းစခန်းသို့ အမျိုးသမီးသုံးယောက် ရောက်လာကြသည်။

သုံးယောက်စလုံး အသက်(၂၀)ကျော်အရွယ်မျှသာ ရှိသေးပြီး ရုပ်ရည်ကလည်း မကွာလှပေ။

ချောမောသူများ ဖြစ်ကြသည်။

၎င်းတို့သုံးယောက်မှာ အထုပ်တစ်ထုပ်သာ ပါလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဝေးမှ ဘုရားဖူးရန် ရောက်လာကြသူများဖြစ်သည်။

သူတို့သည် ဇရပ်ရှိရာသို့ ရောက်လာပြီးနောက် ထိုနေရာမှာပင် ခဏနားနေကြသည်။

ထိုအချိန်တွင် ဇရပ်ပေါ်၌အခြားခရီးသည်များ မရှိကြတော့ပေ။ တောင်ပေါ်တက်သွားကြပြီ ဖြစ်သောကြောင့် လူရှင်းနေခြင်းဖြစ်သည်။

ထိုအတူ အထမ်းလိုက်မည့်သူများလည်း မရှိကြပေ။ ခရီးသည်များမရှိတော့သဖြင့် အချို့လည်း အခြားအလုပ်လုပ်ရန် သွားနေကြခြင်းကြောင့်ဖြစ်သည်။

ထိုအမျိုးသမီးသုံးယောက်တို့မှာ ဇရပ်ပေါ်မှာ ခေတ္တဝင်နားကြပြီးနောက် မနီးမဝေးမှာရှိသော မြနှင်းဖြူတို့ဈေးဆိုင်သို့ သွားကြသည်။

"ဘာများ လိုချင်လို့ပါလဲရှင်"

"ဖယောင်းတိုင် အမွှေးတိုင်လိုချင်လို့ပါ"

ထိုသို့ပြောသဖြင့် မြနှင်းဖြူက ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်တို့ကို ချပေးလိုက်သည်။

ထိုအမျိုးသမီးသုံးယောက်က ဆိုင်ရှေ့မှချထားသော ခုံတန်းလျားပေါ်မှာ ဝင်ထိုင်ကြသည်။

"ဘုရားဖူး လာကြတာလား"

"ဟုတ်ပါတယ်ရှင်"

"တခြားအဖေါ်မပါကြပဲ သုံးယောက်တည်းလာကြတာလား"





မြနှင်းဖြူက စေတနာဖြင့် မေးလိုက်ခြင်းဖြစ်သည်။

ထိုအချိန်က ကျိုက်ထီးရိုးတောင်ခြေသို့ရောက်ရန် တောလမ်းများမှ လှည်းသို့မဟုတ် ခြေလျင်ခရီးဖြင့် လာကြရပေရာ လမ်းခရီးမှာ တောပုန်းဓားပြတို့အန္တရာယ်ဖြင့် ကြုံတွေ့ကြရသည်။

ထို့ကြောင့် ထိုလမ်းများမှ ဖြတ်သွားလျှင် လှည်းလေးငါးစီး အဖော်ပြုလျက် ဓား၊ လှံ လက်နက်များ ဆောင်သွားကြသည်။ ကျိုက်ထိုဘက်မှမဟုတ်ပဲ အခြားလမ်းများဘက်မှ လာလျှင် လှည်းလမ်းပင်မပေါက်ပဲ ခြေလျင်ခရီးဖြင့် လာကြရသည်။

ထိုသို့လာလျှင်လည်း အဖော်အပေါင်းတို့ဖြင့် စုလာကြသည်။

ယခု အပျိုအရွယ်မိန်းကလေးသုံးယောက်တည်း အခြားအဖော်မပါပဲလာကြသည်ကို မြင်သဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်ရှင် ကျွန်မတို့နေတဲ့ရွာက ဒီတောင်ခြေနဲ့ သိပ်မဝေးလှပါဘူး"

"အော်. . ဟုတ်လား၊ ဘယ်ရွာကလဲ"

"ကဝေမြောင်ရွာကပါ"

"ရှင်. ."

မြနှင်းဖြူမှာ များစွာအံ့သြသွားသောကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"ဘာဖြစ်လို့လဲရှင် ကျွန်မတို့ရွာကို ရောက်ဖူးပါသလား"

"ဟို. . ဟိုမရောက်ဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကဝေမြောင်ရွာမှာ သူတို့ချစ်ခြင်းကို ခွဲခဲ့သော နဂါးပျံဆရာကျော်ဆိုသူနေသည့် ရွာဖြစ်ပေသည်။

ထိုအခါ ဈေးဝယ်လာသော အမျိုးသမီးက ဆက်ပြောသည်။

"ကျွန်မတို့ရွာက ဆေးဆရာတစ်ယောက်ကတော့ ဆေးကုရင်းနဲ့ ဒီနေရာကို မကြာခဏရောက်ပါတယ်၊ သူ့နာမည်က နဂါးပျံဆရာကျော်လို့ ခေါ်ပါတယ်၊ သိများသိပါသလား"

"သိ. . . သိပါတယ်"

ဒါပဲ ပြောပြီး ရှေ့ကိုစကားမဆက်တော့ပေ။

ထိုနာမည် ကြားလိုက်ပြီးနောက် စိတ်ထဲမှာ နောက်ကိုရှုပ်ထွေးသွားသောကြောင့်ဖြစ်သည်။

ဈေးဝယ်သော အမျိုးသမီးသုံးယောက်က သူတို့လိုချင်သောအမွှေးတိုင်၊ ဖယောင်းတိုင်၊ မီးခြစ်ဗူး စသည်တို့ကို ဝယ်ယူပြီးမေးပြန်သည်။

"ကျွန်မတို့က တောင်ပေါ်တက်ကြတော့မှာဆိုတော့ လမ်းပြနဲ့ အထမ်းသမား ရနိုင်မလားရှင်"

"ဇရပ်ပေါ်မှာတော့ အဆင်သင့်မရှိဘူး၊ ရွာထဲမှာ စုံစမ်းကြည့်ရင်တော့ ရမှာပါ"

"ဒါထက် ကိုနီမောင်က ဒီရွာမှာနေတာလား"

"ဟုတ်ပါတယ်"

နီမောင်နာမည်ကို မေးလာပြန်သောကြောင့်. . ထပ်မံအံ့ဩရပြန်သည်။





"ဒါထက် နီမောင်နဲ့ အသိတွေလား"

"သူကတော့ ကျွန်မတို့ကို သိမယ်မထင်ပါဘူး၊ ကျွန်မတို့ကတော့ သူ့ကို တွေ့ဖူးမြင်ဖူးပါတယ်၊ သူကဘယ်နေရာမှာ နေတာလဲ"

"ဟိုဘက်ပိုင်းမှာ မေးကြည့်ရင် ရနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် သွားပါဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် သုံးယောက်သား ပြန်ထွက်သွားလေတော့သည်။

ဈေးဆိုင်မှာ ကျန်နေခဲ့သော မြနှင်းဖြူတစ်ယောက်က အတွေးပေါင်းများစွာဖြင့် ကျန်နေခဲ့လေတော့သည်။

ဆရာကျော်နှင့်ပတ်သက်ပြီး ရင်ထဲမှာ နောက်ကျိရှုပ်ထွေးနေလို့မှ မပြီးသေးခင် ယခုနီမောင်နှင့် ပတ်သက်သောအမျိုးသမီးသုံးယောက်တို့က ရောက်လာကြပြန်လေပြီ။

တစ်ပူပေါ် နှစ်ပူဆင့် အဖြစ်မျိုးကြုံနေရခြင်းပင် ဖြစ်တော့သည်။

ထိုအချိန်၌ နီမောင်မှာ သူ့အိမ်မှာပင် ရှိနေလေသည်။

တောင်ပေါ်မှ ပြန်ဆင်းလာတာ မကြာသေးသောကြောင့် နားနေသောအချိန်ဖြစ်သည်။

သူရှိနေသောကြောင့် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်လည်း ရောက်နေကြသည်။

နီမောင်က တောင်ပေါ်မှာ ဘုန်းကြီးတစ်ပါးနှင့် တွေ့ခဲ့ရာမှ ကျီးကန်းပါးစပ်ဂူထဲမှာ ပုတီးစိပ် အဓိဋ္ဌာန်ဝင်ခဲ့ပုံများ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ပြန်ပြောပြလေရာ စိတ်ဝင်စားစွာဖြင့် နားထောင်နေကြခြင်း ဖြစ်သည်။

ထိုအချိန်မှာ. . . ချောမောလှပသော အမျိုးသမီးသုံးယောက်က နီမောင်အိမ်သို့ ရောက်လာကြလေသည်။

တအံ့တသြဖြစ်သွားကြသောကြောင့် ပြောလက်စ စကားကိုရပ်ကာ နီမောင်က အောက်သို့ဆင်းသွားသည်။

"ဘာကိစ္စရှိလို့ပါလဲ"

"ကိုနီမောင်ဆိုတာ ရှိပါသလားရှင်"

"ကျွန်တော်ပါပဲ"

"ကျွန်မတို့လာတာ တခြားမဟုတ်ပါဘူး၊ တောင်ပေါ်ကို လမ်းပြခေါ်ချင်လို့ပါ"

"ဒါထက် ခင်ဗျားတို့ကဘယ်သူတွေလဲ ကျွန်တော့်နာမည်ကို ဘယ်လိုသိနေကြတာလဲ"

"ရွာထဲကလမ်းညွှန်ပေးလိုက်လို့ သိတာပါ ကျွန်မတို့မှာ တခြားအဖော်လည်း မပါလို့ လိုက်ပို့ပေးပါရှင်၊ အခကြေးငွေလည်း ပိုပေးပါ့မယ်"

ဟု တောင်းပန်ပြောဆိုလေသည်။

"ရပါတယ် ပို့ပေးပါမယ် ဒီကနေတော့ အချိန်မရှိတော့လို့ မနက်စောစောမှပဲ တက်ကြတာပေါ့"

"ကျွန်မတို့က တောင်ခြေမှာ ညမအိပ်ချင်ဘူး၊ အခုပဲ တက်ချင်ကြတာ"

"ညအချိန်ဆိုရင်တော့ ကျွန်တော်တစ်ယောက်တည်း လိုက်ဖို့မသင့်ဘူး၊ အဖော်နှစ်ယောက်နဲ့ သုံးယောက်လိုက်ပို့ပေးပါ့မယ်"

"ကောင်းပါတယ်ရှင် အဖော်များတော့ ပိုကောင်းတာပေါ့"

ဟု ပြောပြီး သူမတို့နှင့်ပါလာသော အထုပ်ထဲမှ ငွေဒင်္ဂါး သုံးပြားထုတ်ပေးလေသည်။

နီမောင်မှာ ငွေဒင်္ဂါးသုံးပြားကိုမြင်သောအခါ များစွာအံ့သြသွားလေသည်။

"ဟို. . ဟို. . ကျွန်တော်တို့သုံးယောက်အတွက် တစ်ပြားဆိုရင် ရပါပြီ"

ထိုအခါငွေပေးသော အမျိုးသမီးက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"ကျွန်မတို့ပေးတာက တန်ရာတန်ကြေးရယ်လို့ မဟုတ်ပါဘူး၊ စေတနာရှိလို့ ပိုပေးတာပါ၊ ယူသာယူပါရှင်"

ဟု ပြောသဖြင့် ငွေဒင်္ဂါးသုံးပြားကို တစ်ယောက်တစ်ပြားစီ ယူကြပြီးနောက် တောင်ပေါ်တက်ရန် ပြင်ကြရလေတော့သည်။

အချိန်မှာ ညနေစောင်းအချိန်ရောက်နေချေပြီ၊ ထိုအချိန်တက်ပါက လမ်းခုလတ်မှာပင် မိုးချုပ်မှာ သေချာလှသည်။ တောင်တက်လမ်းကို ညအချိန်တက်သူနည်းသည်။

တစ်ခါတစ်ရံ အဖော်ကောင်းမှသာ ထဖြည်းဖြည်းတက်သွားတတ်ကြသည်။




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ညအချိန်တောင်ပေါ်တက်လျှင် ခရီးပင်ပန်းမှု အတန်အသင့် သက်သာသော်လည်း တက်ဝံ့သူမရှိပေ။

နီမောင်တို့သုံးယောက်မှာလည်း တစ်ကြိမ်တစ်ခါမှ မရဖူးခဲ့သော ငွေဒင်္ဂါး တစ်ပြားစီရကြသောကြောင့် မျှားစွာတက်ကြွနေကြသည်။

လိုအပ်မည်ထင်သော ပစ္စည်းများကို စုဆောင်းပြင်ဆင်နေကြလေသည်။

အမျိုးသမီးသုံးယောက်ကတော့ အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ ထိုင်စောင့်နေကြသည်။

ပစ္စည်းများထည့်နေရင်း ငမဲအောင်က နီမောင်အနီးသို့တိုးကပ်လာပြီး ပြောသည်။

"နီမောင် သူတို့ပေးတဲ့ ငွေဒင်္ဂါးတွေက အစစ်တွေမှ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ကွ ဘာဖြစ်လို့လဲ"

"ငါတို့လည်း အထမ်းလိုက်၊ လမ်းပြလိုက်လာခဲ့တာကြာပါပြီကွာ. . ဒီလိုမျိုး မရဖူးသေးလို့ မေးကြည့်တာပါ"

"မင်း ကံကောင်းလာလို့ဖြစ်မှာပေါ့"

"ကံကောင်းရင်တော့ ဟုတ်တာပေါ့၊ တော်ကြာ တောင်ပေါ်ရောက်တော့မှ လူမဟုတ်ပဲ. . သိုက်စောင့်တွေဖြစ်နေရင်တော့ အခက်ပဲ"

"မင်း ကြောက်နေရင် နေချင်နေခဲ့လေ"

"ဒီလိုတော့ မနေခဲ့ပါဘူး၊ သူတို့သုံးယောက်ကိုကြည့်ပြီး စိတ်ထဲမှာထင်နေလို့ မေးကြည့်တာပါ"

"သိုက်စောင့်ဖြစ်တော့ရော ဘာဖြစ်သလဲကွာ ငါတို့က သူတို့ရန်သူတွေမှ မဟုတ်တာ၊ အကူအညီလိုလို့ လိုက်ပေးကြတာပဲ ကြောက်စရာမရှိပါဘူး"

ဟု ပြောဆိုပြီး ပလိုင်းများမှာ လိုသောပစ္စည်းများ ထည့်ကြရာ ပြီးသွားလေသည်။

ရေဘူး၊ မား၊ စောင်၊ မီးခြစ်၊ မီးတုတ်၊ အစားအသောက်အချို့ကို ပလိုင်းထဲထည့်ယူကြသည်။

အချိန်က နေဝင်ချိန်ရောက်နေပြီ။

ထိုအချိန်ရောက်မှ တောင်ပေါ်စတက်ရန် ဇရပ်ဘက်သို့ လျှောက်လာကြသည်။

သူတို့သုံးယောက်က ရှေ့မှလျှောက်ကြပြီး အမျိုးသမီးသုံးယောက်က နောက်မှလိုက်ကြလေသည်။

မြနှင်းဖြူတို့ဆိုင်နှင့် မနီးမဝေးမှ ဖြတ်လျှောက်သွားကြတော့ မြနှင်းဖြူက ဆိုင်ထဲမှ လှမ်းကြည့်နေလေသည်။

"သူတို့အချိန်မတော်ကြီးမှ တောင်ပေါ်တက်သွားကြပါလား ရိုးမှရိုးကြရဲ့လားမသိဘူး"

ဟုလည်း စိတ်ထဲမှာ တထင့်ထင့်နှင့် တွေးနေသည်။

နီမောင်တို့က တောင်ပေါ်စတက်သွားကြလေပြီ။

ကင်ပွန်းစခန်းမှ ရင်ပြင်တော်အထိ (၇)မိုင်ခန့်သာ ကွာဝေးသော်လည်း အများအားဖြင့်တော့ တောင်တက်လမ်းများသဖြင့်တက်ရသည်မှာ ခရီးမတွင်လှပေ။







www.burmeseclassic.com

www.burmeseclassic.com



လှည်းစခန်း၊ ရှန်းပင်စခန်းတို့ကို ကျော်သောအခါ. . မရမ်းတောင်ခြေစခန်းသို့ ရောက်သည်။

ထိုအခန်းရောက်တော့ ခေတ္တနားသည်။

အမျိုးသမီးသုံးယောက်ကို တဖြည်းဖြည်းချင်းစောင့်ခေါ်ပြီး လျှောက်နေရသောကြောင့် ခရီးမတွင်လှပေ။

သို့သော် ထိုအမျိုးသမီးသုံးယောက်ကတော့ သူတို့ထင်သလို မဟုတ်ပေ။

အပြုံးအရယ်မပျက်ကြပဲ စကားတပြောပြောနှင့်ပင် နောက်မှ အမီလိုက်လာနိုင်ကြသည်။

မရမ်းတောင်ခြေစခန်းမှ ခဏနားတော့ ထိုအမျိုးသမီးကမေးသည်။

"အတူတူ ခရီးသွားကြတော့ နာမည်တွေသိထားရင်ပိုကောင်းတာပေါ့၊ ရှင်တို့နာမည်တွေက ဘယ်သူတွေလဲ"

"ကျွန်တော့် နာမည်က နီမောင်လို့ခေါ်ပါတယ်၊ သူတို့နှစ်ယောက်က စောထီးနဲ့ ငမဲအောင်လို့ခေါ်တယ်"

"ကျွန်မ နာမည်က သူဇာလို့ ခေါ်ပါတယ်၊ သူတို့နှစ်ယောက်က မာလာနဲ့ ကလျာလို့ခေါ်ကြတယ်"

"ဒါထက် ဘယ်ရွာက ဘုရားဖူးလာကြတာလဲဟင်"

"ကဝေမြောင်ရွာကပါ"

"ဗျာ. . ကဝေမြောင်"

"ရှင်က ကျွန်မတို့ရွာကို ရောက်ဖူးလို့လား"

"မရောက်ဖူးပါဘူး၊ နာမည်ကြားဖူးတာပါ"





"မဝေးလှပါဘူးရှင့်၊ လာလည်ရင်လည်း ရပါတယ်၊ ဟိုရောက်ရင် မေးလိုက်ရင်ရပါတယ်"

ဟု သူဇာက ဖော်ဖော်ရွေရွေပင်ပြောသည်။

"ဒါထက် အဲဒီရွာမှာ နဂါးပျံဆရာကျော်ဆိုတဲ့ ဆေးဆရာတစ်ယောက်များ ရှိပါသလား"

"ရှိပါတယ် ကျွန်မတို့နဲ့ သားချင်းတောင်မကင်းပါဘူး၊ သူက ဆေးဆရာဆိုပေမယ့် မြွေဆိပ်ကုတာတော့အတော်အစွမ်းထက်တယ်၊ ဘယ်သူမှ မကုနိုင်တဲ့ နဂါးဆိပ်သင့်နေရင်တောင် သူနဲ့တွေ့ရင်ပျောက်တယ်"

"ဆေးကောင်းရှိလို့ ဖြစ်မှာပေါ့နော်. . "

"သူ့ဆီမှာ နတ်ဆေးသစ်ရွက်ရှိတယ်၊ အဲဒါနဲ့ကုပေးတာ ဒါပေမယ့် သူ့ဆေးကုပုံကတော့ ဆန်းကြယ်တယ်"

"ဘယ်လိုဆန်းကြယ်တာလဲ ပြောပြပါဦး"

"ရောဂါသည်နေတဲ့ လူတစ်ယောက်ကို ဆေးကုလိုက်ရင်အဲဒီရောဂါတွေက သူ့ဆီရောက်လာတာပဲ ဟိုတလောက လူနာတစ်ယောက်ဆေးကုပြီး ပြန်လာတော့ သူ့ခြေထောက်တစ်ဖက်ကျိုးနေတာ တွေ့လိုက်ရတယ်"

ထိုစကားကြောင့် နီမောင်မှာ အံ့ဩသွားသောကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

သူ့ဖခင်ဦးဘရှိန် ခြေထောက်ကျိုးသော ဒဏ်ရာကိုကုဆေးခဲ့လို့များ ထိုသို့ဖြစ်လေသလား. . ဟုစိတ်ထဲမှ တွေးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် အမော်ပြေသောအခါ ရှေ့သို့ဆက်တက်ကြပြန်လေသည်။

ညဉ့်ဦးပိုင်းအချိန်လောက်တွင် ဇင်ပြွန်းပင်စခန်းသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ အစားအသောက် ရောင်းချသော ဈေးဆိုင်ကလေးများရှိသည်။

ညအချိန်ရောက်နေပြီ ဖြစ်သဖြင့် မီးရောင်ပင် မမြင်ရတော့ပဲ ပိတ်ထားကြလေပြီ. . ။

နီမောင်က မိန်းကလေးသုံးယောက်တို့ကို ထိုနေရာမှာ ညအိပ်ရပ်နားလိုက နားနိုင်ကြောင်းပြောသော်လည်း ရှေ့သို့ ဆက်တက်ကြမည် ပြောသဖြင့် ဆက်တက်ကြလေသည်။

ထိုစခန်းမှ ကျော်လာသောအခါ ရွှေရင်ဆို့ ထောက်ချာပင်စခန်း၊ ရေတံခွန်မြောင်၊ မျှော်တော်ရောင်ဘုရားတို့ကို ကျော်ဖြတ်ခဲ့ကြပြီး ဈေးဆိုင်တန်းကလေးများရှိသော ဝေဠုဝန်တောင်စခန်းသို့ ရောက်ကြသည်။

ထိုနေရာမှ ဆက်တက်သောအခါ ရေမြောင်းကြီးစခန်းသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ညဉ့်ဦးပိုင်းအချိန် ကျော်ခဲ့ပေပြီ ရေမြောင်းကြီးစခန်းတွင် ဇရပ်သုံးဆောင်ရှိပြီး အချို့ဘုရားဖူးများက ထိုဇရပ်များတွင် ခရီးတစ်ထောက် နားကြသည်။

ထိုဇရပ်များမှာ နားကြပြီး နောက်တစ်နေ့နံနက်စောစောမှ တောင်ပေါ်သို့ ဆက်တက်ကြသည်။





ရေမြောင်းကြီးတွင် တဲတားထိုးထားပြီး. . အစားအသောက်ရောင်းသော ဈေးဆိုင်များလည်းရှိသည်။

ဘုရားဖူးခရီးသည်များက ထိုနေရာမှာနားပြီး ရေချိုးသူချိုး၊ ဒေသထွက်အစားအသောက်တို့ကို ဝယ်ယူစားသောက်သူတို့က စားသောက်ကြသည်။

နီမောင်တို့ရောက်သွားသောအခါ ဇရပ်များပေါ်မှာ အိပ်နေကြသည့် လူအချို့ပင်ရှိကြသေးသည်။

မိန်းကလေးသုံးဦးက ဆက်တက်မည်ပြောသဖြင့် ၎င်းတို့လည်း ခေတ္တသာနားပြီးရှေ့သို့ ဆက်တက်ခဲ့ကြသည်။

ရှေ့မှာတော့ အတက်အဆင်းမြင့်လှသော 'ဘိုးပြန်တောင်' ရှိသည်။ ထိုနေရာသို့ မရောက်မီမှာ ပန်းမတောင်စခန်း၊ မဟာမြိုင်၊ ကွမ်းသီးပင်စခန်းတို့ကို ကျော်ကြရသေးသည်။

ဘိုးပြန်တောင်မှာ အဘိုးအိုများ မတက်နိုင်သဖြင့် လှည့်ပြန်ရသောကြောင့် ထိုအမည်တွင်ရခြင်းဖြစ်ပြီး အတက်အဆင်းမတ်စောက်လှသည်။

ထိုနေရာကို ကျော်နိုင်လျှင်တော့ အထက်ပိုင်းမှာ ခက်ခဲသောနေရာ သိပ်မကျန်တော့ပေ။

ဘိုးပြန်တောင်မှ ခရီးဆက်သွားလျှင် ဘန့်ဆွေးပင်စခန်း၊ စိုင်တမော့၊ ကျောက်ဖျာစခန်း၊ ရွှေနန်းကျင်ရပ်ထု၊ ကျောက်သမ္ဘန်တို့ကို ကျော်သွားသောအခါ ရင်ပြင်တော်ရှိရာသို့ လှမ်းမြင်နေရပြီဖြစ်၏။

ထိုနေရာရောက်တော့မှ မိန်းကလေးသုံးယောက်က



www.burmeseclassic.com

www.burmeseclassic.com



နားကြမည်ဆိုသဖြင့် ပါလာသော အထုပ်အပိုးများချကာ နားကြရလေသည်။

နီမောင်တို့မှာ ထိုတောင်တက်ခရီးစဉ်ကို အခေါက်ပေါင်းများစွာ အတက်အဆင်းပြုခဲ့ကြသော်လည်း သက်တောင့်သက်သာတော့မရှိလှပေ။

ကျန်သည့်ခရီးသည်များထက်စာလျှင် ခံနိုင်ရည်ရှိကြသည်ဆိုသော်လည်း တစ်ခါတက် တစ်ခါမောကြရသည်သာဖြစ်၏။

ယခုသူတို့နှင့်ပါလာသော မိန်းကလေးသုံးယောက်တို့မှာ ယောကျ်ားများနှင့် တန်းတူလိုက်လာကြသော်လည်း တစ်ချက်ကလေးမှ ညည်းညူသံ မကြားရသဖြင့် စိတ်ထဲမှတော့ အံ့ဩနေကြသည်။

သူတို့နားသောနေရာမှာ ရင်ပြင်တော်နှင့် မနီးမဝေးနေရာဖြစ်သည်။

အချိန်ကလည်း ညဉ့်နက်ပိုင်းသို့ ရောက်လာပြီဖြစ်သောကြောင့် မြူနှင်းများကျလာပြီး အအေးဓာတ်က များလာသည်။

လရောင်မရှိသော်လည်း တောင်မြင့်ပေါ်သို့ ရောက်နေသောကြောင့် အလင်းရောင်အချို့ကတော့ ရှိနေသည်။

ထိုနေရာရောက်တော့ သူဇာဆိုသော အမျိုးသမီးက ပြောသည်။

"ရှင်တို့သုံးယောက်က ဒီနေရာကပဲစောင့်နေကြပါ။ ကျွန်မတို့သုံးယောက်က ရင်ပြင်တော်အောက်ကနေ ဘုရားကန်





တော့ဖို့ သွားလိုက်ဦးမယ်"

ဟုမှာကြားပြီး အမွေးတိုင်၊ ဖယောင်းတိုင်၊ မီးခြစ် . . စသည်တို့ကိုယူကာ ရင်ပြင်တော်ပေါ်သို့ တက်သွားခြင်း မဟုတ်ဘဲ စေတီတော်ရှိသော ကျောက်လုံးတော်ကြီး အောက်တည့်တည့်သို့ ရောက်နိုင်သည့်နေရာသို့ ဆင်းသွားကြလေသည်။

ထိုအခါမှ နီမောင်တို့သုံးယောက်လည်း ခြေပစ်လက်ပစ် နားကြရသည်။

"သူတို့ကြည့်ပြီး ထူးဆန်းတယ်လို့ မထင်မိဘူးလား"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"လမ်းတစ်လျှောက်လုံး တစ်ချက်မှ မနားပဲ တက်လာတာလည်းမမောကြဘူး၊ ဒီရောက်တော့လည်း ရင်ပြင်တော်ပေါ်က ဘုရားမဖူးပဲ၊ အောက်ကနေ သွားဖူးတယ်"

"ဒါကတော့ သူတို့သဘောကျတဲ့နေရာက ဖူးတာဖြစ်မှာပေါ့ သူတို့တွေ ဘာပဲဖြစ်ဖြစ်၊ ငါတို့အလုပ်က သူတို့သွားချင်တဲ့နေရာ လိုက်ပို့ပေးပြီးရင် ပြီးတာပဲ မဟုတ်လား"

ဟု ပြော နေကြစဉ် အတန်ကြာတော့ ပြန်ရောက်လာကြသည်။

"ကျွန်တော်တို့ ဘယ်နေရာကို လိုက်ပို့ပေးရမလဲ"

"ကျွန်မတို့ကို ကျိုးပါးစပ်ဂူအထိတော့လိုက်ပို့ပေးပါရှင် အဲဒီဂူထဲမှာ အဓိဋ္ဌာန်ဝင်ချင်လို့ပါ"

ဟု ပြောသဖြင့် လိုက်ပို့ပေးရပြန်သည်။

ထိုဂူသို့ရောက်တော့ နီမောင်စိတ်ထဲမှာ ဟိုတင်လာက



www.burmeseclassic.com

www.burmeseclassic.com



အမိဋ္ဌာန်ဝင်ခဲ့သော အဖြစ်အပျက်တို့ကို ပြန်သတိရမိလေသည်။

"ရှင်တို့လည်း ဒီမှာနားကြဦးပေါ့၊ မိုးလင်းမှပဲ ပြန်ဆင်းလာကြပါ"

ဟု ပြောလေသည်။

ထို့နောက်. . သူဇာက နီမောင်ရှိနေသော နေရာသို့ ရောက်လာသည်။

"ရှင် ဒီဂူကို ရောက်ဖူးတယ်မဟုတ်လား"

"ရောက်. . ရောက်ဖူးပါတယ်"

"ဂူဒီမှာ အမိဋ္ဌာန်လည်း ဝင်ဖူးသေးတယ် မဟုတ်လား"

"ခင်ဗျား ဘယ်လိုသိတာလဲ"

"သိတာပေါ့. . ရှင် အမိဋ္ဌာန်ဝင်နေတော့ ကျွန်မတို့လည်း ဒီဂူထဲမှာရှိနေတာပဲ ကျွန်မညီမနှစ်ယောက်က ရှင့်ကို အနှောင့်အယှက်ပေးမယ်ကြံတော့ ကျွန်မကတောင် ဝင်ပြီးတားခဲ့ရသေးတယ်"

ထိုစကားကြားသောအခါ သူအမိဋ္ဌာန်ဝင်နေသော ညကနောက်ဘက်မှ စကားပြောနေသော အမျိုးသမီးအသံများကို ပြန်သတိရလာသည်။

"အဲဒီတုန်းက စကားပြောနေကြတာ ခင်ဗျားတို့သုံးယောက်ပဲလား"

"ဟုတ်ပါတယ်"

သူဇာကပြုံးနေရင်းနှင့် ပြန်ပြောသည်။

ထိုအခြေအနေရောက်လာတော့ နီမောင်စိတ်ထဲမှာ အံ့





သြမှု၊ ထိတ်လန့်မှုများ သိပ်မရှိတော့ပဲ စိတ်ဝင်စားမှုသာ ရှိနေတော့သည်။

"အံ့သြစရာပါလား"

"ဘာများ အံ့သြစရာရှိလို့လည်းရှင် အဲဒီအချိန်တုန်းက ကျွန်မတို့ ဘုရားကပ်တဲ့ ကောက်ညှင်းပေါင်းကိုတောင် ရှင်စားခဲ့သေးတယ် မဟုတ်လား"

"အော် ကောက်ညှင်းပေါင်းက ခင်ဗျားတို့ကပ်ထားတာကိုး ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်ဗျာ ဒါထက်ခင်ဗျားတို့က ဘာတွေလဲ"

ပွင့်ပွင့်လင်းလင်းပင် မေးလိုက်သည်။

သူဇာက တစ်ချက်ရယ်ရင်းနှင့် ပြန်မေးသည်။

"လူတွေမြင်နေပါရက်နဲ့ ဒီလိုမေးတော့ ရှင်ကဘယ်လိုထင်နေလို့လဲ"

"အမှန်ပြောရရင်တော့ ခင်ဗျားတို့ကို မြင်စကတည်းက သာမန်အမျိုးအစားတွေမဟုတ်ဘူးဆိုတာတော့ ရိပ်မိပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ကို ဒုက္ခမပေးဘူးထင်လို့ အခုလိုလိုက်ပို့ခဲ့တာပါ"

ဟု အမှန်အတိုင်း ပြောပြလိုက်သည်။

"ရှင်တို့ကို ဒုက္ခပေးချင်မှတော့ ဒီနေရာရောက်တဲ့အထိတောင် ခေါ်လာပါတော့မလား"

"ဒါဖြင့် ခင်ဗျားတို့က ဘယ်သူတွေလဲ သိုက်စောင့်တွေလား. . ဒါမှမဟုတ်. . ."



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့က ရှင်ထင်သလို သာမန်မဟုတ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် သိုက်စောင့်တွေတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ခင်ဗျားတို့နေတဲ့ ကဝေမြောင်ရွာက ဘယ်မှာလဲ"

သူဇာက ကျီးပါးစပ်ဂူအတွင်းပိုင်းသို့ လက်ညှိုးထိုးပြလေသည်။

"ဒါဖြင့်.. နဂါးပျံ ဆရာကျော်ကရော အဲဒီကပဲမဟုတ်လား"

"ဟုတ်ပါတယ်"

နီမောင်ကဘာမှ ဆက်မပြောတော့ပဲ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"သူက ရှင့်ကိုဒုက္ခပေးနေလို့လား"

"မဟုတ်ပါဘူး သူကပေးလို့ ကျွန်တော်အဖေရဲ့ရောဂါပျောက်သွားခဲ့ပါတယ်.. ဒါကြောင့်သူ့ကျေးဇူးရှိပါတယ်"

"ဒါပေမယ့် ရှင်ဘက်ကပြန်ပေးခဲ့ရတာတွေလည်း ရှိတယ်မဟုတ်လား"

"ကျွန်တော်ဒီအကြောင်းတွေကို မေ့ထားလိုက်ပါပြီ"

"ကျွန်မရှင့်ကို ဒီခေါ်လာတာ အကူအညီပေးချင်လို့ပါ"

"ဘယ်လိုပေးမှာလဲ"

"နဂါးပျံဆရာကျော်ဆိုတာ သာမန်မဟုတ်ဘူး၊ ရှင့်အနေနဲ့လည်း သူ့ကိုဘာမှ မလုပ်နိုင်ဘူး၊ သူကလုပ်ချင်တာလုပ်နေတဲ့သူပဲ၊ တစ်ခုပဲရှိတယ် ရှင်အနေနဲ့ နဂါးအမြဲတေကျောက်ကို





တွေ့အောင်ရှာနိုင်မယ်ဆိုရင်တော့ သူ့ကိုနိုင်လိမ့်မယ်"

"နဂါးအမြဲတေကျောက်က ဘယ်မှာရှိသလဲ"

"ဒါကတော့ ရှင့်အစွမ်းအစနဲ့ရှာရမှာပဲ ရှင့်ကိုတစ်ခါက အကူအညီပေးခဲ့တဲ့ ဘုန်းကြီးကို တွေ့အောင်ရှာနိုင်ရင်တော့ သူက လမ်းညွှန်ပေးပါလိမ့်မယ်"

ဟု ပြောပြလေသည်။

နီမောင်မှာ ထိုစကားကြားသောအခါ ဝမ်းသာသွားလေသည်။

ရေနစ်နေစဉ် ကောက်ရိုးတစ်မျှင်ဆွဲမိသကဲ့သို့...၊ အမှောင်ထုထဲရောက်နေစဉ် အလင်းရောင်ကိုတွေ့လိုက်ရသကဲ့သို့ ရင်ထဲမှာ အားရှိလာသကဲ့သို့ ခံစားရသည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားတို့ လိုတာရှိရင်လည်း အကူအညီ ပြန်ပေးပါ့မယ်"

"ရှင် အမိဌာန်ဝင်ဖြစ်တဲ့အခါ ကျွန်မတို့ကို အမျှအတန်း ဆပေးရင် ကျေနပ်ပါပြီ"

ဟု ပြောဆိုကာ အမျိုးသမီးသုံးယောက်တို့မှာ ဂူအတွင်းသို့ ဝင်သွားကြလေတော့သည်။

နောက်ထပ် ပြန်မတွေ့ရတော့ပါချေ။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၁]

# နဂါးပျံဆရာကျော်နှင့် ပညာပြိုင်ပွဲ

အချိန်ကနေ့လယ်ပိုင်း အချိန်ဖြစ်သည်။

မြန့်င်းဖြူ၏ဖခင် ဦးရွှေမောင်တစ်ယောက် အိမ်အ ာက်ဘက်၌ အလုပ်ရှုပ်နေလေသည်။

သူသည် အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ကျန်းမာသူ ဦးဖြစ်သောကြောင့် အားနေလျှင် အလုပ်မရှိအလုပ်ရှာပြီး နေရမှု ကျေနပ်နေသူဖြစ်သည်။

ယခုလည်း စုဆောင်းထားသော ထင်းခြောက်များကို



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာလျှင်မစိုစေရန်အတွက် နောက်ဖေးဘက်မှာရှိသော အဆောင်တစ်ခုသို့ တစ်ယောက်တည်းသယ်ပို့နေလေသည်။

ထိုအခိုက်မှာပင် သူခြေထောက်တစ်နေရာမှာ တစ်စုံတစ်ခုနှင့် ထိမိသွားပြီး မီးစနှင့် ထိုးလိုက်သကဲ့သို့ ပူလောင်သွားလေသည်။

"အား လုပ်ကြပါဦးဟ၊ ငါခြေထောက် ဘာထိသွားတာလဲ မပြောတတ်ဘူး"

ဟု လှမ်းအော်ရင်း နေရာမှာ ခွေလဲကျသွားလေတော့သည်။

ဦးရွှေမောင် အော်သံကြားသဖြင့် ဒေါ်မြက အရင်ထွက်ကြည့်လေသည်။ ဦးရွှေမောင်ပုံရက်သား လဲကျနေသည်ကို မြင်သောအခါ မြနှင်းဖြူကိုပါခေါ်ကာ သားအမိနှစ်ယောက် ပြေးထွက်သွားကြသည်။

"အဖေ. . အဖေ ဘာဖြစ်တာလဲ"

"ငါ့ခြေထောက် ဘာထိလိုက်တာလဲ မသိဘူး၊ ကြည့်ပါဦး"

ဟု ပြောသဖြင့် မြနှင်းဖြူက ထိုနေရာသို့ ငုံ့ကြည့်လိုက်သည်။ ခြေခုံတစ်နေရာမှာ အစွယ်ရာနှစ်ချက် တွေ့ရပြီး ထိုနေရာမှ သွေးစို့နေသည်။

မြွေကိုက်ခံရတာဖြစ်မည်ဟု သိသဖြင့် ဦးရွှေမောင်ကို တွဲပြီး အိမ်ထဲခေါ်သွားကြသည်။

ကင်ပွန်းစခန်းမှာ မြွေဆိပ်နိုင်သောဆရာမရှိသဖြင့်





ညောင်ပင်သာရွာမှာရှိသော မြွေဆရာ ဦးမိုးညိုကို သွားပင့်ခိုင်းရသည်။

ကင်ပွန်းစခန်းနှင့် ညောင်ပင်သာရွာမှာ အတန်ငယ်ဝေးသောကြောင့် ဆရာသွားပင့်သူများက ညနေပိုင်းမှ ပြန်ရောက်လာကြသည်။

ဦးမိုးညိုမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး အသားညိုမည်း၊ အရပ်ပုပုနှင့် ရုပ်ဆိုးသူတစ်ယောက်ဖြစ်သည်။

ပုဆိုးကွက်တုံးနှင့် ဖျင်ကြမ်းအကျႌကို ဝတ်ထားပြီ ဦးခေါင်းမှာ တဘက်တစ်ထည် ပေါင်းထားသည်။

နံဘေးမှာ လွယ်အိတ်ကြီးတစ်လုံး လွယ်ထားပြီး. . တောင်ဝှေးတစ်ချောင်းလည်းပါသည်။

သူရောက်လာသောအချိန်တွင် ဦးရွှေမောင်က မြွေဆိပ်တက်ပြီး သတိမေ့နေချေပြီ. . ။

ပိုးထိခံထားသောနေရာ တစ်ဝိုက်မှာလည်း ညိုမည်းနေချေပြီ။

"လူနာနားမှာ ဝိုင်းနေတဲ့လူတွေ ဘေးဖယ်ပေးကြပါ. . ဒီလိုဝိုင်းနေရင် အပြင်ကပယောဂတွေ ကပ်ပါလာတာနဲ့ လူနာဒုက္ခရောက်သွားလိမ့်မယ်. ."

ဟုပြောသဖြင့် မြနှင်းဖြူတို့သားအမိအပါအဝင် ဝိုင်းကြည့်နေသူများက နောက်ဆုတ်ပေးကြရသည်။

ဦးမိုးညိုကရောက်သည်နှင့် ဘုရားရှိခိုးပြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်နေရာအချိန်အတော်ကြာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သတိမေ့နေသော ဦးရွှေမောင်ကို သတိပြန်ရလာအောင်လုပ်သည်။ သို့သော် သတိမရပေ. . ။

ပိုးထိသောဒဏ်ရာကတော့ တဖြည်းဖြည်း ရောင်ကိုင်းလာပြီး ညိုမည်းနေလေသည်။

တဖြည်းဖြည်းနှင့် ခြေခုံနေရာမှ ခြေမျက်စိနေရာအထိ ရောက်လာကြလေပြီ၊

ဦးမိုးညိုလည်းသုံ့မှာပါလာသော ဆေးမျိုးစုံတို့ဖြင့် နည်းမျိုးစုံကုပေးနေသော်လည်း သက်သာမှုမရပေ။ ဒဏ်ရာနေရာမှ အဆိပ်ရည်များ တစ်စက်မှ ပြန်မထွက်လာသေးပေ၊

မြနှင်းဖြူက ဖခင်အခြေအနေကိုကြည့်ပြီး များမှာစိုးရိမ်သွားလေသည်။

"ဆရာကြီး ကျွန်မအဖေရဲ့အသက်ကို ကယ်နိုင်ပါ့မလားဟင်"

ငိုသံဖြင့် မေးလိုက်သည်။

"ငါလည်းကြိုးစားပြီး ကုနေတာပဲ၊ သူ့ကိုထိတဲ့မြွေက သာမန်မြွေမဟုတ်ဘူး၊ တိုက်မြွေဖြစ်နေတော့ ကုရတာအတော်ခက်နေတယ်. . "

"ဒါ. . ဒါဖြင့်. . "

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ ငါလည်း မြွေကုလာတာအတော်ကြာပါပြီ. . ဒီလောက်တော့ ပျောက်အောင်ကုပေးနိုင်ပါတယ်"

ဟု ဦးမိုးညိုက အများရှေ့မှာ ခပ်ကြွားကြွား ပြောလိုက်





လေသည်။

"အားကိုးပါရစေ ဆရာရယ်. . ကျွန်မအဖေ အသက်ချမ်းသာအောင်သာ ကုပေးပါ. . "

မြနှင်းဖြူက စိုးရိမ်သောကကြီးစွာဖြင့် ထပ်ပြောလိုက်သည်။

ဦးမိုးညိုလည်း လွယ်အိတ်ကြီးထဲမှာ ပါလာသောဆေးမြစ်၊ ဆေးဥ၊ ဆေးပုလင်းများကို ထုတ်ပြီး. . အဆိပ်ကျစေရန် ကြိုးစားကုပြန်လေသည်။

သို့သော် မည်သို့မှ မထူးခြားပဲ အဆိပ်ကတက်မြဲတက်လာရာ ခြေမျက်စိကိုပင် ကျော်တက်လာလေတော့မည်။ သတိမေ့နေသော ဦးရွှေမောင်မှာလည်း မျက်ဖြူလန်တက်လာပြီး ပါးစပ်ထဲမှ အမြှုပ်များ တစီစီနှင့်ထွက်ကျလာသည်။

မနီးမဝေးမှ အခြေအနေကြည့်နေသူများကတော့ ဦးရွှေမောင်တစ်ယောက် အသက်မရှင်နိုင်တော့ဟု ထင်နေကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်သို့ ရောက်လာချေပြီ။ လူနာကလည်း အခြေအနေပိုဆိုးလာသည်။

မြွေဆရာဦးမိုးညိုတစ်ယောက်မှာလည်း အပွဲပွဲနွှဲလာသမျှ ဒီပွဲကျတော့မှ လက်လျှော့ပေးရတော့မလို ဇောချွေးများပင် ပျံနေလေသည်။

ထိုအချိန်မှာ ဈေးဆိုင်ရှေ့သို့ လူတစ်ယောက်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးပျံဆရာကျော်ဝင်ဖြစ်သည်။

သူ့ကိုမြင်တော့ မြနှင်းဖြူက အပြင်ထွက်သွားသည်။

"ရှင်က ဆေးဆရာတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ် အထဲမှာ ဘာဖြစ်နေလို့လဲ"

"ကျွန်မအဖေ ပိုးထိခံထားရလို့ တစ်ဆိတ်လောက်ဝင်ကြည့်ပေးပါရှင်"

"အထဲမှာ လက်ရှိကုပေးနေတဲ့ ဆရာတစ်ယောက်ရှိနေတယ်မဟုတ်လား၊ ဆရာတစ်ယောက်ကုပေးနေတဲ့ လူနာတစ်ယောက်ကို နောက်ဆရာတစ်ယောက်က ဝင်ကုပေးလို့မရဘူး"

"ဘာပဲဖြစ်ဖြစ်၊ ခဏတော့ ဝင်ကြည့်ပေးပါရှင်"

"အေးလေ မင်းကခေါ်မှတော့ ဝင်ကြည့်ပေးပါ့မယ်"

ဟုပြောပြီး အိမ်ပေါ်သို့ တက်လာသည်။

ဆရာကျော် တက်လာတာမြင်တော့ ဦးမိုးညို မကျေမနပ်ဖြင့် မော့ကြည့်သည်။

"ဘာကိစ္စလဲ"

"လူနာကို ခဏကြည့်ပါရစေ"

"ငါ့အပ်ထားတဲ့လူနာကို မင်းဝင်ကြည့်လို့ရမလား၊ မင်းကဘယ်သူလဲ"

"နဂါးပျံဆရာကျော်ပါ"

"အော် လက်စသတ်တော့မင်းကိုး၊ ညောင်ပင်သာရွာကသန်းဖေပိုးထိတုန်းက ဝင်ကုပေးသွားတာ မင်းပဲမဟုတ်လား"





"ဟုတ်ပါတယ် ဒီလူနာက ကျွန်တော်နဲ့ ပတ်သက်နေတဲ့လူဖြစ်နေလို့ ခဏလောက် ကြည့်ပါရစေ"

"လူနာတစ်ခုခု ဖြစ်သွားရင်တော့ မင်းတာဝန်ပဲနော်ကြည့်ချင်သပဆိုရင်လည်း ကြည့်ပေါ့"

ဟုပြောပြီး နေရာဖယ်ပေးလေသည်။

နဂါးပျံဆရာကျော်က ရှေ့သို့တိုးလာပြီး . . အခြေအနေကြည့်လေသည်။

"အဆိပ်က အတော်ပြန့်နေပြီ၊ နောက်တစ်နာရီနှစ်နာရီအတွင်း အဆိပ်မချပေးနိုင်ရင် သူသေမှာပဲ၊ သူ့ကိုထိတာ ရိုးရိုးမြွေ မဟုတ်ဘူး"

"တိုက်မြွေလို့ ပြောမလို့မဟုတ်လား၊ မင်းပညာလောက်တော့ ငါလည်းသိတာပဲ"

ဦးမိုးညိုက ခပ်ကြွားကြွားဝင်ပြောသည်။

"တိုက်မြွေမဟုတ်ပါဘူး၊ နဂါးထိထားတာပါ။ နဂါးအဆိပ်တက်နေလို့ အဆိပ်ချလို့မရတာပါ"

"ဟယ်"

ကြားရသူများ မျက်လုံးပြူးသွားကြသည်။

ထိုအတူ ဦးမိုးညိုပါ မျက်လုံးပြူးသွားပြီး ပါးစပ်ထဲမှာငုံထားသောကွမ်းများပင် ထွက်ကျလုမတတ် ဖြစ်သွားလေသည်။

ထို့ကြောင့် နဖူးမှာ စို့တက်လာသော ချွေးသီးချွေးပေါက်တို့ကို ပေါင်းထားသော တဘက်ကိုဖြုတ်ကာ အသာတို့သုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလောလောဆယ်တော့ ဒီလူနာက ခင်ဗျားလက်ထဲမှာရှိနေတာမို့ သူ့အသက်ကို ခင်ဗျားပိုင်ပါတယ်၊ ဒါကြောင့် ခင်ဗျားပဲ ဆက်ကုပါ၊ ဒါပေမယ့် အသက်သေလောက်တဲ့နေရာ အထိမတက်အောင်တော့ ကျွန်တော်တားပေးခဲ့ပါမယ်"

ဟု ပြောပြီး ကွမ်းအစ်ထဲမှ ထုံးဘူးကိုယူကာ ထုံးများဖြင့် ဦးရွှေမောင် ခြေထောက်တစ်နေရာကို ဖြတ်တားထားလိုက်သည်။

"ကျွန်တော် ဟိုရှေ့က ဇရပ်ပေါ်မှာပဲရှိပါတယ် တကယ်လို့ ခင်ဗျားမတတ်နိုင်လို့ လက်လျှော့ရင်တော့ ကာယကံရှင်တွေကိုသာ ပြောလိုက်ပါ"

ဟု ပြောပြီး နဂါးပျံဆရာကျော်က အပြင်သို့ ထွက်သွားလေတော့သည်။

ဦးမိုးညိုကတော့ အများရှေ့မှာ သိက္ခာကျ၊ အရှက်ရစေသည့်အဖြစ်မျိုးနှင့် တိုးနေသောကြောင့် ကြိတ်မနိုင်ခဲမရဖြစ်နေသည်။

သူကုလျှင်လည်း မနိုင်မှန်း စိတ်ထဲက သိနေသည်။

ထို့ကြောင့် အတန်ကြာအောင်စဉ်းစားပြီး အရှက်မြေပြောလိုက်သည်။

"နင်တို့က ငါ့လည်းခေါ်ထားသေးတယ်၊ ဒီမှာကုလို့တောင် မပြီးသေးဘူး၊ နောက်ဆရာတစ်ယောက် ခေါ်လာတယ် ဒါ စည်းဖောက်တာပဲ၊ စည်းပေါက်မှတော့ ငါဆက်မကုတော့ဘူး ပြန်တော့မယ်. . နောက်လည်း ဘာအကြောင်းရှိလို့မှ ငါ့ကိုလာ





မခေါ်ကြနဲ့တော့"

ဟု ပြောဆိုပြီး ၄င်း၏ဆေးဝါးပစ္စည်းများကို လွယ်အိတ်ကြီးထဲ ပြန်ထည့်ကာ ထပြန်သွားလေတော့သည်။

ထိုအခါမှ မြနှင်းဖြူလည်း ဇရပ်ဘက်သို့ ကပျာကယာသွားရာ နဂါးပျံဆရာကျော်နှင့် အဆင်သင့်ပင် တွေ့ရလေသည်။

"သူတော့ပြန်သွားပြီ၊ ရှင်လိုက်လာပြီး ကျွန်မအဖေကို အမြန်ဆေးကုပေးပါ"

"ဒီလိုဆိုတော့လည်း ကုပေးရမှာပေါ့လေ၊ ဒါပေမယ့် မင်းနဲ့ငါနဲ့ အပေးအယူတစ်ခုတော့ လုပ်ရလိမ့်မယ်"

"ဘယ်လို အပေးအယူလဲ"

"ငါက မင်းအဖေကို အသက်ရှင်အောင်ဆေးကုပေးမယ်၊ မင်းက ငါ့မေတ္တာကို လက်ခံပေးရမယ် ဘယ်လိုလဲ"

ထိုစကားကြားသောအခါ မြနှင်းဖြူစိတ်ထဲမှာ တစ်စုံတစ်ရာကို ချက်ချင်းသတိရလိုက်မိသည်။

သို့သော်လည်း သူမအနေဖြင့် အချိန်ကြာကြာစဉ်းစားနေစရာမလိုတော့ပေ။

အခြားရွေးချယ်စရာလမ်းလည်း မရှိတော့ပေ။

"ကောင်းပြီလေ ကျွန်မအဖေရဲ့အသက်ကို ကယ်ပေးရင်၊ ကျွန်မ ရှင့်မေတ္တာကို လက်ခံပေးပါတော့မယ်၊ ဒါပေမယ့် ဆက်ထပ်ဖို့တော့ အချိန်ပေးပါ"

"ငါ့မေတ္တာကို လက်ခံပေးပြီးရင် ကျန်တာတွေကငါ့အတွက်အရေးမကြီးတော့ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ ငါပိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပစ္စည်းတစ်ခု ဖြစ်သွားပြီလေ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် မင်းငါ့အပေါ်မှာတော့ သစ္စာရှိရမယ်"

"ကျွန်မအသက်ထက် သစ္စာတရားကို ပိုပြီးတန်ဖိုးထားတတ်ပါတယ်"

"ကောင်းပြီး ဘာမှစိတ်မပူနဲ့တော့၊ မင်းအဖေကို ငါချက်ချင်းလိုက်ကုပေးမယ်"

ဟုပြောပြီး ထလိုက်လာသည်။

အိမ်သို့ပြန်ရောက်သောအခါ ဦးရွှေမောင်မှာ အသက်ငွေ့ငွေ့ကကလေးသာ ရှူနိုင်တော့သည်။

ဆရာကျော်က ရေထည့်ထားသော ဖလားတစ်လုံးတောင်းပြီး ဒဏ်ရာအောက်မှ ခံထားသည်။

ထို့နောက် လွယ်အိတ်ထဲမှ သစ်ရွက်တစ်ရွက်ကို ထုတ်ယူပြီး ဒဏ်ရာပေါ်သို့ကပ်ကာ ပါးစပ်မှလည်း မန်းမှုတ်ရွတ်ဆိုနေသည်။

ခဏကြာတော့ မြွေကိုက်ထားသောဒဏ်ရာမှာ အမည်းရောင်အညိုရောင် အဆိပ်ရည်များ စိမ့်ထွက်လာကာ ခံထားသောဖလားထဲသို့ ကျလေသည်။

ကြည့်နေရင်းမှာပင် ညိုမည်းနေသော ခြေထောက်မှာ တဖြည်းဖြည်း လျော့ကျလာပြီး မူလအသားရောင်ပင် ပြန်ပေါ်လာလေပြီ။

မျက်နှာပေါ်မှာလည်း မျက်ဖြူလန်ခြင်း၊ ပါးစပ်မှ အမြှုပ်ထွက်နေခြင်းများ ရပ်သွားကာ မူလအသားအရောင်အတိုင်း





ပြန်ဖြစ်လာသည်။

အသက်ရှူလည်း ပြန်မှန်လာသည်။

ခဏကြာတော့ ခြေထောက်မှာကပ်ထားသော သစ်ရွက်က ဖပ်ခနဲ ပြန်ကွာကျလာသည်။

အဆိပ်ကုန်သွားပေပြီ။

ဦးရွှေမောင်လည်း ပြန်သတိရလာသည်။

ဒီတော့မှ အားလုံးသက်ပြင်းချနိုင်ကြကာ စကားပြောသံများပြန်ထွက်လာသည်။

ဒေါ်မြကတော့. . ဆရာကျော်ကို ကျေးဇူးတင်မဆုံးအောင် ဖြစ်နေတော့သည်။

"မောင်မင်းကြီးသားပေးတဲ့ အသက်ပဲကျန်ပါတော့တယ် ကျေးဇူးတင်လိုက်တာကွယ်. . ကျေးဇူးတင်လိုက်တာ"

အသံ ကတုန်ကယင်ဖြင့် ပြောနေရှာသည်။

ဆရာကျော်က သူ့လွယ်အိတ်ထဲမှ အဝါရောင်အခဲတစ်ခုကို ထုတ်ပြီး ကျောက်ပျဉ်ပေါ်မှသွေးသည်။

အဝါရောင်ဆေးရည်အချို့ရသောအခါ မြွေကိုက်သောနေရာပေါ်မှာ သုတ်လိမ်းပေးလိုက်ရာ. . မကြာမီ ဦးရွှေမောင်သည်း ပြန်လည်အိပ်ပျော်သွားလေသည်။

"သူ့ကိုထိတာ အခြားမဟုတ်ဘူး နဂါးပဲ. . ဒါကြောင့် ဒီနဂါးကို ထားခဲ့လို့မရဘူး၊ တစ်ခါတည်း ဖမ်းခေါ်သွားရမယ်. . သူ့ကို ထိတာဘယ်နေရာမှာလဲ"

"နောက်ဘက်က ထင်းပုံနားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒီအထဲမှာပဲရှိရမယ်၊ ဓာတ်မီးတစ်လက် လောက်ပေးပါ"

ဟုပြောသဖြင့် တစ်ယောက်က ပါလာသော ဓာတ်မီး ကိုလှမ်းပေးလိုက်သည်။

"ကြည့်မယ်ဆိုရင် ဝေးဝေးကပဲကြည့်ကြပါ မတော်လို့ နဂါးက အဆိပ်ခိုးထုတ်လိုက်လို့ အဆိပ်ငွေ့သင့်ရင်လည်း သေ စေနိုင်ပါတယ်"

"ကောင်းပါပြီ"

ထို့နောက် ဆရာကျော်က တစ်ယောက်တည်းထင်းပုံ ရှိရာသို့လျှောက်သွားပြီး ထင်းပုံထဲသို့ မီးရောင်ဖြင့် ထိုးကြည့် လိုက်သည်။ ပထမတစ်ကြိမ် ထိုးကြည့်တော့ ဘာမှမထူးခြားပေ။

နောက်တစ်ကြိမ် ထိုးကြည့်လိုက်တော့ ထင်းပုံထဲမှ အနီရောင်များ ဖြာတက်လာသည်။

အရည်အသွေးကောင်းသော ပတ္တမြားတစ်လုံးကို မီး ရောင်ဖြင့်ထိုးလိုက်ရာမှ ဖြာထွက်လာသော အနီရောင်မျိုးဖြစ် သည်။

ဆရာကျော်က ပါးစပ်မှ တစ်စုံတစ်ခုကို မန်းမှုတ်ရွတ်ဆို လိုက်သောအခါ. . . ခဏကြာတော့ ထင်းပုံအတွင်းမှ မြွေတစ် ကောင်ထိုးထွက်လာသည်။

တစ်ကိုယ်လုံး အစိမ်းပုပ်ရောင်ဖြစ်ပြီး အကြေးခွံများပါ သည်။ ဦးခေါင်းထိပ်မှာ အမောက်ကဲ့သို့ ချွန်တက်နေသည်။

ပတ်ဝန်းကျင်မှ မီးရောင်အချို့ကမျက်လုံးကို ထိသော





ခါ အနီရောင်များ ထွက်နေသည်။

အလုံးကတော့ လက်ကောက်ဝတ်လောက်သာရှိသည်။

ဆရာကျော်က ထိုမြွေကို ဦးခေါင်းမှကိုင်ပြီး အများမြင် သာအောင် မြှောက်ပြလိုက်သည်။

မနီးမဝေးမှကြည့်နေသူများမှာ တအံ့တသြ ဖြစ်သွားကြ သည်။

"ဟယ်. . . နဂါးကိုတောင် နိုင်တဲ့ဆရာပါလား"

"ဒါကြောင့် နဂါးပျံဆရာကျော်လို့ ခေါ်ကြတာ ဖြစ်မှာ ပါ"

"အံ့သြစရာပဲဟေ့ နဂါးဆိုတာ ဒီတစ်ခါပဲ တွေ့ဖူးသေး တော့တယ်"

ဟု အမျိုးမျိုး ပြောဆိုနေကြတော့သည်။

နဂါးပျံဆရာကျော်ကတော့ ထိုနဂါးကို ကြိုးတစ်ချောင်း တ်ခွေကိုင်ကာ အမှောင်ထဲသို့ ဝင်သွားလေတော့သည်။

မြင်ရသူအားလုံးကတော့ အံ့သြနေကြသည်။


ထိုအထဲမှာမှ မအံ့သြပဲ ရင်ထဲမှာ မကျေမနပ်ဖြစ်နေ တစ်ယောက်တော့ရှိသည်။

မြနှင်းဖြူပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၂]

# တန်ခိုးကြီးသော နတ်နဂါးမျိုးနွယ်များ

နီမောင်မှာ သူ့ရှေ့မှာရှိနေသော မြနှင်းဖြူကိုကြည့်ပြီး အံ့ဩနေလေတော့သည်။

သူတို့နှစ်ယောက် ရောက်နေသော နေရာက ယခင်ချိန်း တွေ့ကနေကျနေရာ၌ဖြစ်သည်။

အချိန်က ညဦးပိုင်းအချိန်ပင်ဖြစ်သည်။

မြနှင်းဖြူက ချိန်းသောကြောင့် နီမောင်က လာရောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရခြင်းဖြစ်သည်။

ထိုနေရာရောက်ပြီး တွေ့ကြသည်နှင့် မကျေမနပ်ဖြင့် ဒေါသဖြစ်နေသည့် မြနှင်းဖြူ၏ အမူအရာကိုကြည့်ရင်းနှင့် အံ့ဩနေခြင်းဖြစ်သည်။

“မြလေး နင်ဘယ်လိုဖြစ်လာတာလဲ၊ ဘာတွေများ ဒီလောက်မကျေမနပ်ဖြစ်နေရတာလဲ ငါ့ကိုလည်း ပြောပြပါဦး”

ထိုအခါမှ မြနှင်းဖြူက ပါးပြင်ပေါ်သို့ စီးကျနေသော မျက်ရည်တို့ကို သုတ်ဖယ်ပစ်လိုက်ရင်း ပြောပြသည်။

“နီမောင် အရင်ကငါ့မှာ ဘာအပြစ်မှမရှိပါပဲနဲ့ နင်ငါ့ကိုဘာကြောင့် ချစ်သူအဖြစ်က ရပ်ပစ်ရတယ်ဆိုတာ ငါတကယ် မသိပါဘူး၊ နင်ပြောပြခဲ့တာတွေလည်း ငါနားမလည်ခဲ့ပါဘူး၊ ဒါကြောင့် နင့်အပေါ်မှာ အထင်လွဲခဲ့မိပါတယ်”

နီမောင်က ဘာမှပြန်မပြောပဲ သက်ပြင်းတစ်ချက်ချလိုက်ရင်း နားထောင်နေသည်။

“အခုတော့ ငါသဘောပေါက်ပါပြီ၊ ဟိုလူက ငါနဲ့အဆက်အသွယ်ဖြတ်ဖို့ ကတိတောင်းပြီး. . နင့်အဖေ အသက်ရှင်အောင် ကုပေးခဲ့တာ မဟုတ်လား”

“ဟင်. . နင်ဘယ်လို သိသွားတာလဲ”

တအံ့တဩဖြင့် ပြန်မေးလိုက်သည်၊

“ပထမတော့ နင်ပြောပြနေတာတွေကို သိပ်သဘောမပေါက်ခဲ့ဘူး၊ အခုမှပဲ နင်အဖြစ်မှန်ကို သိရတော့တယ်၊ တကယ်တော့ နင့်မှာအပြစ်မရှိပါဘူး၊ နင်မှန်ပါတယ်”





“နင်ဘာတွေပြောနေတာလဲ မြလေး”

“အခု ငါလည်း နင့်လိုအဖြစ်မျိုး ကြုံခဲ့ရပြီလေ”

“ငါတို့တောင်ပေါ်ရောက်နေတုန်း နင့်အဖေပိုးထိတာကို ဆရာကျော် လာကုပေးသွားလို့ အသက်ချမ်းသာရာရတယ်လို့တော့ အမေက ပြောပြတယ်”

“ဟုတ်တယ် အဖေကတော့ အသက်ပြန်ရှင်ခွင့်ရတယ် ဒါပေမယ့် သူ့မေတ္တာကိုတော့ ငါလက်ခံပေးလိုက်ရပြီ”

“ဟင်”

နီမောင်မှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

“ဒါဖြင့် ငါ့လိုပဲ အပေးအယူ လုပ်ယူပြီး ယူသွားခဲ့တာ မဟုတ်လား”

မြနှင်းဖြူကရှိုက်ကြီးတငင် ငိုကြွေးရင်းမှ ခေါင်းညိတ်ပြလေသည်။

“ဒီလူဟာ လူမဟုတ်ဘူး၊ တကယ်လို့ လူဆိုရင်တောင် လူယုတ်မာတစ်ယောက်ပဲ၊ တစ်ပါးသူတွေရဲ့ ချစ်ခြင်းကိုမတရားနည်းနဲ့ လုယူဖျက်ဆီးနေတဲ့သူပဲ”

“ဟုတ်တယ် ငါတို့ ဘယ်လိုလုပ်ကြမလဲဟင်”

“အခုမှတော့ ဘာလုပ်လို့ရတော့မှာလဲ နှစ်ယောက်စလုံးဟာ သူ့ကို ကတိပေးခဲ့ကြရပြီမဟုတ်လား၊ ငါကဆင်းရဲပေမယ့် သစ္စာတရားကိုတော့ အပျက်ခံမှာ မဟုတ်ဘူး၊ နင်လည်းဒီလိုပဲ နေသင့်ပါတယ်”

မြနှင်းဖြူက မျက်ရည်စွန်းသောမျက်လုံးဖြင့် မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

“နီမောင် ငါတို့နှစ်ယောက် ဟိုးအဝေးကို ထွက်ပြေးကြ
ရင်မကောင်းဘူးလားဟင်”

“ငါတို့နှစ်ယောက် စိတ်ချမ်းသာဖို့အတွက် ငါတို့မိဘ
တွေရဲ့ မျက်ရည်တွေနဲ့ စတေးမလို့လား၊ ငါတို့ကပျော်ရွှင်နေကြ
ပြီး သူတို့စိတ်ဆင်းရဲနေကြတာကိုရော နင်ကြည့်ရက်ပါ့မလား”

“နီမောင်ရယ်”

မြနှင်းဖြူက မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုပြန်လေ
သည်။

“နင်နဲ့ခွဲခါစက ငါအတော်ကို ခံစားရတယ်၊ အခုအ
ကြောင်းစုံတွေသိလာရတော့ ပိုပြီးခံစားရတယ်၊ ငါမရှိပဲ သေသွား
ခဲ့ရင် ကောင်းမယ်ထင်ပါတယ်”

“ဒီလောက်လည်း စိတ်မလျှော့ပါနဲ့ဟာ အခြေအနေ
တာ ပြောင်းလဲနေတာပဲ ငါတို့နှစ်ယောက်ရေစက်ပါခဲ့ရင်တော့
ပြန်ပြီး ဆုံစည်းခွင့်ရနိုင်ပါသေးတယ်၊ ဒါထက် နင်သူ့ကိုအခွင့်
ပေးလိုက်ရပြီဆိုတော့ ဘယ်တော့လက်ထပ်ကြမှာလဲဟင်”

“အဖေ့အတွက်သာ လောလောဆယ် လက်ခံပေးလိုက်
တာပါ လက်ထပ်ဖို့တော့ စိတ်မကူးသေးပါဘူး၊ တကယ်
လက်ထပ်ရရင်တောင်မှ ငါ့အချစ်ကိုတော့ တစ်သက်လုံး ရမှာ
မှာ မဟုတ်ပါဘူး”

ဟု ကြေကွဲသော အသံဖြင့် ပြောနေလေသည်။

“ငါ နင့်ကိုစွန့်လွှတ်ပေးခဲ့ရပေမယ့် တစ်သက်လုံး အချ





မပျက်ပါဘူး၊ နင့်အပေါ်မှာလည်း ခွင့်လွှတ်ပေးနေမှာပါ။ ဒါပေ
မယ့် သူက သာမန်လူတစ်ယောက် မဟုတ်ဘူးဆိုတာ ငါသိခဲ့ရ
ပြီးပြီ၊ ဒါကြောင့် နင့်အတွက်တော့ စိတ်ပူမိပါတယ်”

“ဘာတွေလဲဟင် ငါ့ကိုပြောပြပါလား”

နီမောင်က ကျိုးကန်းပါးစပ်ဂူမှာ သူဇာပြောခဲ့သော
စကားအချို့ကို ပြန်ပြောပြလိုက်သည်။

ထိုသို့ပြောနေစဉ်မှာ မနီးမဝေးနေရာမှ “ရှိုး”ခနဲ အသံ
တစ်ချက်ပေါ်ထွက်လာသဖြင့် လှည့်ကြည့်လိုက်ကြသည်။

လူ့ခါးစောင်းခန့် မြင့်သောချုံများအပေါ်မှ ခေါင်းထောင်
ထွက်လာသော မြွေတစ်ကောင်၏ ဦးခေါင်းပိုင်းကို တွေ့မြင်
ကြရသည်။

မြနှင်းဖြူက ထိတ်လန့်တကြား ဖြစ်သွားသော်လည်း
နီမောင်ကတော့ အေးအေးပင် ပြောလိုက်သည်။

“သူရောက်လာပြီထင်တယ်၊ ငါတို့သွားကြရအောင်
မြနှင်းဖြူ တော်ကြာ အန္တရာယ်လာပေးလိမ့်မယ်”

ဟုပြောပြီး နှစ်ယောက်သား ထိုနေရာမှ ခပ်သုတ်သုတ်
ထွက်သွားကြလေတော့သည်။

သူတို့နှစ်ယောက်ထသွားသောအခါ စောစောက
ခေါင်းထောင်ကြည့်နေသော မြွေဦးခေါင်းကြီးလည်း . . ချုံများ
နောက်သို့ ပြန်ဝင်သွားလေတော့သည်။

နောက်တစ်နေ့တွင် ဦးဇန်ကောင်းရောက်လာလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင် မင်းတို့သုံးယောက်တောင်ပေါ်ကို အထပ်
လိုက်သွားရင်းနဲ့ ထူးထူးဆန်းဆန်းတွေ တွေ့ခဲ့ရတယ်လို့ ပြောသံ
ကြားတယ်၊ ဘယ်သူတွေကို ဘယ်နေရာလိုက်ပို့ပေးရတာလဲ"

"အမျိုးသမီးသုံးယောက်ကို ကျီးကန်းပါးစပ်ဂူရောက်
အောင် လိုက်ပို့ပေးခဲ့ရတာပါ"

နီမောင်က သူဇာဆိုသော အမျိုးသမီးပြောပြခဲ့သော
အကြောင်းများကို ဦးဇန်ကောင်းအား ပြန်ပြောပြလိုက်သည်။

စကားဆုံးတော့မှ ခေါင်းညိတ်ပြသည်။

"လက်စသတ်တော့ သူတို့က ကျီးပါးစပ်ဂူကကိုး၊ ဘာ
ဖြစ်ဖြစ် ငါတို့ကို အနှောင့်အယှက်မပေးကြပဲ အကူအညီပေး
ခဲ့ကြတာတော့ ကျေးဇူးတင်ရမှာပဲ၊ သူပြောတဲ့အထဲမှာ နဂါးပျံ
ဆရာကျော်အကြောင်း သိတန်သလောက်သိရတာလဲ ကောင်း
တာပဲ၊ သူ့ဆီကနေ နတ်ဆေးသစ်ရွက် ရရင်တော့ ငါတို့အတွက်
ကောင်းမှာပဲ"

ဟု ဦးဇန်ကောင်းက အားတက်သရော ပြောနေသည်။

"သူပြောတဲ့အထဲမှာ နဂါးပျံဆရာကျော်အကြောင်း
လည်း အတော်များများပါတယ်၊ အဲဒီအထဲမှာ 'နဂါးအမြှေး
ကျောက်တွေ့အောင်ရှာနိုင်ရင် သူ့ကိုနိုင်မယ်လို့ ပြောသွားတယ်"

"နဂါးအမြှေကျောက်ကို ဘယ်မှာရှာရမလဲ"

"ကျွန်တော်တို့နဲ့အတူ အမိဌာန်ဝင်ခဲ့တဲ့ဘုန်းကြီး
တွေ့အောင်ပြန်ရှာနိုင်ရင် သူကလမ်းပြပေးနိုင်မယ်လို့ ပြော
သွားတယ်"





"ဒီလိုဆိုရင်တော့ ငါတို့ကို အမိဌာန်ပြန်ဝင်ခိုင်းတာ
ဖြစ်ရမယ်၊ သာမန်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေကို သာမန်လိုက်ရှာနေရုံ
နဲ့ မတွေ့နိုင်ဘူး၊ အမိဌာန်ဝင်နေတဲ့ ပုဂ္ဂိုလ်မျိုးကို အမိဌာန်ဝင်ပြီး
ရှာမှ ပြန်တွေ့ရမှာ . မင်းနဲ့ငါနဲ့ ကျီးကန်းပါးစပ်ဂူတစ်ခေါက်
နှုပ်သွားကြပြီး အမိဌာန်ဝင်ရမယ်"

"ဒီလိုအမိဌာန်ဝင်ရင်ရော တွေ့နိုင်ပါ့မလား"

"သာမန်လူတစ်ယောက်ကို ရှာချင်ရင် သူဘယ်နေရာ
မှာရှိတယ်ဆိုတာ သိဖို့အသံကျယ်ကျယ်နဲ့ ခေါ်ရတယ် သမာဓိရှိ
တဲ့ပုဂ္ဂိုလ်တွေကျတော့ ဒီလိုခေါ်ပေမယ့် မကြားနိုင်ဘူး၊ သူတို့
နဲ့စိတ်အာရုံချင်း ဆက်သွယ်ပြီးခေါ်ရင်တော့ ဘယ်နေရာရောက်
နေနေ ကြားနိုင်ပါတယ်"

ဟု ပြောပြသည်။

နီမောင်ကတော့ ထိုအကြောင်းများကို သိပ်နားမလည်
သော်လည်း စိတ်ထဲမှာ အားရှိလာသကဲ့သို့ ခံစားရလေသည်။

"ဒါထက် အဘနဲ့ကြုံကြိုက်တုန်း မေးရဦးမယ်၊ နဂါးတွေ
က ဒီလိုပဲ လူယောင်ဆောင်ပြီး လူတွေနဲ့ အတူတူနေလို့ ရသ
လားဟင်"

ထိုစကားကြားတော့ ဦးဇန်ကောင်းက ခေါင်းညိတ်ပြ
သည်။

"ရတာပေါ့အများကြီးရှိတာပဲ၊ ကျိုက်ထီးရိုးစေတီတော်
သမိုင်းမှာပါတဲ့ ဝိဇ္ဇာနဲ့ နဂါးမတို့ ချစ်ကြိုက်ပြီး အတူနေလို့သား
တောင်ရခဲ့သေးတာ ပါတယ်လေ၊ တခြားအဖြစ်အပျက်တွေ



www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိကြတယ်"

နဂါးမျိုးနွယ်တို့သည် ကမ္ဘာဦးကာလကပင် ရှိခဲ့ကြောင်း မှတ်တမ်းများ၌ ရေးသားဖော်ပြကြသည်။

ထိုမှတ်တမ်းများ၌ နဂါးမျိုးနွယ်ပေါင်း (၁၀၂၄)မျိုးရှိကြောင်းတွေ့ရသည်။

နဂါးတို့တွင် ဘူရိဒတ်နဂါးမင်းနှင့် နန္ဒောပနန္ဒနဂါးမင်းတို့မှာ ဘုန်းတန်ခိုးလွှမ်းစွာကြီးကြသည်။

နဂါးတို့၏နေရာမှာ ရေအိုင်ကြီးများ၊ သမုဒ္ဒရာများနှင့် တောင်ကြီးတို့၏ အောက်အရပ်ဖြစ်သည်။

ဝိနည်းပိဋကပါရာဇိကဏ် အဋ္ဌကထာ စတုတ္ထပါရာဇိက တပေါဒါဝတ္ထုအဖွင့်၌ လာရှိသည်မှာ . . .

ဝေဘာရတောင်၏အောက်တွင် မြေနေနဂါးတို့၏ နဂါးပြည်သည် ယူဇနာ(၅၀၀)ရှိ၍ နတ်ပြည်နှင့်တူ၏။ မွေ့လျော်ဘွယ်ရှိသော မြေအပြင်အရန် ဥယျာဉ်တို့နှင့် ပြည့်စုံ၏။

ယင်းနဂါးတို့ ပျော်မြူးရာဖြစ်သော ရေအိုင်သည် ကြည်လင်အေးမြမြိန်မြတ်သော ရေရှိ၏။ ရေမျှော်ရေညှိကင်း၏။

ကောင်းမွန်သော ရေဆိပ်ရှိ၏။

ပျော်ရွှင်ခြင်းကိုဖြစ်စေ၏။

လှည်းဘီးပမာဏရှိသော ပဒုမ္မာကြာပန်းတို့ ပွင့်ကုန်၏။

ငါးလိပ်များစွာ တည်ရှိကြ၏။

ထိုရေအိုင်မှထွက်သော တပေါဒါမြစ်သည် ငရဲကြီး(၂)ရပ်တို့အကြားမှ စီးဆင်းခဲ့ပြီးနောက် ရာဇဂြိုဟ်ပြည်ကို လှည့်ပတ်၍စီးဆင်း၏. . ဟု ဖွင့်ဆိုထားသည်ကို တွေ့ရ၏။

ငါးရာ့ငါးဆယ်အဝင် စတုက္ကနိပါတ်ဒဒ္ဒရဇာတ်၌. . ဟိမဝန္တာတော ဒဒ္ဒရတောင်ခြေရင်းတွင် မြေနေနဂါးတို့၏ပြည်ရှိကြောင်း ဖော်ပြထားသည်။

ဇိနာလင်္ကာရဋီကာ၊ လောကဒီပနီကျမ်းတို့၌ကား. . မြင်းမိုရ်တောင်၏အောက်တွင် အထွတ်သုံးခုတို့၏ အလယ်၌ ပံသုပထဝီ(မြေမှုန့်မြေကြီး)ရှိ၏။

ယင်းမြေကြီး၏ အထက်အပြင် ရတနာသဲစု၌ ယူဇနာတစ်သောင်းကျယ်သော အသူရာပြည်ရှိ၏။

အထွတ်သုံးခု၏အပြင် ပံသုပထဝီထိပ်၌ ရတနာသဲစုဖြင့်ပြည့်၏။ ယင်းသဲစု၌ နဂါးတို့နေကြကုန်၏။

အသူရာတို့သည်၄င်း၊ နဂါးတို့သည်၄င်း သွားလာသောအခါ၌ ထိုအသူရာနတ်နဂါးတို့ တန်ခိုးအစွမ်းကြောင့် ရေထဲ၌ ခရီးလမ်းကြောင်း ထင်ကုန်၏။

ထိုရေသည် ယူဇနာရှစ်သောင်းလေးထောင်နက်၏ ဟုဆိုသောကြောင့် မြင်းမိုရ်တောင်ခြေရင်း၌ နဂါးတို့သည် သီဒါရေထဲတွင် နေကြသည်ဟု သိနိုင်သည်။

မြင်းမိုရ်တောင်၏ အာလိန်ငါးဆင့်၌လည်း နဂါးတို့သည် ရေ၌အားကြီးသောကြောင့် ပဌမအာလိန်ဆင့်တွင် အစောင့်အရှောက်ထားကြောင်း အဆိုရှိသည်။

ဓမ္မပဒ အဋ္ဌကထာ၌လည်း. . .

- အနဝတတ်အိုင်တွင် ပဏ္ဏက နဂါးမင်းနေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



- မုစလိန္ဒအိုင်၌ မုစလိန္ဒနဂါး နေကြောင်း
- ဥရုဝေလမြစ်၌ ဥရုဝေလနဂါး နေကြောင်း
- ဂယာမြစ်၌ အင်္ဂီဒပုနဂါး နေကြောင်း
- ဂင်္ဂါမြစ်၌ ဘုရားရှင်ကူးတော်မူသောအခါ နဂါးတို့ လှေဖန်ဆင်း၍ ပို့ကြောင်း၊
- နဂါးပြည်သို့ ဘုရားရှင်ကို ပင့်သွားကြောင်း
- သယ်မိတ္တာ ထေရီသည်ဗောဓိပင်ကို ပင့်ဆောင်၍ သမုဒ္ဒရာကို ကူးသောအခါ နဂါးတို့ရေထဲမှနေ၍ မိမိတို့ပြည်သို့ ပင့်သွားကြောင်း။
- ဧရာပထနဂါးသည် ဂင်္ဂါမြစ်တွင်းက ပေါ်လာကြောင်း
- မဏိကဏ္ဍနဂါးသည် ထိုနည်းတူ ပေါ်လာကြောင်း

တို့ကို ဆိုသည်။

သို့ဖြစ်၍ နဂါးတို့ကို ရေနတ်မျိုးဟူ၍ ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

ပဏ္ဏရက်နဂါးသည်၎င်း၊ အရှင်ရာဟုလာအလောင်း ပထဝီသန္ဓရ နဂါးမင်းသည်၎င်း သမုဒ္ဒရာ၌နေသော ရေနဂါး မျိုးဖြစ်ကြသည်။

ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးပိုဒ်(၁၂)တွင်

“ထိုအခါ၊ သမုဒ္ဒရာမြစ်အောက်၊
အံ့လောက်ပင်စည်၊ နဂါးပြည်၌
လင်သည်မျိုးနွယ်၊ ခန္ဓာပစ်၍
နူးမျစ်ရောင်လျှ၊ နဂါးမ လျှင်”





ဟု ဆိုသောကြောင့် ဇာတ်ကြီးဆယ်ဘွဲ့ဝင် ဘူရိဒတ် ဇာတ်တော်လာ အလောင်းတော် ဘူရိဒတ်နဂါးမင်း အစရှိသော နဂါးတို့သည်လည်း သမုဒ္ဒရာအောက်တွင်တည်ရှိသော နဂါး ပြည်၌ နေထိုင်ကြသော ရေနေနဂါးတို့ဖြစ်ကြောင်း သိနိုင်သည်။

သက္ကတိုင်းကပိလဝတ်ပြည် မဟာဝုန်တော၌ မြတ်စွာ ဘုရားရှင်သည် မဟာသမယသုတ်ကို ဟောတော်မူသောအခါ နတ်၊ ဗြဟ္မာ၊ ဂဠုန်နဂါးများစွာတို့ လာရောက်တရားနာကြလေ သည်။

ထိုပရိသတ်တွင် ပါဝင်သော နဂါးတို့မှာ. . .

၁။ နာဂသာအိုင်၌ နေသောနဂါး၊
၂။ ဝေသာလီအိုင်၌ နေသောနဂါး၊
၃။ ကဿပရသေ့၏သား တစ္ဆကမည်သော နတ်နဂါး၊
၄။ မြင်းမိုရ်တောင်ခြေ၌နေသော ကမ္ဗလနဂါးမင်း၊
၅။ အဿတရ နဂါးမင်း၊
၆။ ပယာဂဆိပ်၌နေသော နဂါးမင်း၊
၇။ ယမုနာမြစ်၌နေသော နဂါး၊
၈။ ဧတရဋ္ဌမျိုးဖြစ်သော နဂါး။

ဤနဂါးတို့သည် မိမိတို့၏ဆိုင်ရာဆိုင်ရာ ဆွေမျိုးဖြစ် သော နဂါးပေါင်းများစွာတို့နှင့်အတူတကွ တရားနာယူကြလေ သည်။

ဗောဓိပင်နှင့် ရွှေပလ္လင်ကိုအောင်မြင်တော်မူသောအခါ စခန်းနတ်ရှုံး၍ “ဘုရားရှင်အောင်ပြီ”ဟု ကြွေးကြော်ကြသော



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ် (၄)မျိုးတွင် နဂါးများက ရှေးဦးဆုံးပါဝင်သည်။

ထိုပုဂ္ဂိုလ် (၄)မျိုးကား . . .

၁။ နဂါး

၂။ ဂဠုန်

၃။ နတ်သိကြား

၄။ ဗြဟ္မာတို့ ဖြစ်ကြ၏။

"နဂါးတွေဟာ တိရစ္ဆာန်တွေဆိုပေမယ့် နတ်မင်းကြီးလေးပါးမှာ သူတို့ပါတယ်၊ သာသနာတော် သက်ဆိုင်တဲ့ နေရာတွေမှာလည်း သူတို့ရှေ့ဆုံးကပါတယ်၊ ဒါကြောင့် တန်ခိုးဣဒ္ဓိပါဒ်ကြီးလှတဲ့ သူတို့မျိုးနွယ်တွေဟာ လူယောင်ဆောင်ပြီး လူတွေနဲ့ အချိန်အကြာကြီးနေနိုင်ကြတယ်"

ဟု ပြောပြလေသည်။

"ဒါဖြင့် သူတို့ကို နိုင်တဲ့နည်းတွေမရှိတော့ဘူးလား သူတို့နှိပ်စက်သမျှ ဒီလိုပဲခံနေကြရမှာလားအဘ"

နီမောင်က မကျေမနပ်ဖြင့် မေးလိုက်သည်။

"ဒီလိုချည်းတော့ မဟုတ်ပါဘူး. . ၊ လူတွေမှာတောင် ကောင်းတဲ့လူတွေရှိသလို မကောင်းတဲ့လူတွေ အမျိုးမျိုးရှိကြတာပဲ၊ နဂါးတွေမှာလည်း ဒီလိုပဲပေါ့၊ ကောင်းတဲ့နဂါးတွေရှိသလို မကောင်းတဲ့နဂါးတွေလည်း ရှိကြမှာပေါ့၊ သူတို့တစ်တွေ ဘယ်လောက်ပဲ တန်ခိုးဣဒ္ဓိပါဒ်ရှိရှိ မြတ်စွာဘုရားရဲ့ တရားဂုဏ်တော်တွေနဲ့ နှိုင်းစာလိုက်ရင်တော့ မြင်းမိုရ်တောင်နဲ့ မြေမှုန်လောက်တောင် ကွာလှပါတယ်"





"မှန်ပါတယ်အဘ ကျွန်တော်တို့အားကိုးစရာလည်း ရတနာသုံးပါးပဲရှိပါတော့တယ်၊ ဒါကြောင့် တောင်ပေါ်ကို တက်သွားပြီး အမိဌာန်ဝင်နေတဲ့ ဘုန်းကြီးကို ဝင်တွေ့ကြရမယ်"

ဟု နီမောင်က အားတက်သရော ပြောပြလေသည်။

"ငါတို့ကျိုးကန်းပါးစပ်ဂူကိုပဲ ပြန်သွားကြတာပေါ့၊ ဟိုရောက်တော့ မင်းကို အကူအညီပေးတဲ့ မိန်းကလေးသုံးယောက်ကိုလည်း ပြန်တွေ့ရင် တွေ့ရမှာပေါ့"


နီမောင်စိတ်ထဲမှာတော့ သူဇာ၊ မာလာ၊ ကလျာဆိုသော မိန်းကလေးသုံးယောက်တို့၏ ပုံပန်းသဏ္ဌာန်တို့ကို ပြန်လည်သတိရနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၃]

# နဂါးတစ်ပိုင်း လူတစ်ပိုင်းမျက်နှာ

နဂါးပျံဆရာကျော်ဆိုသူကို မကျေမနပ်ဖြစ်နေကြသူများထဲတွင် ညောင်ပင်သာရွာမှ မြွေဆရာဦးမိုးညိုလည်း တစ်ဦးအပါအဝင်ဖြစ်ပေသည်။

သူသည်နှစ်ပေါင်းများစွာကတည်းက ထိုနယ်တစ်ဝိုက်တွင် အစွမ်းထက်သော မြွေဆရာတစ်ယောက်အဖြစ် နာမည်တစ်လုံးဖြင့် နေလာခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအနီးတစ်ဝိုက်မှာ နေထိုင်ကြသူများကလည်း သူ့အပေါ်၌ ယုံကြည်အားကိုးသမှုရှိကြသည်။

ယခုတော့ အပွဲပွဲနွှဲလာခဲ့သမျှ တစ်ပွဲတည်းနှင့် နာလန်မထူအောင် သိက္ခာကျသော အဖြစ်မျိုးနှင့် ကြုံခဲ့ရချေသည်။

အခြားမဟုတ်ပေ။ နဂါးပျံဆရာကျော်ဆိုသူနှင့်တွေ့ပြီး လူပုံအလယ်မှာ အရှက်တကွဲအကျိုးနည်း ကြုံခဲ့ရခြင်းဖြစ်သည်။

သူနေသော ညောင်ပင်သာရွာမှ သန်းဖေပိုးထိစဉ်က သူမရှိသောကြောင့် နဂါးပျံဆရာကျော်ဆိုသူက ဝင်ကုပေးသွားခဲ့သောကြောင့် အသက်ချမ်းသာရာ ရခဲ့သည်။

ထိုအချိန်ကတည်းက နဂါးပျံဆရာကျော်ဆိုသော နာမည်ကိုကြားပြီး စိတ်ထဲမှာ မကျေမနပ် ဖြစ်နေခဲ့သည်။

ယခုတော့ သူနှင့် နဖူးတွေ့ဒူးတွေ့ ဆုံတွေ့ခဲ့ကြသည်။

ကင်ပွန်းစခန်းမှ ဦးရွှေမောင် ပိုးထိသောအခါ. . နှစ်ယောက်ဆုံတွေ့ပြီး လူအများရှေ့မှာ သိက္ခာကျခဲ့ရသည်။

သူက နဂါးဆိပ်ကိုကျအောင်ပင် မလုပ်နိုင်သော အချိန်မှာ နဂါးပျံဆရာကျော်ဆိုသူက မြွေဆိပ်ချပေးရုံမကပဲ အများရှေ့မှာ နဂါးကိုပင် ဖမ်းပြလိုက်သေးသည်။

ထို့ကြောင့် အကြီးအကျယ် မကျေမနပ်ဖြစ်နေခြင်းဖြစ်၏။ အခွင့်သာပါက နဂါးပျံဆရာကျော်ဆိုသူကို နည်းနည်းနှင့် သုတ်သင်ရှင်းလင်းပစ်ရန်ပင် စိတ်ကူးထားလေသည်။

ဦးမိုးညို၏ ဆွေမျိုးသားချင်းများနှင့် တပည့်တပန်းများကလည်း မကျေနပ်ကြပေ။





“ဒီလူက ဆရာတစ်ယောက်လုပ်နေပြီး စည်းကမ်းဖောက်တာပဲ၊ ဆရာတစ်ယောက်ကုပေးနေတဲ့ လူနာတစ်ယောက်ကို နောက်ဆရာတစ်ယောက်က အတင်းဝင်မကုရဘူးဆိုတာ သူမသိဘူး၊ ဒါ သက်သက်လူပါးဝတာပဲ”

“ဒီလိုလာပြီး ကျောတာကိုတော့ ခေါင်းငုံ့ခံနေလို့ဘယ်ဖြစ်ပါ့မလဲ ပညာချင်းယှဉ်လို့မရရင် နောက်ဆုံးတခြားနည်းနဲ့ ...ဉ်ပြီး သုတ်သင်ဖယ်ရှားရမှာပဲ”

ဟု ပြောဆိုကြိမ်းမောင်းကာ နဂါးပျံဆရာကျော်ဆိုသူ သွားလာတတ်သောနေရာ၊ ၄င်းနေသောရွာတို့ကို လိုက်လံစုံစမ်းကြသည်။

တစ်နေ့တော့ ဦးမိုးညို၏ တပည့်တစ်ယောက်က ပြောသည်။

“သတင်းစုံစမ်းလို့တော့ ရခဲ့ပြီ၊ ဒီဆရာက ကဝေမြောင်ရွာတလို့ပြောတယ်”

“ကဝေမြောင်ရွာက ဘယ်နေရာမှာလဲ”

“အဲဒါတော့မသိဘူး၊ ဒါပေမယ့် သူက ကင်ပွန်းစခန်းက နှင်းဖြူဆိုတဲ့ ကောင်မလေးနဲ့ ဖြစ်နေကြတယ်၊ အဲဒီကိုတော့ မကြာခဏလာတယ်လို့ သတင်းကြားခဲ့တယ်”

ဟု ပြောပြလေသည်။

တစ်နေ့တော့ နဂါးပျံဆရာကျော်နှင့် ဆုံတွေ့ရန်အကြောင်းတစ်ခု ပေါ်ပေါက်လာတော့သည်။

ညောင်ပင်သာရွာနှင့် မနီးမဝေးတွင်တောင်ကုန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ရှိလေသည်။ ထိုတောင်ကုန်းပေါ်မှာ စေတီပျက်တစ်ဆူရှိပြီး ပြို
ကျနေပေရာ အောက်ခံပလ္လင်ခုံနှင့် အုတ်ပုံသာကျန်တော့သည်။

နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်သောကြောင့်လည်း ထို
တောင်ပို့ပေါ်မှာ သစ်ပင်ချုံနွယ်များပေါက်နေလေသည်။

ထိုတောင်ပို့တစ်နေရာမှာ တွင်းပေါက်ကြီးတစ်ပေါက်
ရှိပြီး တွင်းပေါက်ထဲမှာ မြွေကြီးတစ်ကောင်ရှိသည်။

ထိုမြွေကြီးမှာ နှစ်ပေါင်းများစွာကပင် ထိုနေရာ၌ရှိနေ
ခဲ့ရာ ရွာသားများကလည်း သိကြသည်။

အစိမ်းပုတ်ရောင်ရှိပြီး ခြေသလုံးလောက် လုံးပတ်ရှိပြီး
အလျားရှည်ကလည်း လက်လံနှစ်လံလောက် နီးပါးရှိသည်။

မြွေကြီးဦးခေါင်းတစ်နေရာမှာ အမောက်ကဲ့သို့ အခွံ
အတက်များပါပြီး ထိုအမောက်များက လည်ပင်းနေရာလောက်
အထိ ရောက်နေလေသည်။

တစ်ခါတစ်ရံ . . ထိုတောင်ကုန်းအနီးမှ လူနှင့် ကျွဲနွား
တိရစ္ဆာန်တို့ဖြတ်သွားသောအခါ တောင်ပို့ပေါ်မှ နေစာလှုံနေ
သော မြွေကြီးကိုတွေ့ရသော်လည်း . . . မည်သူကိုမှ လိုက်၍
အန္တရာယ်ပေးခြင်းမျိုးမရှိပေ။

တစ်ခါတစ်ရံလည်း လူသံကြားသဖြင့် တောင်ကုန်းပေါ်
မှ ခေါင်းထောင်ကြည့်နေသော်လည်း . . . နောက်မှလိုက်ပြီး
အန္တရာယ်မပေးပဲ သူ့ဘာသာနေမြဲနေလေသည်။

"ဘုရားပျက်ကုန်းမှာ မြွေကြီးတစ်ကောင်ရှိတယ် ခေါင်း
ထောင်ထလိုက်ရင် အမောက်တွေကိုပါ တွေ့ရတယ် အတော်





ကြီးတယ်"

"ခေါင်းပေါ်မှာလည်း အမောက်တွေပါတော့ နဂါးဖြစ်
မယ်ထင်တယ်"

"နဂါးဆိုရင်တော့ အတော်ကြောက်စရာကောင်းမှာပဲ"

"ဒါပေမယ့် အဲဒီမြွေကြီးက အဲဒီကုန်းမှာရှိနေတာ အ
တော်ကြာပြီ၊ ဘုရားစောင့်တဲ့ မြွေဖြစ်နိုင်တယ်၊ နောက်ပြီးဒီမြွေ
ကြီးက မြွေသူတော်ကောင်းကြီးပါ. . အခုအချိန်ထိ လူတွေ၊ တိ
ရစ္ဆာန်တွေ သူ့ကြောင့် ဘယ်သူမှ အန္တရာယ်မရှိသေးဘူး၊ သူက
လည်းဘယ်သူကိုမှ လိုက်ပြီးအန္တရာယ်မပေးသေးဘူး"

ထိုအနီးအနားတစ်ဝိုက်မှာ နေထိုင်ကြသူများကတော့
ထိုတောင်ကုန်းပေါ်မှာ မြွေကြီးရှိနေသော်လည်း ကြောက်ရွံ့မှု
မရှိကြပဲ သွားလာမြဲနေကြသည်။

တစ်နေတော့ ထိုနေရာသို့ လူသုံးယောက်ရောက်လာ
ကြလေသည်။

၎င်းတို့မှာ အသက်လေးဆယ်ကျော် လူတစ်ယောက်က
ခေါင်းဆောင်လာပြီး နောက်မှလူနှစ်ယောက် အဖော်ပါလာ
သည်၊ ရှေ့မှခေါင်းဆောင်လာသူက. . ရှမ်းဘောင်းဘီအနက်၊
အကျီအနက်တို့ကို ဝတ်ဆင်ထားသည်။

ဦးခေါင်းပေါ်မှာ တဘက်တစ်ထည်ပေါင်းထားပြီး မျက်
နှာပေါ်မှာ မုတ်ဆိပ်မွေး၊ နှုတ်ခမ်းမွေးအရှည်များရှိသည်။

လွယ်အိတ်ကြီးတစ်လုံးပါပြီး တောင်ဝှေးတစ်ချောင်းကို
ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာရောက်လာတော့ သူတို့သိချင်တာကို ရွာသားအချို့ထံမှ မေးမြန်းစုံစမ်းကြသည်။

"ကျုပ်တို့က ရှမ်းပြည်နယ်ဘက်က ဒီကိုဘုရားဖူးလာကြတာပါ၊ ဒီနေရာမှာ နဂါးတစ်ကောင်ရှိတယ် သတင်းကြားသို့လာကြည့်တာပါ၊ ဘယ်နေရာမှာလဲဆိုတာ တစ်ဆိတ်လောက်လမ်းညွှန်ပြပေးပါဗျာ"

ဟု မေးသဖြင့် ရွာသားတစ်ယောက်က မြွေကြီးရှိသောနေရာကို ပြောပြပေးလိုက်လေသည်။

လူသုံးယောက်တို့လည်း တောင်ကုန်းရှိရာသို့သွားကြလေသည်။

ထိုနေရာရောက်သောအခါ မြွေကြီးကို တွင်းထဲမှထွက်လာအောင်ပြုလုပ်ကြရာ တွင်းထဲမှ ထွက်လာသောအခါ ခေါင်းဆောင်လုပ်သူက မြွေကိုဖမ်းယူရန်ကြိုးစားလေသည်။

ထိုအခါ မြွေကြီးက . ခေါင်းဆောင်လုပ်သူ၏ ခြေထောက်ကို ပေါက်လိုက်ပြီးနောက် တွင်းထဲသို့ ပြန်ဝင်သွားလေတော့သည်။

ဆရာမှာ မြွေထိသည်နှင့် သူ့မှာပါလာသော ဆေးဝါးများဖြင့်ကုသသော်လည်း မရသဖြင့် အတန်ကြာတော့ အဆိပ်မွှန်ပြီးသတိမေ့သွားလေတော့သည်။

ထိုအခါ နောက်မှပါလာသော လူနှစ်ယောက်အနက်တစ်ယောက်က ရွာထဲသို့ပြေးလာပြီး အကူအညီတောင်းလေသည်။





"ကျုပ်တို့ဆရာ မြွေကိုက်ခံရလို့၊ ဒီရွာမှာ မြွေဆိပ်နိုင်တဲ့ဆရာများ မရှိဘူးလားဗျာ"

ဟု မေးသဖြင့် ဦးမိုးညိုနေအိမ်သို့ လမ်းညွှန်ပေးလိုက်ရာသွားခေါ်လေသည်။

ဦးမိုးညိုလည်း လွယ်အိတ်ယူပြီး လိုက်လာလေသည်။

ထိုနေရာရောက်တော့ မေးသည်။

"ဘယ်နေရာက ထိတာလဲ"

"ဟို တောင်ပို့ထဲက ထွက်လာပြီးပေါက်သွားတာပါပဲ"

"ဒီမြွေက သာမညမဟုတ်ဘူး၊ သိုက်စောင့်မြွေပဲ ဒီလိုမြွေမျိုးကိုက်ရင် အကုရခက်တယ်"

"အသက်ရှင်အောင်သာ ကုပေးပါဆရာကြီးရယ်၊ ကျွန်တော်တို့မှာပါတဲ့ ရွှေငွေတွေနဲ့ အသက်တန်ဖိုးကန်တော့ပါ့မယ်"

ဟုပြောပြီး အိတ်ထဲမှ ရွှေဒင်္ဂါးသုံးပြားထုတ်ပေးလေသည်။

ဦးမိုးညိုအနေဖြင့်လည်း ဆေးကုလာခဲ့သော သက်တမ်းတစ်လျှောက်မှာ ထိုကဲ့သို့သော ရွှေဒင်္ဂါးမျိုး မရခဲ့ဖူးသေးသောကြောင့်များစွာ သဘောကျသွားပြီးဆေးကုပေးရန် လက်ခံလိုက်လေသည်။

ထို့နောက် လူနာကို နီးစပ်ရာ တဲတစ်လုံးရှိရာသို့ သယ်ဆောင်သွားပြီး ဆေးကုပေးလေသည်။

ထုံးစံအတိုင်းပင် သူ့မှာရှိသောဆေးများက သာမန်သာဖြစ်သောကြောင့် မြွေဆိပ်ကမကျပဲ တဖြည်းဖြည်းတက်လာရာ



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တစ်ခုလုံး ယောင်ကိုင်းလာကာ အညှိအမည်းကွက်များပင်ပေါ်လာလေတော့သည်။

ပါးစပ်ထဲမှ အမြှုပ်များထွက်လာပြီး မျက်လုံးမှာ သွေးဝိုင်းလာလေပြီ။

အချိန်ကလည်း နေဝင်ရီတရောဖြစ်လာလေပြီ။

အဆိပ်ကလည်းမကျသေး၊ ဦးမိုးညိုလည်း ဇောချွေးပြန်စပြုနေလေပြီ။

ထိုအချိန်မှာ စောစောက မြွေကိုက်သောနေရာသို့ လူတစ်ယောက် ရောက်လာလေသည်။ အခြားသူမဟုတ်ပေ။

နဂါးပျံဆရာကျော်ပင်ဖြစ်သည်။

သူကဘုရားပျက်ရှိသော တောင်ကုန်းနားသို့ရောက်လာသောအခါ ထူးဆန်းသောမြင်ကွင်းတစ်ခုကို တွေ့မြင်သွားသည်။ ခရီးသွားဧည့်သည်ကို ပေါက်ခဲ့သော မြွေကြီးမှာ ဘုရားပျက်တောင်ကုန်းတစ်နေရာတွင် ကျောက်ပြားတစ်ချပ်ပေါ်သို့ အဆိပ်ရည်များ အန်ချနေလေသည်။

နဂါးပျံဆရာကျော်က ထိုမြင်ကွင်းကိုမြင်သောအခါ ထိုနေရာသို့ လျှောက်သွားသည်။

လူလာတာမြင်တော့ မြွေကြီးကခေါင်းထောင်ကြည့်သည်။

ပြီးနောက် ပါးပျဉ်းထောင်ကာ ယိမ်းထိုးလှုပ်ရှားနေသည်။ ဆရာကျော်က ထိုနေရာမှာ ထိုင်ပြီးယိမ်းထိုးလှုပ်ရှားနေသော မြွေကြီး၏ ဦးခေါင်းကိုလက်ဖြင့် အသာထိလိုက်သော





အခါ ကြောင်တစ်ကောင်ကို သပ်ပေးသောအခါ ဦးခေါင်းပုဝင်သွားသကဲ့သို့ မြွေ၏ဦးခေါင်းမှာလည်း အောက်သို့ဝပ်ကျသွားလေသည်။

“မင်း လူတစ်ယောက်ကို ပေါက်လိုက်ပြီးမှကိုး”

“. . . . . . . . .”

“မင်းမှာ အပြစ်မရှိပါဘူး၊ လူတွေက သူ့စည်းကိုယ့်စည်း မထားကြတော့ဘူး၊ လူတွေနဲ့ တိရစ္ဆာန်တွေဟာ တစ်ဦးနဲ့တစ်ဦး သစ္စာမပျက်ဘူးဆိုရင် ဘယ်လိုအန္တရာယ်မှ မရှိကြဘူး”

“. . . . . . . . . .”

“ငါနဲ့ထိုက်ရင်တော့ ကယ်ပေးရမှာပေ့ါ၊ ကဲ. . ကဲ. . မင်းလည်းလွတ်ရာကိုသွားပေဦးတော့၊ လူတွေကသူတို့ကို ရန်မူထားရင် မင်းကိုလည်း ပြန်ပြီးရန်ရှာကြလိမ့်မယ်၊ ဒီတော့ ဘေးလွတ်ရာကိုသာ သွားပေတော့”

ဟု ထိုမြွေကြီးကို လူတစ်ယောက်လို ပြောဆိုလိုက်ရာ ပါးပျဉ်းကိုသိမ်းပြီးနောက် တွင်းထဲသို့ ပြန်ဝင်သွားလေတော့သည်။

နဂါးပျံဆရာကျော်လည်း နေရာမှ ထရပ်လိုက်သည်။

၎င်းက မြွေကြီးကို လက်ဖြင့်ကိုင်တွယ်ကာ စကားပြောနေသည်ကို ထိုနေရာမှ ဖြတ်သွားသော ရွာသားတစ်ယောက်က အမှတ်မထင် လှမ်းမြင်သွားသဖြင့် တစ်နေရာမှ ချောင်းကြည့်နေသည်။

“တယ်လည်း အစွမ်းထက်တဲ့ဆရာပါလား၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းတဲ့ မြွေကြီးက သူနဲ့တွေ့တော့လည်း ရေမြွေလောက်တောင် ကြောက်စရာမကောင်းတော့ပါလား၊ အော် အခုမှ မှတ်မိတော့တယ် ဒီဆရာကို မြင်ဘူးတယ်လို့ စိတ်ထဲမှာထင်နေတာ အခုမှ သတိရတော့တယ် တလောက သန်းဖေကို ပိုးထိတုန်းက ကုပေးသွားခဲ့တဲ့ ဆရာပဲကိုး"

ထိုသို့တွေးမိသဖြင့် နေရာမှထကာ ဆရာကျော်ရှိရာသို့ လျှောက်သွားလေသည်။

"ဆရာ ဘယ်ကကြွလာတာလဲ ဆရာရောက်လာတာနဲ့ အတော်ပဲလို့ ဆိုရမှာပဲ. . ရွာထဲမှာ ခရီးသွား ဧည့်သည်တစ်ယောက် လိုက်ကြည့်ပေးစေချင်ပါတယ်"

ထိုရွာသားမှာ သာလှဆိုသူဖြစ်သည်။

ထိုအခါ ဆရာကျော်က ပြန်ပြောလိုက်သည်။

"မြွေကိုက်ခံရတာ တခြားကြောင့်မှမဟုတ်ပဲဗျ၊ လူတွေကို ဘာမှအန္တရာယ်မပေးပဲ သူ့ဘာသာအေးအေးနေတဲ့ ဘုရားပျက်ကုန်းက မြွေသူတော်ကောင်းကိုမှ ဖမ်းဖို့ကြိုးစားကြတာကိုး မြွေထိခံရတဲ့လူက တခြားမဟုတ်ဘူး မြွေအလမ္ဘာယ်ဆရာတစ်ယောက်ပဲ"

"ဟင်. . ဆရာက ဒီအကြောင်းတွေကို ဘယ်လိုများသိနေတာလဲ"

"ကျုပ်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိတာပေါ့ဗျာ"

"ဆရာပြောတာမှန်ပါတယ် အခုတော့ ရွာမှာရှိတဲ့ မြွေဆရာလည်း မကုနိုင်လို့ လက်လျှော့ရမလိုဖြစ်နေတယ် လူအသက်တစ်ချောင်းဆိုတာ ကယ်တင်ကောင်းပါတယ် ဆရာရယ်၊ လိုက်ကြည့်နိုင်ရင် လိုက်ကြည့်ပေးစေချင်ပါတယ်"

"အင်းလေ. . ခင်ဗျားကအခုလို ခေါ်တော့လည်း လိုက်ကြည့်ပေးပါ့မယ်၊ ဒါပေမယ့် ဟိုလက်ရှိ ကုပေးနေတဲ့ ဆရာက သဘောတူပါ့မလား"

"သူ မကုနိုင်ရင်တော့ ကုပေးနိုင်တဲ့သူကို လွှဲပြောင်းပေးရမှာပေါ့၊ လိုက်သာလိုက်ခဲ့ပါဆရာရယ် ဟိုရောက်တော့ ကျွန်တော်ပြောပါ့မယ်"

သာလှက တာဝန်ယူပြီး ခေါ်လာသဖြင့် ဆရာကျော်ကလည်းနောက်မှ လိုက်လာလေသည်။

လူနာရှိသောတဲသို့ရောက်သောအခါ ဦးမိုးညိုက ဆရာကျော်ကို မြင်သောအခါ မျက်နှာတစ်ချက် ပျက်သွားလေသည်။ နောက်မှ. . .

"နောက်ဆရာတစ်ယောက် ပါလာပြီလားဟေ့၊ ဒီလိုဆိုရင်တော့ လူနာကို ပြန်အပ်ထားခဲ့မယ် ကြိုက်သလိုသာလုပ်ကြပေတော့ ငါ့တာဝန် မရှိတော့ဘူး"

ဟု ပြောဆိုပြီးနောက် ၎င်း၏ဆေးလွယ်အိတ်ကြီးကို လွယ်ကာ ပြန်ထွက်သွားတော့သည်။

ဆရာကျော်လည်း ထွေထွေထူးထူးဘာမှ မပြောတော့ပဲ သတိမေ့နေသော လူနာအခြေအနေကို ကြည့်သည်။

အသက်ပင်မရှူနိုင်တော့ပေ။

မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေပြီး နှာခေါင်းနှင့်







www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲမှ သွေးများစိမ့်ထွက်နေလေပြီ၊ မြွေထိထားသော ခြေထောက်တစ်ခုလုံးမှာလည်း ညိုမည်းနေပြီး ယောင်ကိုင်းနေသည်။ ဆရာကျော်ကတော့ ရင်ဘတ်ကိုစမ်းကြည့်သည်။

အသက်ရှိနေသေးကြောင်း သိသောအခါ ၎င်းလွယ်အိတ်ထဲမှာပါသော နတ်ဆေးသစ်ရွက်ကို ထုတ်ပြီးဒဏ်ရာပေါ်သို့ အုပ်ကပ်ကာ ဂါထာမန္တန်တို့ကို ရွတ်ဆိုနေသည်။

အတန်ကြာတော့ ဒဏ်ရာမှ အဆိပ်ရည်များ ပြန်စိမ့်ထွက်လာလေသည်။

အဆိပ်ရည်များ ထွက်တာများတော့ ခြေထောက်ယောင်နေခြင်းမှာ လျော့ကျသွားသည်။

အညိုရောင် အမည်းရောင်များ တဖြည်းဖြည်းပျောက်လာလေသည်။

ခဏကြာတော့ အသက်ပြန်ရှူပြီး ညည်းညူသံကြားလာရသည်။

အဆိပ်ကုန်တော့ သစ်ရွက်က ဖပ်ခနဲကွာကျသွားသည်။

ဆရာကျော်က သစ်ရွက်ကို ပြန်ကောက်ယူကာ အိတ်ထဲသို့ထည့်လိုက်သည်။

"ခင်ဗျားတို့လူနာ မကြာခင် သတိပြန်ရလာတော့မှာပါ ဘာမှ စိတ်ပူစရာမရှိတော့ပါဘူး"

ထိုအခါ လူနာနှင့်ပါလာသောလူက ရွှေဒင်္ဂါးသုံးပြားထုတ်ပေးပြန်လေသည်။

"အသက်ဖိုး ကန်တော့တာပါဆရာ"





"ကျုပ်က သစ္စာဆိုပြီး ဆေးကုပေးတဲ့သူဆိုတော့ လူနာဆီကဘာမှ ယူခွင့်မရှိပါဘူး၊ ဒီတော့ ခင်ဗျားတို့ပေးတဲ့ ရွှေဒင်္ဂါးတွေကို ဘုရားမှာသာ လှူပေးလိုက်ကြပါ"

ဟုပြောဆိုပြီးနောက် မှောင်စပျိုးနေသော ရွာအပြင်ဘက်သို့ ပြန်ထွက်သွားလေတော့သည်။

အားလုံးကတော့ တအံ့တဩဖြစ်ကာ ပါးစပ်အဟောင်းသားဖြင့် ကျန်ခဲ့ကြလေသည်။

ဆရာကျော်ကတော့ ဘာမှဂရုမစိုက်တော့ပဲ ရွာအပြင်ဘက်သို့ထွက်လာရာ တောစပ်တစ်နေရာသို့ ရောက်သောအခါ သူ့ကိုအန္တရာယ် ပေးမည့်သူများက ဓားလှံလက်နက်များကိုင်ကာ အဆင်သင့် စောင့်နေကြလေသည်။

စုစုပေါင်း ဆယ်ယောက်ခန့်ရှိသည်။

ခေါင်းဆောင်လုပ်သူကတော့ မြွေဆရာ ဦးမိုးညိုပင်ဖြစ်သည်။

"ဘယ်လိုလည်း ဆရာစုတ်၊ မင်းက ငါ့ပိုင်နက်ထဲဝင်ပြီး လူတွင်ကျယ်လုပ်ချင်တာကိုးကွ၊ အခုတော့ ဘာတတ်နိုင်သေးသလဲ၊ မင်းဆီက အစွမ်းထက်တဲ့ ဆေးရွက်ကိုယူပြီး နောက်ထပ်အနှောင့်အယှက် မပေးနိုင်အောင် လုပ်ရတော့မှာပဲ၊ မင်းဆီမှာပါလာတဲ့ ဆေးရွက်ကို ငါ့ကိုပေးပါ"

"ဒီလို မတရားနည်းနဲ့ ယူချင်လို့ကတော့ လွယ်လွယ်ကူကူနဲ့ရပါ့မလားဗျာ၊ ကျုပ်ကနေရာအနှံ့ကို တစ်ယောက်တည်း သွားနေတာ အဖော်မပါပဲနဲ့များ သွားနေတယ်လို့ ခင်ဗျားက



www.burmeseclassic.com

www.burmeseclassic.com



ထင်နေလို့လား”

ထိုသို့ပြန်မေးသောအခါ ဦးမိုးညိုမှာ အနည်းငယ်လန့်သွားလေသည်။

“ဘာမှ အပိုတွေပြောမနေနဲ့၊ မင်းတစ်ယောက်တည်း သွားလာနေတာ ငါတို့အားလုံးသိတယ်၊ ဆေးသစ်ရွက်ကိုပေးမှာ သာပေးစမ်း”

ဟု ထပ်တောင်းပြန်သည်။

“ခင်ဗျားက ကျုပ်ပြောတာကို မယုံပဲကိုး၊ ဒီလိုဆိုတော့လည်း ပြရသေးတာပေါ့”

ဟု ပြောပြီး လေချွန်သံသုံးကြိမ် ပေးလိုက်သည်။

“ရှိုး. . ရှိုး. . . ရှိုး. . .”

ထိုအသံက သာမန်လေချွန်သံထက်ပိုကျယ်ပြီး တောထဲအထိ ပြန့်နှံ့သွားလေတော့သည်။

“ရှိုး. . ရှိုး. . . ရှိုး. . .”

မရှေးမနှောင်းမှာပင် တောထဲမှ လေချွန်သံကဲ့သို့ အသံများ နေရာအနှံ့မှ ပေါ်ထွက်လာလေတော့သည်။

“ရှိုး. . ရှိုး. . . ရှိုး. . .”

ထိုအသံများနှင့် တစ်ဆက်တည်းလိုလိုမှာပင် ပတ်ဝန်းကျင်မှ တောတိုးလာသံများ ပေါ်ထွက်လာသည်။

တောတိုးလာသံများမှာ တစ်နေရာတည်းမှ မဟုတ်ပဲ နေရာအနှံ့မှ ကြားလာရခြင်းဖြစ်၏။

“ဝေါ . . ဝေါ . . . ဝေါ. . . ဝေါ”





“ဘာသံတွေလည်း ဆရာကြီး”

အထိတ်တလန့်ဖြင့် အသံကြားရာသို့ ကြည့်နေကြစဉ် တောထဲမှ မြွေအကောင်ပေါင်းများစွာ ထွက်လာကြသည်။

အကောင်သေးသေးများအပြင် ခြေသလုံး၊ ပေါင်လုံးလောက်အထိကြီးသော အကောင်များအထိ ပါလာသည်။

ရာပေါင်းများစွာသော မြွေများက သူတို့ရှိရာသို့ ဦးတည်သာနေကြသည်။

“ဆရာကြီး မြွေတွေအများကြီးပဲ လာနေကြပြီ လုပ်ပါဦး ကယ်ပါဦးဗျ”

ဓား၊ လှံ လက်နက်များကိုင်ထားသော လူမိုက်များမှာ အဆိပ်ပြင်းသော မြွေပေါင်းများစွာကို မြင်သောအခါ များစွာ ထိတ်လန့် ကြောက်ရွံ့နေကြလေပြီ။

မြွေများ တဖြည်းဖြည်းနီးလာသောအခါ ဦးမိုးညိုကိုယ်တိုင် ဟန်မဆောင်နိုင်တော့ပဲ. . ။

“ပြေးကြဟေ့ ပြေးကြပေတော့ ဒီလောက်များတဲ့မြွေတွေကိုတော့ ငါလည်းမနိုင်တော့ဘူး”

ဟု ပြောရင်းနှင့် ထွက်ပြေးလေတော့သည်။

“ဟား. . ဟား. . ဟား. . ဟား. .”

ကြောက်လန့်တကြားနှင့် ထွက်ပြေးကြသူများကိုကြည့်ပြီး နဂါးပျံဆရာကျော်က သဘောကျစွာ ရယ်မောနေလေသည်။

“နဂါးပျံဆရာကျော်ကို ဒီလိုမျိုး အံတုချင်လို့ကတော့

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရပ့်ါမလဲကွာ. . ဟား. . ဟား. . ဟား. . ဟား"

ကြောက်လန့်တကြားနှင့် ထွက်ပြေးကြသူများမှာ နေရာ အနှံ့မှာ မြွေများကရှိနေသောကြောင့် အဆိပ်ပြင်းသော မြွေများ၏ ပေါက်သတ်ခြင်း ခံကြရသည်။

ဦးမိုးညိုမှာ ကြောက်လန့်တကြားနှင့် ထွက်ပြေးလာရာ တစ်နေရာသို့ ရောက်သောအခါ. . သူ့ရှေ့မှာ နဂါးကဲ့သို့ အ မောက်ပါသော မြွေကြီးတစ်ကောင်က စောင့်နေသည်ကို တွေ့ရ သဖြင့် နောက်သို့ ပြန်လှည့်ပြေးလေသည်။

သူပြေးသောအခါ တစ်နေရာမှ ထွက်လာသော မြွေ ကြီး၏အမြီးပိုင်းက ထွက်လာပြီး ဆွဲပတ်ယူသွားလေတော့သည်။

"အမယ်လေး ကယ်ကြပါဦးဗျ"

သူအော်သော်လည်း သူ့ကို ဘယ်သူမှ အကူအညီ မ ပေးနိုင်ကြတော့ပေ။

ထို့နောက်မှာတော့ မြွေကြီးက တစ်ကိုယ်လုံးရစ်ပတ် ကာ ဦးခေါင်းအနီးသို့ ဆွဲယူသွားလေသည်။

ဦးမိုးညိုနောက်ဆုံးမြင်လိုက်ရသော မြွေကြီး၏မျက်နှာ မှာ အခြားမဟုတ်ပေ။

နဂါးပျံဆရာကျော်ဆိုသူ၏ မျက်နှာမျိုး ဖြစ်နေသည်ကို တွေ့လိုက်ရခြင်းပင် ဖြစ်ပေတော့သည်။





# အခန်း [၁၄]

# ဆေးဂဠုန်နှင့် နဂါးအမြုတေရရှိခြင်း

ကျိုးကန်းပါးစပ်ဂူသို့ ဒုတိယအခေါက် ရောက်ကြရခြင်း ပေသည်။

နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက် ရောက်သွား သောအချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။

ညနေပိုင်းအချိန်ပင် ရှိလင့်ကစား. . အလင်းရောင်က ခရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြောတစ်လျှောက်လုံး မြူနှင်းများက ဝေ့ဆိုင်း ပြနေချေပြီ၊ နှစ်ယောက်သား ဂူပေါက်ဝမှ ဝင်လာကြတော့ ဂူ အတွင်းပိုင်းမှာ ဘယ်သူမှမတွေ့ရပေ။

နီမောင်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာ ကျိုးကန်း ပါးစပ်ဂူ၌ အဓိဋ္ဌာန်ဝင်ရန်အတွက် ရောက်လာကြခြင်းဖြစ်သည်။

ပထမတစ်ကြိမ်က ဘုန်းကြီးတစ်ပါးနဲ့လမ်း၌ အမှတ် မထင်တွေ့ရာမှ ကျိုးကန်းပါးစပ်ဂူသို့ ရောက်ခဲ့ကြပြီး အဓိဋ္ဌာန် ဝင်ခဲ့ကြရခြင်းဖြစ်သည်။

ယခုတစ်ခေါက်တော့ အဓိဋ္ဌာန်ဝင်ရန်အတွက် တိုင်ပင် ပြီးတက်လာကြသောကြောင့် ၎င်းတို့နှင့်အတူ လွယ်အိတ်တစ် လုံးစီ ပါလာကြသည်။

ထိုလွယ်အိတ်ထဲမှာ ရေဘူး၊ အမွှေးတိုင်၊ ဖယောင်းတိုင် နှင့် စားသောက်စရာအချို့ပါ ယူဆောင်လာကြသည်။

ဒီတစ်ကြိမ်တော့ ဘယ်လိုအဓိဋ္ဌာန်ဝင်ရမည်ကို သိ ကြသောကြောင့် ထွေထွေထူးထူး စိုးရိမ်ကြောင့်ကျမှုမျိုး မရှိတော့ ပေ။

ဒီတစ်ကြိမ်မှာတော့ နီမောင်က ဦးဇန်ကောင်းပြော ဖြင့် ပရိတ်စာအုပ်ထဲမှ၊ ခန္ဓသုတ်၊ ပရိတ်တော်ကို ရွတ်ဆိုရန်အ တွက် စာရွက်တစ်ရွက်နှင့်ပင် ကူးယူလာသည်။

သူသည် ပရိတ်ကြီး(၁၁)သုတ်ထဲမှ ပရိတ်အတော်များ ကိုရသော်လည်း အမှားအယွင်းမရွတ်ဆိုလိုသောကြောင့် ထို သို့ စာရွက်ဖြင့် ကူးယူလာခြင်းဖြစ်သည်။





ဂူထဲရောက်သောအခါ ခါတိုင်းကဲ့သို့ပင် လူချင်းခွဲပြီး တစ်ယောက်တစ်နေရာစီ နေရာယူကြသည်။

နီမောင်က ရုပ်ပွားတော်ရှိသောနေရာနှင့် မနီးမဝေး သလကွယ်သောနေရာတွင် နေရာယူကာ ပုတီးစိပ်ရန်ပြင်သည်။

ဦးစွာ အဝတ်ကြမ်းတစ်ထည်ကို အောက်မှခင်းသည်။ ထိုနေရာမှာထိုင်ပြီး အသင့်ပါလာသော ဖယောင်းတိုင် အမွှေး တိုင်တို့ကို မီးထွန်းသည်။

ဖယောင်းတိုင် အမွှေးတိုင်တို့ကိုသင့်တော်သော နေရာ မှာ ထွန်းပြီး ပုတီးစိပ်ရန်ပြင်သည်။

ဦးစွာ နတ်များနှင့် မြင်အပ်သောပုဂ္ဂိုလ်၊ မမြင်အပ် သောပုဂ္ဂိုလ် သတ္တဝါတို့အား တရားနာယူရန် ပင့်ဖိတ်သည်။

ပြီးမှ ဘုရားရှိခိုးပြီး ငါးပါးသီလ ခံယူသည်။

ထို့နောက် ပဋ္ဌာန်းတရားတော်နှင့် မေတ္တာသုတ်ကို ရွတ် ဆိုပူဇော်သည်။

အားလုံးပြီးတော့မှ ခန္ဓသုတ်ကို သီးခြားရွတ်သည်။ ပါဠိ နောက်နှင့် အဓိပ္ပာယ်တို့ကိုပါ တစ်ပါတည်း ရွတ်ဆိုပူဇော်လေ သည်။

(ပါဠိစာသားများကို မရေးတော့ပဲ အဓိပ္ပာယ်ကိုသာရေး သားဖော်ပြပါမည်)

"အို. . ဓမ္မမိတ်ဆွေအပေါင်းတို့ နတ်မန္တန်၊ နတ်ဆေး အလွန်ထက်မြက် လျင်မြန်သောအဆိပ်ရှိသည့် အမျိုးမျိုး သောမြွေတို့၏ ကြမ်းတမ်းစွာသော အဆိပ်ဟူသမျှကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အဆိပ်မှကြွင်းသော ဘေးရန်အမျိုးမျိုးတို့ကိုသော်လည်းကောင်း၊ အဆိပ်ကွယ်ပျောက်၊ အေးချမ်းခြင်းသို့ ရောက်သကဲ့သို့ ပမာနှိုင်းယှဉ်ထိုအတူသာလျှင် ခန္ဓပရိတ်သည် အလုံးစုံသော အာဏာခေတ်၌ ဘယ်အရပ် ဘယ်ဒေသ ဘယ်အချိန်အခါ ဘယ်ပုဂ္ဂိုလ်မျိုးမဆို၊ သတ္တဝါမှန်သမျှတို့၏ အလုံးစုံသော အဆိပ်၊ အလုံးစုံသော အန္တရာယ် အကြွင်းအကျန်မှန်သမျှတို့ကို ပယ်ရှားတားမြစ်စေနိုင်၏။"

တပည့်တော်သည် ဤခန္ဓသုတ် ပရိတ်တော်အား ရွတ်ဆိုပူဇော်ပါမည်။

ဝိရူပက္ခနဂါးမျိုးတို့သည် ငါ၏မေတ္တာကိုရရှိကြ၍..ငါ့အား မေတ္တာသက်ဝင် ချစ်ခင်ခြင်းတို့ ဖြစ်ပါစေ။

ဧရာပထနဂါးမျိုးတို့သည် ငါ၏မေတ္တာကိုရရှိကြ၍..ငါ့အားမေတ္တာသက်ဝင် ချစ်ခင်ခြင်းတို့ ဖြစ်ကြပါစေ။

ဆဗျာပုတ္တနဂါးမျိုးတို့သည် ငါ၏မေတ္တာကို ရရှိကြ၍ ငါ့အား မေတ္တာသက်ဝင် ချစ်ခင်ခြင်းတို့ ဖြစ်ကြပါစေ။

ကဏှာဂေါတမ နဂါးမျိုးတို့သည်ငါ၏ မေတ္တာကိုရရှိကြ၍..ငါ့အား မေတ္တာသက်ဝင် ချစ်ခြင်းတို့ ဖြစ်ကြပါစေ။

ခြေထောက်မပါ သတ္တဝါများသည်ငါ၏မေတ္တာကိုရရှိ၍ ငါနှင့်မိတ်ဆွေဖြစ်ကြပါစေ။

ခြေလေးချောင်းပါ သတ္တဝါများသည် ငါ၏မေတ္တာကို ရရှိ၍..ငါနှင့် မိတ်ဆွေဖြစ်ကြပါစေ။

ခြေများစွာပါ သတ္တဝါများတို့သည် ငါ၏မေတ္တာကိုရရှိကြ၍..ငါနှင့် မိတ်ဆွေဖြစ်ကြပါစေ။





ခြေထောက်မပါ သတ္တဝါများတို့သည် ငါ့ကိုညှင်းဆဲ မနှိပ်စက်ကြပါစေနှင့်၊

ခြေနှစ်ချောင်းပါ သတ္တဝါများတို့သည်လည်း ငါ့ကို ညှင်းဆဲ မနှိပ်စက်ကြပါစေနှင့်၊

ခြေထောက်များစွာပါ သတ္တဝါများတို့သည်လည်း ငါ့ကို ညှင်းဆဲ မနှိပ်စက်ကြပါစေနှင့်၊

အလုံးစုံသော သတ္တဝါမှန်သမျှတို့သည် ကောင်းမြတ်သောအမြင်အာရုံ၊ အကြားအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အထိအတွေ့အာရုံ၊ တရားအာရုံတို့ကို တွေ့ကြုံကြပါစေ။

မည်သူတစ်ဦးတစ်ယောက်မှ ဆင်းရဲဒုက္ခမရောက်ကြပါစေနှင့်။

မြတ်စွာဘုရားသည် တုနှိုင်းမရသော ဂုဏ်ရှိပါပေ၏။

လောကုတ္တရာကိုးပါးဟူသော ဓမ္မသည်..တုနှိုင်းမရသော ဂုဏ်တော်ရှိပါလေ၏။

အရိယာသံဃာတော်သည် ဒက္ခိနေယျ၊ ဂုဏ်တော်အရတုနှိုင်းမရသော ဂုဏ်တော်ရှိပါစေ၏။

မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ အိမ်မြှောင်၊ ကြွက် အစရှိကြသော ရင်ဖြင့်တွားသွားတတ်သော သတ္တဝါများတို့သည် ကိလေသာများ၍ တိုင်းတာကန့်သတ်နိုင်း၍ မရသော အာဏာရှိသူတို့ ဖြစ်ကြပေသည်။

ငါသည် ကာကွယ်စောင့်ရှောက်မှုကို ပြုလိုက်ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါသည်ခန္ဓသုတ် ပရိတ်တော်ဖြင့် အဟာန့်အတား၊ အကာအကွယ် အစောင့်အရှောက်ကို ပြုခဲ့ပြီး၊ အန္တရာယ်ပေးတတ်သော သတ္တဝါများတို့သည် အဝေးမှ ရှောင်ကွင်းကြပါကုန်လော့။

ငါသည် နိဗ္ဗာန်၌ ပျော်စံဝင်ပြီးသော ရှေးရှေးဘုရားရှင်အပေါင်းတို့အား ရှိခိုးပါ၏။

ဝိပဿီဘုရားရှင်စသော ခုနစ်ဆူသောဘုရားရှင်တို့အား ရှိခိုးရခြင်းကြောင့် ခန္ဓသုတ်ပရိတ်တော်သည် ငါ့အားစောင့်ရှောက်ပါစေသတည်း။

(ခန္ဓသုတ် ပရိတ်တော်နှင့် ဤမြန်မာပြည်ကို နေ့စဉ်ရွတ်ပွားပူဇော်ပါက မြွေအစရှိသည့် သတ္တဝါတို့၏ ဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်ပါကြောင်း)

နီမောင်က ထိုကဲ့သို့ ရွတ်ဆိုပူဇော်ပြီးနောက် ခန္ဓသုတ်ပရိတ်တော်ထဲမှ ဂါထာတစ်ပိုဒ်ကို ရွတ်ဆိုလျက် ပုတီးစိပ်ပူဇော်လေသည်။

၎င်းရွတ်ဆိုသော ဂါထာမှာ. . .

"ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ၊
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။"

ဟူသော ဂါထာဖြစ်သည်။

ယခုတစ်ကြိမ်မှာ အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ခြင်းဖြစ်သောကြောင့် ယခင်တစ်ခေါက်ကထက်ပိုပြီး အနှောင့်အယှက်အဖြ





အဆီးများ တွေ့ရသည်။

ညဥ့်နက်ပိုင်းရောက်သောအခါ မွှေးရနံ့များ ရလာပြီးနောက်ဘက်မှ ခြေသံများကြားရသည်။

"မမ သူဘယ်လောက်စိတ်ခိုင်သလဲဆိုတာ နည်းနည်းလောက် ဝင်ကြည့်ရအောင်"

"ဟုတ်တယ် သူက စိတ်ခိုင်ပုံရတယ် တခြားအနှောင့်အယှက်တွေတော့ မှုပုံမရဘူး၊ အတွေ့အထိကို သူဘယ်လောက်ခံနိုင်မလဲလို့ စမ်းကြည့်လိုက်မယ်"

"နင်တို့ကလည်း ဂူထဲကိုရောက်လာတဲ့လူဆိုရင် နှောင့်ယှက်ပေးဖို့ပဲ ကြံစည်နေကြတာပဲ"

"ကျွန်မတို့က အန္တရာယ်ဖြစ်အောင် အနှောင့်အယှက်ပေးတာမှ မဟုတ်တာ ပျော်လို့ပါ"

"ပျော်ချင်တယ်ဆိုပေမယ့် အဓိဋ္ဌာန်ဝင်တဲ့သူ အနှောင့်အယှက်ဖြစ်သွားရင် ငရဲကျလိမ့်မယ်၊ သူကငါတို့ကို မေတ္တာပို့အားမှုပဲ အကူအညီလိုရင်တောင် ပေးရဦးမယ်"

ဟု ပြောဆိုနေသံများကြားရသော်လည်း နီမောင်ကတော့ အာရုံပျက်မခံပဲ ပုတီးကိုသာ ဆက်စိပ်နေလေသည်။

အတန်ကြာတော့ အသံများပျောက်သွားသည်။

မွှေးရနံ့များလည်း မရတော့ပေ။

တဖြည်းဖြည်းနှင့် အချိန်ကလည်း ညဥ့်နက်ပိုင်းသို့ရောက်လာချေပြီ။

အအေးဓာတ်ကလည်း တဖြည်းဖြည်းနှင့် ပိုများလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နီမောင်ထွန်းထားသော ဖယောင်းတိုင်မီးများလည်း မှုန်တော့သဖြင့် ဂူထဲမှာ မှောင်နေလေပြီ။

အမိဋ္ဌာန်နားသောအချိန်မှာ ရေနှင့်အစားအစာ အနည်းငယ်ကို စားပြီးနောက် ပုတီးဆက်စိပ်သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ မိမိနောက်ဘက်မှ လျှောက်လာသော ခြေသံကြားရသည်။

စောစောကလာသော မိန်းကလေးတွေများ ဖြစ်မလား ဟု စိတ်ထဲမှ ထင်လိုက်မိသော်လည်း မဟုတ်ပေ။

"ငါ ရောက်လာပြီဒကာ"

ဟူသောအသံကြားတော့မှ တအံ့တဩနှင့် မျက်စိဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ သူ့ရှေ့မှာရပ်နေသော ဘုန်းကြီးကို တွေ့ရသည်။

နီမောင်က ကန်တော့လိုက်သည်။

ထိုအချိန်မှာ ဦးဇန်ကောင်းကလည်း အနီးသို့ရောက်လာသည်။

"ငါတို့ဂူထဲဝင်ကြမယ် နှစ်ယောက်စလုံး ငါ့နောက်က လိုက်ခဲ့ကြပါ"

ဟုပြောပြီး ရှေ့မှလျှောက်သွားရာ . နီမောင်တို့နှစ်ယောက်လည်း နောက်မှ လိုက်သွားကြလေသည်။

ကျိုးကန်းပါးစပ် ဂူအတွင်းပိုင်းသို့ ဝင်သွားကြသောအခါ





ထူးဆန်းမှုများကို စတင်တွေ့ရသည်။

ဂူထဲမှာ မှောင်မနေပဲ အလင်းရောင်အချို့ရှိနေသည်။ ဘယ်နေရာမှ ဝင်လာသော အလင်းရောင်မှန်းမသိရသော်လည်း အတော်ကတော့ လင်းသည်။

ဂူအတွင်းပိုင်းမှ အခြေအနေများကို ကောင်းစွာမြင်ရသည်။ အတွင်းပိုင်း ရောက်လေလေ ဂူက ပိုမိုကျယ်ဝန်းလာလေလေဖြစ်သည်။

ထုံးကျောက်ဂူအမျိုးအစားဖြစ်ပြီး ဂူအမိုးမှာ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်နေသော သဘာဝအစိုင်အခဲတို့ကို တွေ့မြင်ရသည်။

အတွင်းပိုင်းရောက်တော့ ရှေ့မှသွားနေသော ဘုန်းကြီးက လေသံတိုးတိုးဖြင့် သတိပေးစကားပြောသည်၊

"ရှေ့မှာ သူတော်စင်တွေ၊ ဝိဇ္ဇာတွေ အမိဋ္ဌာန်ဝင်နေကြတယ်၊ အသံလုံးဝမထွက်စေနဲ့၊ စကားမပြောကြနဲ့"

ဟုသတိပေးပြီး ဆက်ဝင်သွားလေသည်။

အတွင်းပိုင်းရောက်တော့၊ ကျောက်ခုတင်များ၊ ကျောက်ပလ္လင်များပေါ်မှာထိုင်ပြီး အမိဋ္ဌာန်ဝင်နေကြသည့်၊ ပုတီးစိပ်နေကြသည့် သူတော်စင်ပုဂ္ဂိုလ်တို့ကို တွေ့လာရသည်။

သူတို့ဖြတ်လျှောက်သွားသည့် အချိန်မှာလည်း သူတို့အလုပ်ကို သူတို့လုပ်နေကြသဖြင့် မည်သူကမှ မော့မကြည့်ကြပေ။

နေရာအနှံ့တွင် အမိဋ္ဌာန်ဝင်နေသည်မှာ အတော်ပင်



www.burmeseclassic.com

www.burmeseclassic.com



များလေသည်။

နီမောင်စိတ်ထဲမှာတော့. . .

"အင်း ငါတို့မှာသာ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေကြတာနဲ့ ဒီလိုအလုပ်မျိုးတွေ မလုပ်နိုင်ကြတာ၊ ငါတို့မသိ မမြင်နိုင်တဲ့ နေရာတွေမှာ သံသရာကနေ လွတ်မြောက်ဖို့ ကြိုးစားအားထုတ် နေကြတဲ့သူတွေ အများကြီးရှိနေကြတာပါပဲလား"

ဟု တွေးလိုက်မိသည်၊

ထို့ပြင် ယခင်ကတစ်ကြိမ်တစ်ခါမှ ဒီလိုအလုပ်မျိုး မလုပ် ဖြစ်ခဲ့ပဲ ယခုအခါ အကြောင်းတစ်ခုပေါ်လာသဖြင့် တစ်ကြိမ် တစ်ခါလောက်သာ ပုတီးစိပ်၊ အမိဋ္ဌာန်ဝင်ခြင်းအလုပ်ကို လုပ်ခဲ့ မိသည်ကိုလည်း စိတ်ထဲမှ ကျေနပ်နေမိလေသည်။

ထိုနေရာမှ လွန်သောအခါ ဂူပေါက်ဝနှစ်ခုကို တွေ့ကြ ရသည်။

တောင်ဘက်သွားသောအပေါက်နှင့် မြောက်ဘက်သွား သောအပေါက်တို့ ဖြစ်ကြသည်။

"ဒီဘက်အပေါက်အတိုင်းသွားရင်. . ပင်လယ်အထိ ရောက်နိုင်ပြီး နဂါးတွေနေတဲ့နေရာရှိတယ်"

ဘုန်းကြီးက ရှေ့မှလျှောက်သွားနေရင်းမှ လက်ဝဲဘက် မှာရှိသော တောင်ဘက်သို့ သွားသောလမ်းကို လက်ညှိုးထိုးပြ လေသည်။

နဂါးတွေနေသော နေရာဖြစ်သည်ဟု ကြားသဖြင့် 'နဂါး ပျံဆရာကျော်တို့နေရာများ ဖြစ်လေမလား' ဟု တွေးလိုက်မိသေ





သည်။

ထို့နောက်မှာတော့ ဘုန်းကြီးက မြောက်ဘက်သို့သွား သော လယ်ယာဘက်အပေါက်သို့ ခေါ်သွားလေသည်။

ထိုဂူထဲရောက်တော့ ရပ်ပြီးပြောသည်။

"ဒီနေရာက သာမန်လူတွေ မရောက်နိုင်တဲ့နေရာမျိုး ပဲ၊ ဂူထဲရောက်တဲ့အခါ အာရုံများကြစေနဲ့၊ ကိုယ်နဲ့ မသင့်တာ ဆိုရင် စိတ်နဲ့တောင်မှ မပစ်များမိကြစေနဲ့"

"ကောင်းလှပါပြီ ဘုရား"

"ဒကာကြီးတို့ ခဏသုံးစွဲခွင့်ရမယ့် ပစ္စည်းရှိတဲ့နေရာကို ကျုပ်ကခေါ်သွားပေးမယ်၊ ဒီပစ္စည်းတွေကို သုံးစွဲခွင့်ရဖို့ သက် ဆိုင်ရာ ပုဂ္ဂိုလ်တွေဆီမှာ ကျုပ်ခွင့်တောင်းထားပြီးပါပြီ"

"ကျေးဇူးကြီးလှပါတယ် ဘုရား"

"ဒီဂူထဲကို နောက်တစ်ကြိမ် ဝင်ရောက်ဖို့အခွင့်အရေး ရချင်မှ ရတော့မှာမို့၊ အခုလို ရောက်တဲ့အခိုက်မှာ သေသေချာ ချာကြည့်ပြီး မှတ်သားသင့်တာတွေကို မှတ်သားကြပေါ့"

ဟုပြောဆိုကာ ရှေ့သို့ဆက်ခေါ်သွားရာ အလင်းရောင် များကောင်းစွာရနေသော အခန်းကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားကြလေတော့သည်။

လေးထောင့်သဏ္ဍာန်ဖြစ်နေသော အခန်းကျယ်ကြီးထဲ မှာနေ့အချိန်ကဲ့သို့ လင်းနေခြင်းမှာ အခြားကြောင့်တော့ မဟုတ် ပေ၊ ကျောက်ဂူနံရံများမှာ သာမန်ကျောက်သားမဟုတ်ပဲ. . သလင်းကျောက်သားများဖြစ်သဖြင့် ထိုနေရာများမှအလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်များ ရနေခြင်းဖြစ်၏။

"ကိုင်း. . ဒီဂူထဲမှာ ထူးခြားတာတွေ အများကြီးရှိတာဆို တော့ မှတ်စရာရှိတာ မှတ်ကြပေတော့"

ဟု ခွင့်ပေးသဖြင့် နီမောင်နှင့် ဦးဇန်ကောင်းတို့မှာ လိုက်လံကြည့်ရှုကြလေသည်။

၎င်းတို့တွေ့မြင်ခဲ့ရသော အရာများကို မှတ်တမ်းအနေဖြင့် စာဖြင့်သာ ရေးသားဖော်ပြပါမည်။

ကျောက်ဂူကြီးမှာ နံရံများမှာရော အမိုးမှာပါ သလင်းကျောက်များဖြစ်သောကြောင့် ထိုနေရာမှ အလင်းရောင်များ ထွက်နေသည်။

အတွင်းဘက်မှ အလင်းရောင်များ ထွက်နေသောကြောင့် ဖန်မျက်နှာပြင်အောက်၌ ရှိသောအရာများကိုလည်း ကောင်းစွာမြင်နိုင်သည်။

ဂူကြီး၏ အမိုးမျက်နှာပြင်တစ်ခုလုံး အင်းစမချပ်များ ဖြင့်ပြည့်နေသည်။

ထိုအင်းချပ်များမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များတို့၏ သိဒ္ဓိပေါက် အင်းချပ်များဖြစ်သည်။

နံရံများမှာလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

အနီးကပ်ကြည့်ရှုခွင့်ရသော်လည်း သလင်းကျောက်သား၏ အတွင်းဘက်မှာရှိနေသောကြောင့် လက်ဖြင့်ထိကိုင်၍ တော့မရပေ။ အောက်ဘက်မှာတော့ ကျောက်သေတ္တာများ အစီအရီရှိကြလေသည်။





"ဒီကျောက်သေတ္တာတွေထဲမှာ သိဒ္ဓိပေါက်ပုဂ္ဂိုလ်တွေ ဖော်စပ်ထားတဲ့ ဆေးတွေရှိတယ်၊ ဂူမျက်နှာကြက်မှာရှိတဲ့ အင်းတွေက အင်းဝိဇ္ဇာတွေ လှူထားတဲ့ဆေးတွေပဲ"

ဟု ဘုန်းကြီးက ပြောပြသည်။

ထိုနေရာမှ အခြားတစ်နေရာရောက်တော့ ဂမုန်းမျိုးစုံတို့ကို တစ်နေရာတည်းမှာ တွေ့ကြရသည်။

"ဂမုန်းပင်ဆိုတာ သိဒ္ဓိရှိတယ်၊ ဒါကြောင့် လွယ်လွယ်နဲ့ ရှာမတွေ့နိုင်ကြဘူး၊ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေက ခွင့်ပေးမှ ရနိုင်တယ်၊ ဟိုတလောက နတ်စမ်းတွင်းနားကရတဲ့ ဆေးပင်၊ ဂမုန်းပင်တွေက သူတို့ပေးလို့ရခဲ့တာ"

ဟု ပြောပြလေသည်။ ဂမုန်းပင် အမျိုးအစားများနှင့် အရေအတွက်က သင်္ချာတဘာသာဖြင့် ရေးမှတ်ထားရာ. . . ဦးဇန်ကောင်းက ရေးမှတ်ယူလေသည်။

ထိုအရေအတွက်တို့မှာ. . .

| | |
|---|---|
| ဥမှဖြစ်သော ဂမုန်းအရေအတွက် | ၁၂၀ |
| အပင့်ထောင်ဂမုန်းမျိုးပေါင်း | ၁၆၀ |
| အနွယ်ဂမုန်းမျိုးပေါင်း | ၁၅၀ |
| စုစုပေါင်း | ၄၃၀ မျိုးရှိသည်။ |

ထို့ပြင်. . .

| | |
|---|---|
| ဥဆေးပင်မျိုးပေါင်း | ၁၇၀ |
| ပင်ထောင်ဆေးပင်မျိုးပေါင်း | ၁၉၀ |
| အနွယ်ဆေးပင်မျိုးပေါင်း | ၁၈၅ |



www.burmeseclassic.com

www.burmeseclassic.com



အခေါက်ဆေးပင်မျိုးပေါင်း ၉၀
အသီးဆေးပင်မျိုးပေါင်း ၂၁၀
အရွက်ဆေးပင်မျိုးပေါင်း ၁၆၀
အပွင့်ဆေးပင်မျိုးပေါင်း ၁၈၀
စုစုပေါင်း ၁၁၈၅ မျိုးရှိသည်။

ထိုဂမုန်းဆေးပင်တို့ကိုလည်း သူ့နေရာနှင့်သူ ကျောက်သေတ္တာများဖြင့် ထည့်ထားလေသည်။

ထိုဆေးပင်၊ ဂမုန်းပင်များအားလုံးတို့မှာ သိဒ္ဓိလမ်း ကြွမြန်းသွားခဲ့ပြီးသော ပုဂ္ဂိုလ်အသီးသီးတို့မှာ စုဆောင်းလှူဒါန်းထားခြင်းဖြစ်သည်။

“နောင်တစ်ချိန်ကျရင် တောင်တွေတောတွေ ပျက်သုဉ်းကုန်ကြလိမ့်မယ်၊ တောတောင်မရှိတဲ့ လွင်တီးခေါင်မှာပဲ နေကြရလိမ့်မယ်၊ တောတောင်တွေ မရှိတော့ရင် ဒီဆေးပင်ဂမုန်းပင်တွေလည်း တွေ့ရဖို့ မလွယ်တော့ဘူး၊ ဒါကြောင့် . . ရှေ့ရေးကိုမြင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေက ကြိုတင်ပြီး သိမ်းဆည်းထားခဲ့တာပဲ”.

ထိုစကားကြားသောအခါ အမြော်အမြင်ကြီးလှသော သိဒ္ဓိပေါက် ပုဂ္ဂိုလ်အပေါင်းတို့၏ စေတနာမေတ္တာကို ကြည်ညိုလေးစားမိကြလေသည်။

ဆေးပင်၊ ဂမုန်းပင်များနှင့်တကွ ဆေးညွှန်းများလည်း တစ်ပါတည်း ရေးမှတ်ထားသည်၊

ထိုနေရာမှ အတွင်းဘက်တော့ နီမောင်တစ်သက်တာ





မှ တွေ့မြင်ရန် မလွယ်လှသောမြင်ကွင်းများကို တွေ့မြင်ရပြန်လေသည်။ အတွင်းပိုင်းမှာတော့ ကျောက်ပြားချပ်ကြီးများ အစီအရီထောင်ထားလေသည်။

လူတစ်ရပ်ခန့်မြင့်ပြီး အရွယ်အစားကလည်း မတိမ်းမယိမ်းရှိကြလေသည်။

ကျောက်ပြားချပ်များမှာ ရာပေါင်းများစွာရှိကြသည်။ (မန္တလေးတောင်ခြေမှ ကျောက်စာတိုက်၊ လယ်တီကျောက်စာတိုက်မှ ကျောက်ပြားချပ်ကြီးများ အစီအရီထောင်ထားခြင်းမျိုးပင်ဖြစ်လေသည်။)

အချို့ကျောက်ပြားချပ်ကြီးများကတော့ အရွယ်အစားကလည်းကြီး ဆယ်တောင်၊ ဆယ့်ငါးတောင်လောက်အထိအမြင့်ရှိကြသည်။ လူတစ်ရပ်သာသာလောက်ရှိသော ကျောက်ပြားချပ်များက ထောင်ချီပြီးရှိကာ (၁၅)တောင်ခန့်မြင့်သော ကျောက်ပြားချပ်ကြီးများကတော့ ဘယ်ရွေ့ဘယ်မျှရှိနေသည် မသိရပေ. . ၊ မျက်စိတဆုံးကြည့်သော်မှ မဆုံးနိုင်တော့ပေ။

လူတစ်ရပ်ခန့်မြင့်သော ကျောက်ပြားချပ်များပေါ်မှာ ပိဋကတ်သုံးပုံကို ဆေးဒန်း မြင်းသီလာဖြင့် ရေးသားထားခြင်းဖြစ်သည်။

ပိဋကတ်သုံးပုံကို အစအဆုံးရေးသားသော ကျောက်ပြားချပ်တို့ ဖြစ်ကြသည်။

(၁၅)တောင်ခန့်မြင့်သော ကျောက်ပြားချပ်ကြီးများမှာတော့ လူမျိုးပေါင်းစုံတို့ အသုံးပြုခဲ့ကြသော အင်းများ၊ ဆေးကျမ်း



www.burmeseclassic.com

www.burmeseclassic.com



များ၊ နက္ခတ်၊ ဗေဒင်ကျမ်းများ ရေးထားသည်။

ဦးဇန်ကောင်းစိတ်ထဲမှာတော့ နက္ခတ်ဗေဒင်ကျမ်းစာများကိုကြည့်ရင်း 'ပျောက်ကွယ်နေသော ဗေဒင်ပညာရပ်' များ ထိုနေရာ၌ ရှိနေလိမ့်မည်ဟု တွေးမိလေသည်။

"ဒီလောက်များတဲ့ မှတ်တမ်းတွေကို. . ဘယ်အချိန်လောက်ကများ ပြုလုပ်ထားခဲ့တာပါပဲ ဘုရား"

ထိုအခါ ဘုန်းကြီးက တစ်နေရာ၌ သီးခြားထောင်ထားသော ကျောက်ပြားချပ်ကြီးကို ညွှန်ပြသောကြောင့် ထိုနေရာသို့ သွားကြည့်ကြသည်၊

ထိုကျောက်ပြားချပ်ကြီးပေါ်တွင် သက္ကတဘာသာ၊ မြန်မာဘာသာ၊ တရုတ်ဘာသာ၊ ကုလား (အိန္ဒိယ) ဘာသာတို့ဖြင့် ရေးထားသော မှတ်တမ်းရှိပေသည်။

"ဗေဒတုံ၊ ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ အဋ္ဌကထာ ဋီကာကျမ်းများ၊ ဆေးကျမ်း၊ အင်းကျမ်းများ၊ မန္တန်ကျမ်းများ နက္ခတ်ဗေဒင်ကျမ်းတို့ကို ကုလား၊ တရုတ်၊ မြန်မာ၊ သက္ကတဘာသာအားဖြင့် ကျောက်တော်များအပြင်ဝယ် ဆေးဒန်းမြင်းဆီလာတို့ဖြင့် ရေးသားပြီးစီးအောင်မြင်သော်. . . သာသနာတော်နှစ်ကား(၆၃၀-ခြောက်ရာသုံးဆယ်တည်း) ရေးသားကြသော ပုဂ္ဂိုလ်ပေါင်း(၃၆၀-သုံးရာ့ခြောက်ဆယ်တည်း)၊ ရှာဖွေစုဆောင်း ဆည်းပူးကြသော ပုဂ္ဂိုလ်ပေါင်းက (၉၀၀-ကိုးရာတည်း)ဟူ၍ တွေ့ရလေသည်။

(ယခုကာလမှာ သာသနာသက္ကရာဇ် (၂၅၅၆) ခုနှစ်သို့ရောက်





ပေရာ နှစ်ပေါင်းအဘယ်မျှ ကြာပြီကို တွက်ကြည့်နိုင်ကြပေ

ထို့နောက်မှာတော့ နီမောင်နှင့်ဦးဇန်ကောင်းတို့ကို တစ် နေရာသို့ခေါ်သွားပြီးပြရာ ကျောက်သေတ္တာငယ်တစ်လုံးကို ရသည်။

"ဒီကျောက်သေတ္တာထဲမှာ နဂါးအမြုတေကျောက်ရှိ ယ်"

"ဘာ. . သစ္စာအဓိဋ္ဌာန်ပြုရမှာပါပဲ ဘုရား"

"ဒီအမြုတေကျောက်ဖြင့် အခြားသူများကို မတရား စေက်ပဲ အသုံးပြုပြီးပါက သစ္စာဓိဋ္ဌာန်ပြုပြီး ပြန်ပို့ပေးပါ့မယ် ဆိုတဲ့သစ္စာပြုပြီးယူပါ"

ဟုပြောသဖြင့် နီမောင်က ပြောသည့်အတိုင်း သစ္စာဓိ ပြုပြီး ကျောက်သေတ္တာကို ဖွင့်လိုက်သည်။

အတွင်းမှာတော့ ကြက်ဥအရွယ်အစားလောက်ရှိပြီး လင်ကျောက်ကဲ့သို့ ဖြူဖွေးနေသည့် ကျောက်တစ်လုံးကို တွေ့ သဖြင့် ကောက်ယူလိုက်သည်။

"ဒီ နဂါးအမြုတေကျောက်က အဆိပ်ရှိသော သတ္တဝါ ခြင်းကြောင့် ရရှိတဲ့ အနာရောဂါမှန်သမျှ သက်သာ ကင်းစေနိုင်တယ်"

ဟု ပြောပြီး နောက်တစ်နေရာသို့ ခေါ်သွားပြန်သည်။

ထိုနေရာမှာလည်း သီးခြားထားသော ကျောက်သေ ငယ်တစ်လုံးကို တွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောက်သေတ္တာထဲမှာ ဆေးဂဠုန်ရုပ်ရှိတယ်၊ အေး အစရှိတဲ့ အဆိပ်ရှိတဲ့ သတ္တဝါအားလုံးကို နိုင်စေတယ်၊ ဒီနေ ကိုတော့ အတူတကွ ထားလို့မရဘူး၊ ဒါကြောင့် နောက်သ ယောက်က စောစောကလိုပဲ သစ္စာခိဋ္ဌာန်ပြုပြီးယူပါ"

ဟု ပြောသဖြင့် ဒီတစ်ကြိမ်တော့ ဆေးဂဠုန်ရုပ်ကို ဗန်ကောင်းက ယူလိုက်လေသည်။

ဆေးဂဠုန်ရုပ်မှာ ဓာတ်သားဖြင့် သွန်းလုပ်ထားပြီး ဘူ သီးလုံး အရွယ်ခန့်ရှိသည်။

လက်ထဲရောက်လာသောအခါ အသက်ဝင်နေသ ထင်ရလေသည်။ ထုလုပ်ထားပုံမှာလည်း လက်ရာမြော သောကြောင့် သံလျက်ကိုင်ကာ ပျံသန်းနေသည့်ဟန်မှာ အ ပါလှသည်။

"ဒီပစ္စည်းတွေဟာ သိဒ္ဓိပေါက်တဲ့ပုဂ္ဂိုလ်တွေ စီရင် ပစ္စည်း၊ ပိုင်ဆိုင်ခဲ့ကြတဲ့ သိဒ္ဓိမြောက်ပစ္စည်းတွေဖြစ်လို့ ကိုယ် အတွက် မသုံးနဲ့၊ အခြားသူတွေကို မတရားမလုပ်မိစေနဲ့၊ ကို သက်ဆိုင်ရာ ကိစ္စတွေမှာ အသုံးပြုပြီးတာနဲ့ သူ့နေရာသ ရောက်သွားကြလိမ့်မယ်၊ မင်းတို့နှစ်ယောက်က ဖြူစင်သ တော်ကောင်းတွေက ကြည့်ရှုစောင်မပေးတာပဲ၊ ဘုရား အ သံဃာကို ဘယ်တော့မှ မမေ့ကြနဲ့"

"ကောင်းလှပါပြီ ဘုရား"

"လူသည် တစ်ဘဝစာအသုံးပြုခွင့်ရသော ဤရုပ် ကို အသုံးပြုပြီး ကောင်းမှုကုသိုလ်ရအောင် ကြိုးစားကြ





သင့်သည်၊ တစ်ဘဝစာအသုံးပြုခွင့်ရသော ဤရုပ်ခန္ဓာအား အကြောင်းပြုပြီး အပါယ်သွားရာဖြစ်သော မကောင်းမှုဒုစရိုက် တို့ကို မပြုလုပ်သင့်ပေ၊ စိတ်ထားဖြူစင်မှုဖြင့် ရတနာသုံးပါးကို ကြည်ညိုလေးစားသူအား သူတော်ကောင်းတို့က အမြဲတစေ စောင့်ရှောက်ပေးတတ်တယ်ဆိုတာ . . သေတပန်သက်တဆုံး နှလုံးသွင်းထားကြပေတော့၊ ကဲ . . အပြင်ပြန်ထွက်ရအောင်"

ဟုပြောပြီး ရှေ့မှ ကြွလေရာ နီမောင်တို့လည်း နောက် မှ လိုက်သွားကြလေသည်။

အပြန်မှာတော့ ဂူထဲဝင်လာစဉ်က တွေ့ခဲ့ရသော တ ရားအားထုတ်နေကြသည့် ဝိဇ္ဇာများ၊ သူတော်စင်တို့ကို တစ်စုံ တစ်ယောက်မှ မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၅]

# တောင်ဟုန်ပြင်းလျက် ဆေးဂငှုန်စက်

ကင်ပွန်းစခန်းတစ်ပိုက်မှာ ထူးထူးခြားခြား လူအသွားအလာများကာ စည်ကားနေလေသည်။

ရွာခံများအပြင် အခြားရွာများမှ လူများပါရောက်နေကြလေသည်။ ၎င်းတို့သည် ကင်ပွန်းစခန်းတောင်ခြေမှာ ကျင်းပတော့မည့် မင်္ဂလာပွဲကို လာရောက်အကူအညီပေးနေကြသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲကျင်းပမည့် နေအိမ်မှာ ကင်ပွန်းစခန်းမှာ ဈေးဆိုင်ဖွင့်ပြီး ရောင်းချနေသော ဦးရွှေမောင် ဒေါ်မြတို့နေအိမ်၌ ဖြစ်လေသည်။

မင်္ဂလာဆောင်မည့် သတို့သားမှာ ကဝေမြောင်ရွာမှ ဆရာကျော်ဟု လူသိများသော မောင်ကျော်ဆိုသူဖြစ်ပြီး သတို့သမီးကတော့ မြနှင်းဖြူပြင်ဖြစ်သည်။

ဦးရွှေမောင်တို့မှာ သမီးဖြစ်သူနှင့် လက်ထပ်ပေးမည့် မောင်ကျော်ဆိုသူအကြောင်းကို ခြေခြေမြစ်မြစ် သိကြရသည်တော့ မဟုတ်ပေ။

မြွေဆိပ်နိုင်လှပြီး လွယ်အိတ်တစ်လုံးဖြင့် ဆေးကုနေသော ဆေးဆရာတစ်ယောက်အနေဖြင့်သာ သိကြလေသည်။

မောင်ကျော်ပြောသော ကဝေမြောင်ရွာသို့ပင် တစ်ခေါက်မှ မရောက်ဖူးကြသေးပေ။

သို့ကြောင့် သမက်လောင်းဖြစ်သော မောင်ကျော်၏ မိဘများလည်း မမြင်ဖူးသေး။

၎င်း၏ ဆွေမျိုးသားချင်းများ အကြောင်းကိုလည်း ဘာမှ မသိကြသေးပေ။

မင်္ဂလာဆောင်တော့မည့် မောင်ကျော်ကိုသာ တွေ့ဖူးမြင်ဖူးပြီး ကျန်လူများအကြောင်းတော့ မသိကြရပေ။

သို့သော်လည်း မောင်ကျော်တင်တောင်းမည်ဆိုသော သစ်သီးခြံများနှင့် ရွှေငွေလက်ဝတ်ရတနာများကို စိတ်ဝင်စားနေကြသောကြောင့် ကျန်တာများကို စိတ်မဝင်စားပဲ ရှိကြလေသည်။





မင်္ဂလာဆောင်မည့်ရက်ကို လာရောက်ရွေးပြီး လူကြီးချင်းပြောကြသော အချိန်တုန်းကတော့ မောင်ကျော်နောက်မှ လူလေးငါးယောက် ပါလာသည်။

ထိုအထဲတွင် မောင်ကျော်၏ အဖေနှင့်အမေတို့လည်း ပါလာကြသည်။

မိဘများ ပါလာသော်လည်း ၎င်းကထွေထွေထူးထူးဘာမှမပြောပဲ ထိုင်ရုံသာထိုင်နေကြသည်။

မင်္ဂလာပွဲနှင့် ပတ်သက်သောကိစ္စများကိုတော့ မောင်ကျော်တစ်ယောက်တည်းက ဒိုင်ခံပြောလေသည်။

ထို့နောက် မင်္ဂလာပွဲကျင်းပရန် စရိတ်အတွက် ရွှေဒင်္ဂါးပြားထုတ်ပေးသဖြင့် ဦးရွှေမောင်တို့မှာ ချမ်းသာသောသားမက်တစ်ယောက်ကို ရတော့မည်မို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

မင်္ဂလာပွဲရက်ကိုတော့ နောက်သုံးရက်ကြာသောနေ့မှာ ကျင်းပရန် ပြောဆိုသတ်မှတ်ကြသည်။

"မင်္ဂလာပွဲနီးတော့ ဒီမှာဝိုင်းကူလုပ်ပေးဖို့ ရွာကလူအချို့ လွှတ်ပေးပါ့မယ်"

"ရပါတယ်ကွယ် ဒီအရပ်က ကျုပ်တို့တစ်သက်လုံးနေလာခဲ့တဲ့အရပ်ဆိုတော့ အကြောင်းကိစ္စရှိရင် အကူအညီပေးမယ့်လူတွေများပါတယ်"

ဒေါ်မြက ဝင်ပြောလိုက်သည်။

ထို့နောက်မှာတော့ မောင်ကျော်တို့ ပြန်သွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြနှင်းဖြူကတော့ သံပတ်ပေးထားသော စက်ရုပ်ကဲ့သို့ ပြုံးရယ်ခြင်း လုံးဝမရှိပဲ ဧည့်သည်များအတွက် လိုအပ်ရာရှိသည်များကိုသာ လုပ်ပေးလေသည်။

ဧည့်သည်များ ပြန်သွားတော့မှ ဒေါ်မြက အပြစ်တင်သောအသံမျိုးဖြင့် ပြောသည်။

"တခြားရွာက ဧည့်သည်တွေရောက်လာတဲ့အချိန်မှာ ညည်းမျက်နှာက ဘယ်လိုဖြစ်နေရတာလဲ၊ ဒီလိုလူမျိုးရတာကို များ မနှစ်မသက် ဖြစ်နေရသေးတယ်"

မြနှင်းဖြူကတော့ ဘာမှပြန်မပြောပဲ တစ်နေရာသို့ ထသွားလေသည်။

မင်္ဂလာဆောင်ရန် နှစ်ရက်ခန့်လိုသောအခါက မောင်ကျော်က ဝိုင်းကူလုပ်ရန် လူအချို့ ခေါ်လာသည်။

၎င်းတို့ရောက်လာပြီးတော့ ရွာခံအချို့နှင့်အတူ လိုအပ်ရာရှိသည်များ လုပ်ပေးကြလေသည်။

မြနှင်းဖြူတို့အိမ်ရှေ့တွင် မဏ္ဍပ်ကြီးတစ်ဆောင်ထိုးခြင်း ထမင်းဟင်းချက်ရန် ဖိုခပ်၊ ထင်းခွဲစသောအလုပ်များ လုပ်ပေးကြသည်။

မိန်းကလေးများက ငရုတ်သီး၊ ကြက်သွန်ထွင်သင်ခြင်းများ ပြုလုပ်ပေးကြသည်။

ဦးရွှေမောင်ကလည်း ရပ်ဝေးရပ်နီးမှ အသိမိတ်ဆွေများကို ဖိတ်ကြားထားလေသည်။





မင်္ဂလာဆောင်ရန် ရက်နီးသောရက်တွင် မောင်ကျော်မှာ အခြားသို့ပင်မသွားတော့ပဲ ထိုအိမ်မှာပင်နေပြီး သူနှင့်ပါလာသောလူများကို သူကိုယ်တိုင်ပင် လိုအပ်သော အလုပ်များကို ခိုင်းစေနေသည်။

မင်္ဂလာဆောင်ကို အကူအညီပေးရန် ရောက်နေကြသော ရွာခံများကျတော့ သတို့သားမောင်ကျော်၏ အမူအယာ ကရှင်မြူးတက်ကြွနေသလောက် သတို့သမီးမြနှင်းဖြူ၏ ငိုမဲ့မဲ့ဖြစ်နေသော မျက်နှာကိုမြင်ရသောအခါ အချို့ကလည်း အံ့ဩနေကြသည်။

အချို့ကလည်း နီမောင်နှင့် ချစ်သူဖြစ်နေပြီးမှ ခွဲခွာရသော အဖြစ်အပျက်ကို သိတန်သရွေ့ သိထားကြသဖြင့် စိတ်မကောင်း ဖြစ်နေကြသည်။

ထို့ကြောင့် ငရုတ်သီးထောင်းရင်း၊ ကြက်သွန်ခွာရင်းနှင့် အချင်းချင်း တီးတိုးပြောဆိုနေကြလေသည်။

"ဟဲ့ . . သတို့သမီးလောင်း မြနှင်းဖြူကြည့်ရတာ ငိုမဲ့မဲ့ မျက်နှာနဲ့ ဘယ်လိုဖြစ်နေတာလဲ မသိဘူးနော်"

"ရင်မြကလည်း သူကနီမောင်နဲ့ ဖြစ်နေကြတာလေ ဒီလူက မိဘတွေအတင်းပေးစားလို့ ယူရတာဆိုတော့ . . ဘယ်ကြည်သာပါ့မလဲ"

"ဒီလူကချမ်းသာပုံရတယ်၊ နောက်ပြီး ဆေးဆရာတစ်ယောက်ဆိုတော့ အားကိုးရတာပေါ့၊ နီမောင်က ဘာမှရှိတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်က ဘာမှမရှိပေမယ့် ငယ်ငယ်ကတည်းက အတူတူနေလာတာဆိုတော့ သံယောဇဉ်ရှိကြမှာပေါ့။ ဒီလူက ငွေကြေးပြည့်စုံတယ်ဆိုပေမယ့် သူ့အကြောင်းလည်း သိရတာ မဟုတ်ပဲနဲ့"

"ဒါပေမယ့် နောက်တော့ အဆင်ပြေသွားမှာပါ။ သားသမီးတွေရလာရင် ဒီအကြောင်းတွေ မေ့သွားမှာပါ"

ဟု ပြောဆိုနေကြလေသည်။

အချိန်က ညဉ့်ဦးပိုင်းအချိန်ရောက်လာချေပြီ။

မဏ္ဍပ်ထဲမှာ အောက်လင်းဓာတ်မီးများ ထွန်းပေးထားသောကြောင့် လင်းထိန်နေသည်။

မဏ္ဍပ်ထဲမှာတော့ ကြက်သွန်ခွာသူ ငရုတ်သီးထောင်းသူ ငါးခြောက်အရိုးသင်သူက သင်ရင်း စကားပြောနေကြသည်။

အိမ်ပေါ်မှာတော့ ရပ်ရွာထဲမှ လူကြီးအချို့နှင့် မောင်ကျော်နှင့်ပါလာသော လူကြီးများ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြသည်။

ဦးရွှေမောင်နှင့် ဒေါ်မြတို့လည်း ရှိကြသည်။

သတို့သား မောင်ကျော်ကတော့ မြနှင်းဖြူနားမှာထိုင်ကာ စကားပြောနေသည်။

ထိုအခိုက်မှာပင် အနောက်တောင်ဘက်ဆီမှ လေပြင်းတိုက်ခတ်သံလို အသံမျိုးကြီးပေါ်ထွက်လာသည်။

"ဝေါ. . ဝေါ. . ဝေါ"

ထိုအသံကြားသဖြင့် စကားပြောနေသူများ ရပ်သွားပြီး





နားစွင့်နေကြသည်။

"ဝေါ. . ဝေါ. . ဝေါ"

"အချိန်အခါမဟုတ် လေပြင်းတွေ တိုက်နေတာလား"

"ဒီအသံက လေတိုက်သံမဟုတ်ဘူးထင်တယ်"

ထိုသို့ပြောနေစဉ် ကြားနေရသောအသံက ပိုနီးလာသည်။

"ဝေါ. . ဝေါ. . ဝေါ"

အသံက သူတို့ရှိရာဘက်သို့ ဦးတည်ပြီးလာနေသော အသံမျိုးဖြစ်သည်။

နားထောင်နေရင်းမှာပင် အသံကသူတို့ရှိနေသော အပေါ်သို့ ရောက်လာသည်။

"ဝေါ. . ဝေါ. . ဝေါ"

ထိုအသံနှင့် တစ်ဆက်တည်း လေပြင်းတိုက်ခတ်သကဲ့ ဖြစ်လာပြီး မဏ္ဍပ်ထဲမှာ ထွန်းပေးထားသော မီးများအားလုံး တစ်ပြိုင်နက်တည်း ငြိမ်းသွားသည်။

မဏ္ဍပ်အပေါ်မှာ မိုးထားသော ထန်းလက်အမိုးများ လွင့်စင်ထွက်ကုန်ကြလေသည်။

မိန်းကလေးများ၏ ဆူဆူညံညံအသံများလည်း ပေါ်ထွက်လာသည်။

ထိုအချိန်မှာ အပြင်မှာရှိနေသော လူတစ်ယောက်က အလန့်တကြား အော်ပြောလိုက်သည်။

"ဟာ . . ကောင်းကင်မှာ ငှက်ကြီးတစ်ကောင်ဗျို့ နည်း



www.burmeseclassic.com

www.burmeseclassic.com



တာကြီးမဟုတ်ဘူး၊ လာကြည့်ကြပါဦး”

ထိုအသံကြားသောကြောင့် အပြင်သို့ထွက်ကြည့်ကြရာ သစ်ပင်များအပေါ်မှ အတောင်ပံနှစ်ခုကို တဝုန်းဝုန်းဖြင့် ခတ်နေသော ငှက်ကြီးတစ်ကောင်ကို အားလုံးမြင်ကြရသည်။

“ဘာငှက်ကြီးလဲဟ. . ကြီးလှချည်လား”

“တခြားလည်းမသွားပဲ ဒီနေရာမှာပဲဝဲနေပါလား”

ထိုသို့ ငှက်ကြီးဝဲနေစဉ် မဏ္ဍပ်ထဲမှ အော်သံဟစ်သံများပေါ်ထွက်လာပြီးနောက်တော့ အသံအချို့ပျောက်သွားလေတော့သည်။

အတန်ကြာတော့ ငှက်ကြီးလည်း မြောက်ဘက်သို့ ပျံထွက်သွားလေတော့သည်။

ထိုအခါမှ လေပြင်းတိုက်ခတ်မှုများလည်း ပြန်ငြိမ်သွားလေသည်။

လေငြိမ်သွားတော့ မီးပြန်ထွန်းကြသည်။

ထိုအခါ မဏ္ဍပ်ထဲမှာရော အိမ်ပေါ်မှာပါ သတို့သားမောင်ကျော်နှင့် ၎င်းခေါ်လာသောလူများကို တစ်ယောက်မှမတွေ့ရတော့ပေ။

ဆူဆူညံညံအသံများကြောင့် ထိုနေရာသို့ ရွာထဲမှ လူအချို့ရောက်လာကြသည်။

ထိုအထဲတွင် ဦးဗန်ကောင်းလည်း ပါလာသည်။

ဦးဗန်ကောင်က အခြေအနေမေးသဖြင့် ဦးရွှေမောင်က ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သည်။





“ဧည့်သည်တွေလည်း တစ်ယောက်မှ မတွေ့တော့ဘူး၊ ပြေးကုန်ကြပြီ ထင်ပါရဲ့ဗျာ”

“ပြေးမှာပေါ့ဗျ. . ၊ ဂဠုန်ရောက်လာမှတော့ နဂါးတွေထွက်ပြေးတာ ဘာဆန်းသလဲ”

ဦးဗန်ကောင်း စကားကိုကြားသောအခါ အားလုံးအံ့သြသွားကြလေသည်။

“ဘယ်လို နဂါးတွေလဲဗျ”

“ခင်ဗျားသမီးနဲ့ မင်္ဂလာဆောင်မယ့် သတို့သားက လူအစစ်မှမဟုတ်တာ၊ ကြီးကန်းပါးစပ်ဂူထဲက နဂါးတွေက လူယောင်ဆောင်ပြီး လာနေကြတာ၊ နဂါးရှိမှန်းသိတော့ ဂဠုန်ကရောက်လာတယ်၊ ဂဠုန်လည်းရောက်လာရော ဇာတိရုပ်ပေါ်ပြီး အားလုံးထွက်ပြေးကြရရော မဟုတ်လား”

“ဟုတ်. . ဟုတ်ရဲ့လား. . ဗျာ”

“ခင်ဗျားက ကျုပ်ပြောတာ ခုထိမယုံသေးပဲကိုး၊ ခင်ဗျားသမီး အတော်ကံကောင်းတယ် မင်္ဂလာဆောင်ပြီး သူတို့နောက်ပါသွားရင် အသက်ရှင်ဖို့လမ်း မရှိတော့ဘူး”

ဦးဗန်ကောင်းစကားကြားတော့ ဦးရွှေမောင်နှင့် ဒေါ်မြတို့မှာ ယုံရအခက်၊ မယုံရအခက်ဖြစ်နေသော်လည်း မြနှင်းဖြူတော့ သိတန်သလောက်သိပြီး ဖြစ်သောကြောင့် ဝမ်းသာနေလေသည်။

ထိုအချိန်တွင် ကျိုက်ထီးရိုးတောင်ပေါ် တစ်နေရာမှာတော့ ကြီးမားသော မြွေနဂါးတစ်ကောင်က အသက်ဘေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကြောက်လန့်တကြားပြေးလွှားနေရာ ကောင်းကင်ပေါ်မှ ဂဠုန်ငှက်တစ်ကောင်က ပျံလိုက်လာပြီး ထိုးသုတ်လေသည်။

မြွေနဂါးကြီးမှာ ဂဠုန်ငှက်ခြေသည်းကြားမှာ ပါသွားသော်လည်း ဂဠုန်ငှက်ကမစားပဲ အတော်မြင့်မြင့်ရောက်တော့မှ ပြန်လွှတ်ချလိုက်လေသည်။

မြေပေါ်ရှိ ကျောက်တုံးကျောက်ဆောင်များပေါ်သို့ . . ပြုတ်ကျလေရာ မရှုမလှခံရလေသည်။

သို့သော်လည်း ဂဠုန်ရန်ကြောက်သဖြင့် ကြာကြာမနေဝံ့ပဲ ဆက်ပြေးရပြန်လေသည်။

ထိုသို့ပြေးနေစဉ် ဂဠုန်ငှက်က ရောက်လာပြီး သုတ်ချီသွားပြန်သည်။

အတော်မြင့်မြင့်ရောက်မှ လွှတ်ချလိုက်ပြန်သည်။

နှစ်ကြိမ်သုံးကြိမ်လောက် ပြုလုပ်သောအခါ တစ်ကိုယ်လုံးဒဏ်ရာ ဒဏ်ချက်များရကာ မလှုပ်နိုင်တော့ပေ။

နောက်ဆုံးမှာတော့ ဂူပေါက်တစ်ခုထဲသို့ ဝင်ပြေးတော့မှ ဂဠုန်ငှက်ရန်မှ လွတ်သွားလေတော့သည်။

ဂဠုန်ငှက်လည်း လာလမ်းအတိုင်း နောက်ကြောင်းသို့ပြန်လှည့်သွားလေတော့သည်။

အချိန်က ညဦးပိုင်းအချိန် ကျော်ခဲ့လေပြီ။

ထိုအချိန်တွင် နဂါးဝင်သွားသော ဂူထဲမှာတော့ နဂါးပျံဆရာကျော်ဆိုသူမှာ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်ပေါင်းများစွာဖြင့် လဲနေလေသည်။





ဒဏ်ရာဒဏ်ချက်တို့က ပြင်းထန်သောကြောင့် မလှုပ်နိုင်တော့ပေ၊ သူသည် ဂဠုန်ရန်ကို ကြောက်သဖြင့် မူလနေရာသို့ပြန်ရောက်အောင် မပြေးနိုင်တော့သဖြင့် နီးစပ်ရာ ဂူတစ်ဂူထဲသို့ ဝင်နေရပေရာ ကယ်မည့်သူမရှိပဲ ဖြစ်နေသည်။

ဒဏ်ရာဒဏ်ချက်များကြောင့် ညည်းညူနေလေသည်။

ထိုအချိန်တွင် ဂူအတွင်းသို့ လူတစ်ယောက်ဝင်လာလေသည်။ သူဇာဆိုသော အမျိုးသမီးပင် ဖြစ်သည်။

ထိုအမျိုးသမီးက နဂါးပျံဆရာကျော်ဆိုသူအနီးမှာ ရပ်ကြည့်နေရင်းမှ ပြောလိုက်သည်။

"အခုတော့ ငါပြောတဲ့အတိုင်း နင်ဒုက္ခရောက်နေပြီး မဟုတ်လား ဒီပက"

"ဟုတ်. . ဟုတ်ပါတယ်"

"လူတွေဆိုတာ ငါတို့လို ကမ္ဘဇိဒ္ဓိမရှိပေမယ့် သူတို့မှာ ဘုန်းကံရှိတယ်၊ နောက်တစ်ခု သိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ နီးစပ်မှုရှိတယ်၊ ဒါကြောင့် လူတစ်ယောက်ကို ဒုက္ခပေးမိရင် ကိုယ်ကို ဒုက္ခပြန်ပေးမယ့်သူတွေ အများကြီးရှိတယ်၊ ဒါကြောင့် လူတွေကို ဒုက္ခမပေးပါနဲ့၊ လူတွေနဲ့ ဝေးဝေးမှာပဲ နေပါလို့ ငါနင့်ကို ပြောခဲ့တာပေါ့"

"ဟုတ်ပါတယ် အခုတော့ ငါဒုက္ခနဲ့တွေ့ပြီး၊ သေရပါတော့မယ် ငါ့အသက်ကို ကယ်ပေးပါဦး"

"နင့်ကိုငါ ကယ်ပေးမယ် ငါ့ကိုကတိပေးမလား"

"ဘယ်လို ကတိမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကို လူတွေကိုအနှောင့်အယှက်မပေးတော့ပဲ ဝေးဝေးနေဖို့နဲ့ နင်ငါနဲ့ တစ်သက်လုံး အတူတူနေပ့ါမယ် ဆိုတဲ့ ကတိပဲ"

တကယ်တော့ သူဇာဆိုသော အမျိုးသမီးမှာ နဂါးပျံဆရာကျော်ဆိုသူတို့နှင့် မျိုးနွယ်တူဖြစ်သည်။

ထို့ပြင် နဂါးပျံဆရာကျော် အမည်ခံထားသော ဒီပက ကိုလည်း နှစ်သက်နေသူဖြစ်သည်။

ဒီပက,က သူမကိုမနှစ်သက်ပဲ မြနှင်းဖြူဆိုသော အမျိုးသမီးကို ရယူရန်ကြိုးစားနေသောကြောင့် စိတ်ထဲမှ မကျေမနပ်ဖြစ်ကာ သူ့ကို ဒုက္ခရောက်စေမည့် နည်းလမ်းအား နီမောင်တို့အား ဥပါယ်တံမျဉ်ဖြင့် ပြောပြခဲ့ခြင်း ဖြစ်ပေတော့သည်။

ယခုတော့ သူမမျှော်လင့်ခဲ့သည့်အတိုင်း ဒီပကတစ်ယောက် မြနှင်းဖြူကို လက်မထပ်နိုင်တော့ပဲ အသက်အန္တရာယ်နှင့်ပင် ကြုံတွေ့နေရပြီဖြစ်၏။

"ဘယ်လိုလဲ ဒီပက ငါပြောတဲ့ကတိပေးမှာလား၊ ပေးမယ်ဆိုရင် နင်အသက်ရှင်အောင် ငါအကူအညီပေးမယ်"

"ပေးပ့ါမယ် သူဇာရယ် ငါမှားခဲ့ပါပြီ၊ ကိုယ်နဲ့ဘဝချင်းမတူတဲ့လူတွေကို ယူဖို့ကြိုးစားမိတာကိုက ငါမှားခဲ့ပါတယ်. . နောက်တော့ လူတွေနဲ့ ဝေးဝေးမှာရှောင်ပြီး နင်နဲ့အတူတူနေပ့ါမယ်လို့ ငါကတိပေးပ့ါမယ်"

ဟု ကတိပေးလိုက်လေသည်။

"ကောင်းပြီ ဒီမှာပဲနေခဲ့ပါ၊ ငါနင့်ကိုအကူအညီပေးဖို့





အပြင်ခဏသွားလိုက်ဦးမယ်"

ဟု ပြောဆိုကာ အပြင်ပြန်ထွက်သွားလေသည်။

သူမသည် နဂါးအမြုတေ ကျောက်ရထားသော နီမောင်ရှိရာသို့ သွားလေသည်။

နီမောင်က သူမကိုမြင်သောအခါ ပြောသည်။

"ခင်ဗျား အကူအညီပေးခဲ့လို့ ဒီမှာတော့ အန္တရာယ်တွေတ ကင်းသွားပါပြီ ဒီအတွက်ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

"ကျွန်မပြောတဲ့ နဂါးအမြုတေကျောက်ကို ရလာခဲ့သလား"

"ရခဲ့ပါတယ်. . ဒါ့အပြင် ဆေးဂဠုန်ပါ ရလာခဲ့တယ်"

ဆေးဂဠုန်ဟု အသံကြားလိုက်သည်နှင့် ကြောက်ရွံ့ထိတ်လန့်သော အမူအယာမျိုး ဖြစ်သွားလေသည်။

"မကြောက်ပါနဲ့ ခင်ဗျားဘာလဲဆိုတာလည်း ကျွန်တော်ရိပ်မိပါပြီ၊ ဆေးဂဠုန်ကလည်း ဒီမှာမရှိပါဘူး တကယ်လို့ ရှိနေခဲ့င်တောင် ခင်ဗျားကို ဒုက္ခမပေးပါဘူး၊ လူဖြစ်စေ တိရစ္ဆာန်ပဲဖြစ်စေ ကိုယ့်ကိုအကူအညီပေးဖူးတဲ့သူဆိုရင် ကျေးဇူးရှိပါတယ်၊ တစ်စုံတစ်ယောက်က ကိုယ့်အပေါ်မှာ ကျေးဇူးရှိနေရင် ကျေးဇူးဆပ် နိုင်ရင်တောင်မှ ကျေးဇူးမကန်းမိဖို့တော့ စောင့်ထိမ်းကြပါတယ်"

"ရှင်က သဘောထားဖြူစင်ရိုးသားတဲ့သူတစ်ယောက်ဆိုတာ မြင်စကတည်းက ကျွန်မသိပါတယ်၊ ဒါကြောင့်တစ်နိုင်သမျှ အကူအညီပေးခဲ့တာပါ အခုတော့ ကျမကို တစ်လှည့်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အကူအညီပေးပါဦး”

သူဇာက နီမောင်အေားဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေတော့သည်။

“သူ့ဘာပဲဖြစ်ဖြစ်၊ သူကူပေးခဲ့လို့ ကျွန်တော့်ဖခင် အသက်ဘေးကချမ်းသာခွင့်ရခဲ့တဲ့ ကျေးဇူးရှိပါတယ်၊ သူ့အသက်ဘေးနဲ့တွေ့နေရတဲ့ အချိန်မှာ ကျွန်တော်အကူအညီ ပြန်ပေးပါ့မယ်”

ဟု ပြောပြီး နဂါးအမြှုတေကျောက်ကိုပါ တစ်ပါတည်း ယူဆောင်ကာ သူဇာနှင့် လိုက်သွားလေတော့သည်။

ဒီပကရှိသောကျောက်ဂူသို့ ရောက်သောအခါ အမြှုတေကျောက်ကို ရေဖြင့်စိမ်လိုက်ရာ သွေးရောင်ကဲ့သို့ နီရဲသွားလေတော့သည်။

ထိုဆေးရည်ကို ဒီပကကို တိုက်ရာအတန်အသင့် သက်သာသွားလေသည်။

ထို့နောက် တစ်ကိုယ်လုံးမှာ ရထားသော ဒဏ်ရာဒဏ်ချက်များကိုလည်း ထိုဆေးရည်ဖြင့် လောင်းချပေးရာ ကြည့်နေရင်းမှာပင် ချက်ချင်းပျောက်ကင်းသွားလေတော့သည်။

ထိုအခါမှ ဒီပက,က တောင်းပန်စကားဆိုလေသည်။

“ကျွန်တော်ကို ခွင့်လွှတ်ပေးပါဗျာ ကျွန်တော့်အသက်ကို ကယ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဒီအတွက် ကျေးဇူးဆပ်ပါ့မယ်”

ဟုပြောဆိုပြီး ၎င်းအိတ်ထဲမှာ ထည့်ထားသော နတ်





ဆေးသစ်ရွက်ကို ထုတ်ကာ နီမောင်အားပေးသည်။

“ဒီသစ်ရွက်က နတ်ဆေးသစ်ရွက်လို့ခေါ်ပါတယ်၊ အဆိပ်ရှိတဲ့ သတ္တဝါတွေရဲ့ အဆိပ်အားလုံးနိုင်ပါတယ်၊ နဂါးဆိပ်တက်နေရင်တောင် နတ်ဆေးသစ်ရွက်နဲ့ ထိတာနဲ့ အဆိပ်ပြယ်ပြီးကျပါတယ်၊ ဒီသစ်ရွက်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ခင်ဗျားကို ပေးခဲ့ပါ့မယ်”

နီမောင်က လှမ်းယူလိုက်လေသည်။

အပြင်ဘက်မှာ အလင်းရောင်များ တက်လာချေပြီ။

ဒီပကနှင့် သူဇာတို့နှစ်ယောက်လည်း နီမောင်အား နှုတ်ဆက်ပြီး ကျိုးကန်းပါးစပ်ဂူရှိရာဘက်သို့ ဦးတည်ကာတရွေ့ရွေ့ ထွက်သွားကြလေတော့သည်။

အခုတော့လည်း အေးချမ်းသာယာသော နံနက်ခင်းအသွင်မှာ ပြည့်ဝစွာဖြင့် ရှိနေချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၆]

# သတို့သားပြောင်းလိုက်ရသော မင်္ဂလာပွဲ

နဂါးများရန်မှ ကင်းဝေးသွားသောကြောင့် လူအတော်များများကတော့ ဝမ်းသာကျေနပ်နေကြလေသည်။

ထိုအကြောင်းကိုလည်း ပြောမဆုံးနိုင်အောင် ရှိနေကြသည်။

"ညက ထူးထူးခြားခြား ဂဠုန်ငှက်ကြီး ရောက်လာတာတော့ အတော်ကလေးဆန်းကြတယ်၊ ဘယ်နေရာကနေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာလည်း မသိဘူးနော်"

"ဘယ်သိပ့်ါမလဲ နဂါးတွေတောင်ရှိနေမှတော့ ဂဠုန်လည်းရှိနေတာ ဘာဆန်းတော့မလဲ"

"ဒါက အရေးမကြီးဘူး၊ မနက်ဖြန်ဆိုရင် မင်္ဂလာဆောင်တော့မယ်၊ ရပ်ဝေးကဧည့်သည်တွေလည်း ဖိတ်ထားပြီးပြီ၊ သတို့သားက ထွက်ပြေးသွားပြီဆိုတော့ ဘယ်လိုလုပ်ကြမလဲ"

ထိုအကြောင်းကို တီးတိုးပြောဆိုနေကြလေသည်။ အများက ထိုအကြောင်းကို ပြောဆိုနေကြသလို ကာယကံရှင်ဖြစ်သော ဦးရွှေမောင်နှင့် ဒေါ်မြတို့မှာလည်း အကျပ်ရိုက်နေကြသည်။

မနက်ဖြန်မင်္ဂလာပွဲတွင် ကျွေးမွေးရန် ထမင်းဟင်းများကလည်း ချက်ပြုတ်ပြီးသလောက်ရှိနေပြီ။

ထိုအခြေအနေကြောင့် စိတ်ထဲမှ ကျိတ်ပြီးပျော်ရွှင်နေသူတစ်ဦးတော့ရှိသည်။

သတို့သမီးလောင်း မြနှင်းဖြူပင် ဖြစ်တော့သည်။

သူမအနေဖြင့်တော့ ပျောက်ဆုံးသွားသော မျှော်လင့်ချက်တစ်ခုကို မမျှော်လင့်ပဲ ပြန်ရလိုက်သကဲ့သို့ အကျေနပ်ကြီးကျေနပ်နေလေသည်။

နေ့လယ်ပိုင်းအချိန်ရောက်သောအခါ ဦးရွှေမောင်တို့နေအိမ်သို့ ရပ်ရွာထဲမှ လူကြီးအချို့ရောက်လာကြသည်။

ဦးဇန်ကောင်းနှင့် နီမောင့်ဖခင် ဦးဘရှိန်လည်းပါလာလေသည်။ ဦးရွှေမောင်က နေရာထိုင်ခင်းပေးရင်း မေးသည်။





"ဘာကိစ္စများ ရှိကြလို့ပါလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကလေးတွေကိစ္စပြောချင်လို့ပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ နီမောင်နဲ့မြနှင်းဖြူတို့က လူငယ်ချင်းနှစ်သက်မှု ရှိနေကြပါတယ်"

"ကျုပ်လည်း သိတန်သလောက်သိပါတယ်"

"ဒီတော့ အခုအခြေအနေမှာ ဦးရွှေမောင်တို့လည်း အရှက်မရအောင် နီမောင်ကိုပဲ သတို့သားအနေနဲ့ လက်ခံပေးဖို့လာပြီး ခွင့်တောင်းတာပါ"

ဦးဇန်ကောင်းစကားကြားတော့ ဦးရွှေမောင်တို့လင်မယားနှစ်ယောက်စလုံး မသိမသာ သက်ပြင်းချလိုက်ကြလေသည်။

"အေးဗျာ ကျုပ်တို့လည်း မှားခဲ့တာတွေရှိပါတယ်၊ အခုလိုလာပြောတာ ကျေးဇူးတင်ပါတယ်၊ အခုအခြေအနေမှာတော့ သူတို့ရဲ့ချစ်ခြင်းကိုလည်း မခွဲချင်တော့ပါဘူး၊ သူတို့ရဲ့ ဖူးစာကလို့ပဲ ဆိုရတော့မှာပါပဲ ကျုပ်တို့ဘက်က မငြင်းပါဘူး၊ လက်ခံပေးပါမယ်၊ ဝတ္တရားရှိတဲ့အတိုင်းသာ ဆောင်ရွက်ကြပါတော့"

ဟု ခွင့်ပေးလေသည်။

ထိုအခါ ဦးဇန်ကောင်းက မင်္ဂလာပွဲအတွက် အသုံးပြုရန် ရွှေဒင်္ဂါးငါးပြားထုတ်ပေးလိုက်လေသည်။

နောက်တစ်နေ့ မနက်ပိုင်းမှာတော့ မူလစီစဉ်ထားသည့်အတိုင်း မင်္ဂလာပွဲ ကျင်းပနိုင်လေသည်။

မမျှော်လင့်ပဲ သတို့သားပြောင်းသွားသဖြင့် အချို့က



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြဖြစ်နေကြသော်လည်း အချို့ကတော့ သိတန်သလောက် သိကြသဖြင့် မအံ့သြတော့ပေ။

သတို့သားနေရာမှာ နီမောင်ဖြစ်လာသဖြင့် အပျော်ရွှင်ဆုံးဖြစ်နေသူကတော့ မြနှင်းဖြူပင် ဖြစ်တော့သည်၊

"ဟဲ့. . သတို့သမီး မြနှင်းဖြူကိုလည်း ကြည့်ကြပါဦး ဟိုတစ်နေ့ကတော့ မှိုင်တွေချနေပြီး၊ အခုတော့လည်း မျက်နှာက ပြုံးရွှင်နေတာပါပဲလား"

"ပြုံးရွှင်မှာပေါ့ သူချစ်သူနဲ့ မင်္ဂလာဆောင်ရတာကိုး ညည်းတို့က ကြားထဲကဘာမှ မနာလိုဖြစ်မနေကြနဲ့"

"မဖြစ်ပါဘူးအေ သူကြည့်ပြီး ငါတို့ပါ စိတ်ထဲကပျော်လာလို့ပြောတာပါ"

ဤသို့ဖြင့် မမျှော်လင့်ပဲသတို့သားတစ်ယောက် ပြောင်းပြီးကျင်းပလိုက်ရသော မင်္ဂလာပွဲကြီးကတော့ ပျော်ရွှင်စွာဖြင့် ပြီးစီးအောင်မြင်သွားခဲ့လေသည်။

မိဘများလည်းယခုမှပင် စိတ်အေးကြရတော့သည်။

"နီမောင် ငါတို့နှစ်ယောက်အခုလို မမျှော်လင့်ပဲ ပြန်ပြီးဆုံးစည်းခွင့်ရတာ နင်ဝမ်းမသာဘူးလားဟင်"

"ဘယ်လိုမေးလိုက်တာလဲ မြလေးရယ် ပျောက်သွားတဲ့ ကိုယ်မြတ်နိုးတဲ့ပစ္စည်းတစ်ခုကို မမျှော်လင့်ပဲ ပြန်ရလိုက်လို့ ဝမ်းသာပျော်ရွှင်ရတာထက် အများကြီးပိုပျော်တာပေါ့"

"ငါတော့ ဒီတစ်သက် နင်နဲ့လွဲပြီလို့ တွေးထားတာ အခုမှပဲ စိတ်အေးရတော့တယ်၊ ငါတို့နှစ်ယောက်ရဲ့ ဖူးစာကသိပ်





ပြီး ဆန်းကြယ်တာပဲနော်"

"နတ်ရေးတဲ့ဖူးစာလို့ ပြောမယ်ဆိုရင်တောင် ပြောလို့ရတယ်၊ ဒါပေမယ့် ငါတို့နှစ်ယောက်ရဲ့ရင်ထဲက စစ်မှန်တဲ့မေတ္တာတရားကြောင့် အခုလို လက်တွဲခွင့်ရတယ်ဆိုရင်လည်း မမှားပါဘူး"

"ချစ်ခြင်းမေတ္တာဆိုတာ သိပ်ပြီးဆန်းကြယ်တာပဲနော်၊ သူက ချစ်သူတွေအတွက်ကတော့ အရှင်သခင်ပဲ၊ သူ့အပေါ်မှာ တန်ဖိုးထားတဲ့သူတွေအပေါ်မှာလည်း သူကလည်း ဝတ္တရားမပျက်ရအောင် စောင့်ရှောက်ပေးနေသလိုပဲ၊ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ ငါ့ဘဝမှာ မျှော်လင့်ချက်ထားခဲ့တာ များများမရှိပါဘူး၊ ရယူလိုမှုနည်းပါးတဲ့ မျှော်လင့်ချက်တွေထဲမှာ နင်နဲ့အတူ လက်တွဲခွင့်ရဖို့လည်း တစ်ခုအပါအဝင်ပါပဲ၊ အခုတော့ ငါ့ရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝခဲ့ရပါပြီ၊ ဒီအတွက်ချစ်ခြင်းမေတ္တာကို ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် ငါ့ကိုရော ကျေးဇူးမတင်တော့ဘူးလား"

"ဒါကတော့ ပြောစရာလိုသေးလို့လား"

ဟုပြောကာ တစ်ယောက်နှင့်တစ်ယောက် အပြုံးဖြင့် ကြည့်လိုက်ကြလေသည်။

ယခုတော့ သူတို့နှစ်ယောက်အတွက် အချစ်ဖြင့် ပြည့်စုံသောဘဝခရီးလမ်းကို လျှောက်ကြရပေတော့မည်။

ချစ်ခြင်းမေတ္တာသည် လိုအင်ဆန္ဒအဝဝကို ဖြည့်တင်းပေးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းမေတ္တာသည် ချိုမြသာယာခြင်းကို ဖြစ်စေသည်။

နှလုံးသားတို့၏ အရှင်သခင်ဖြစ်သော ချစ်ခြင်းမေတ္တာကြောင့် အရာအားလုံး သာယာမှုများကို ရရှိစေနိုင်ပါသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နှစ်အနည်းငယ်ကြာသောအခါ ကင်ပွန်းစခန်းတစ်ဝိုက်တွင် အဆိပ်ဟူသမျှ ကုသပေးနိုင်သော ဆရာတစ်ယောက် ပေါ်ပေါက်လာလေသည်။

တစ်ချိန်က နဂါးပျံဆရာကျော်ဆိုသူ ကုသပေးသည့်အတိုင်း နတ်ဆေးသစ်ရွက်ကိုအသုံးပြုကာ ကုသပေးသော. . . မြွေဆရာနီမောင်ပင် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နဂါးပျံမာန်စွယ်) အမည်ရှိသော ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်လည်း နဂုံးကမွတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

BURMESE CLASSIC .com

အနီယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု. . .

တြိစတ္တ

စာပြီးချိန်။ ။၂၀၁၃ခုနှစ်၊ဖေဖော်ဝါရီလ(၁၇)ရက်၊တနင်္ဂနွေနေ့၊နံနက်(၉)နာရီ

☺ အောင်မြင်စာပေ ☺



မြပုလဲခင်

www.burmeseclassic.com